# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ အင်္ဂါနေ့၊ (9-2-2016) (၈၄၇၁)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။

ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။

သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။

(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ဒီမိုကရေစီထွန်းကားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်မည်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့စတင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယကထံ လိပ်မူလျက် သဝဏ်လွှာပေးပို့ခဲ့သည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့

# နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက်အစည်းအဝေးများကို မတ်လ ၁၇ ရက်တွင် စတင်ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




(အောက်ပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့သည်ပြည်သူအများစု၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များ စုစည်းတက်ရောက်လာကြသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ ပထမနေ့ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ဆိုသည်မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာအတွင်းမှ ဥပဒေပြုရေးအာဏာကို သုံးစွဲခွင့်ရရှိထားသည့် နိုင်ငံတော်၏ အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်ပြီး ခက်မသုံးဖြာအတွင်းမှ ကျန်ရှိသည့် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း တာဝန်များကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်သည့် ဥပဒေတိုင်းသည်

**စာမျက်နှာ ၆ ကော်လံ ၁ သို့**




ကြေးမုံစာတည်းရှုထောင့် ၉-၂-၂၀၁၆၊ အင်္ဂါနေ့

# အများပြည်သူ သွားလာမှုလွယ်ကူ

ရန်ကုန်မြို့တွင် ခရီးသည်ပို့ဆောင်ရေးကဏ္ဍသစ်တစ်ခု ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ BRT စနစ်ဟုအမည်ရသော အများနှင့်သက်ဆိုင်သည့် ရန်ကုန်ဘတ်စ်ကားကုမ္ပဏီလီမိတက်ဖြစ်ပေါ်သည်။ BRT အမြန်ဘတ်စ်ကားစနစ်ကို နိုင်ငံတကာတွင်လည်း အောင်မြင်စွာကျင့်သုံးလျက်ရှိပြီး မြန်မာနိုင်ငံတွင် ယခုစတင်ပြေးဆွဲလိုက်ပြီဖြစ်၍ ရန်ကုန်မြို့ရှိ ခရီးသွားပြည်သူများအတွက် အတိုင်းအတာတစ်ခုအထိ အဆင်ပြေနိုင်မည်ဟု ယုံကြည်ပါသည်။

တရုတ်နိုင်ငံထုတ် လေအေးပေးစက်ပါသော BRT အဝါရောင်ဘတ်စ်ကားသစ် ၁၈ စီးဖြင့် ဖေဖော်ဝါရီ ၇ ရက် နံနက်က ထောက်ကြံ့-လှော်ကား လမ်းဆုံမှတ်တိုင်ဂိတ်စမှစတင်၍ သတ်မှတ်ချိန်များအလိုက် တစ်ဦးလျှင် ခရီးစဉ်တစ်ခုအတွက် ဂိတ်စ-ဂိတ်ဆုံး ငွေကျပ် ၃၀၀ နှုန်းဖြင့် ပြေးဆွဲပေးလိုက်ခြင်းဖြစ်သည်။ ခရီးသည်များအနေဖြင့် BRT Lite ငွေဖြည့်ကတ်များအား ယာဉ်ပေါ်တွင်လွယ်ကူစွာဝယ်ယူနိုင်ပြီး စတင်ပြေးဆွဲသည့်နေ့မှစတင်ကာ တစ်လကြာ အဆိုပါယာဉ်လိုင်းအဖွဲ့မှ ပညာပေးဆောင်ရွက်သွားမည်ဟု သိရသည်။ ငွေဖြည့်ကတ်များအား တစ်ကတ်လျှင် ကျပ် ၃၀၀၀ တန်၊ ကျပ် ၄၀၀၀ တန်နှင့် ကျပ် ၅၀၀၀ တန်ဟူ၍ သုံးမျိုးသုံးစား ဝယ်ယူအသုံးပြုနိုင်သည်။

ယာဉ်ပြေးဆွဲမှုကို ယာဉ်ပေါ်၌ လမ်းပြမြေပုံနှင့်ငွေဖြည့်ကတ် အသုံးပြုပုံတို့ကို ပြသထားမည်ဖြစ်ပြီး ခရီးစဉ်ဂိတ်စမှ ရန်ကုန်မြို့ ဆူးလေဘုရားအားပတ်ကာ မူလလမ်းကြောင်းအတိုင်း ပြန်သွားမည်ဖြစ်ပြီး ခရီးလမ်းကြောင်းတစ်လျှောက်တွင် မှတ်တိုင် ၂၃ ခုရှိမည်ဖြစ်သည်။ နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီခွဲအထိ ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးသည်များ တိုးတက်စီးနင်းနိုင်ရန်အတွက် ယခုလကုန်ပိုင်းတွင် တရုတ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံမှ ယာဉ်အသစ်များ ထပ်မံရောက်ရှိလာမည်ဖြစ်သည်။

အဆိုပါ ခရီးသည်ပို့ဆောင်ရေးစနစ်သစ်အတွက် နိုင်ငံတော်မှ ငွေကျပ် ၁၀ ဘီလီယံ (ရင်းနှီးမှု ၄၀ ရာခိုင်နှုန်း)၊ အများပြည်သူမှ ငွေကျပ် ၁၅ ဘီလီယံ (ရင်းနှီးမှု ၆၀ ရာခိုင်နှုန်း)၊ ပုဂ္ဂလိကမှ ကနဦး မတည်ထည့်ဝင်သူခြောက်ဦးမှ ငွေကျပ်သိန်း ၅၀၀၀ စီ၊ အများပြည်သူ ၇၄၉ ဦး မှ ငွေကျပ် ၁၇၆၀၂ သိန်းတို့ ထည့်ဝင်ဖော်ဆောင်ထားသည်။ ခရီးသည်ပို့ဆောင်ရေးစနစ်ကို ထိုသို့စနစ်တကျ အကောင်အထည်ဖော်ထားသဖြင့် ထိုစနစ်သစ် အောင်မြင်စွာ အကောင်အထည်ပေါ်လာမည်ဟု ယုံကြည်မျှော်လင့်သည်။

ခရီးသည်များအနေဖြင့် တစ်ကြောင်းလျှင် ကျပ် ၃၀၀ နှုန်းသာရှိသဖြင့် အလွန်သက်သာသောနှုန်းထားဟု ဆိုရမည်ဖြစ်သည်။ ဂိတ်စ၊ ဂိတ်ဆုံး ကျပ် ၃၀၀ နှုန်းဖြစ်၍ အသွားအပြန် ငွေကျပ် ၆၀၀ ကျသင့်မည်ဖြစ်သည်။ မြို့တွင်းသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသော ပြည်သူများအနေဖြင့် တစ်လလျှင် အများဆုံးရက် ၂၂ ရက်စာအတွက် ငွေကျပ် ၁၃၂၀၀ ကျသင့်မည်ဖြစ်၍ သက်သာသောနှုန်းထားဟုဆိုရမည်ဖြစ်သည်။ တစ်လလျှင် လုပ်ခလစာ ကျပ်တစ်သိန်းခန့် ရရှိသူတစ်ဦးအဖို့ လစဉ်ခရီးစရိတ်နုတ်လျှင် ငွေကျပ်ရှစ်သောင်းကျော်ကျန်နိုင်သဖြင့် အသက်ရှူချောင်နိုင်သေးသည်။

ထိုအစီအစဉ်သည် အများပြည်သူအကျိုးစီးပွားဖြစ်၍ ပြည်သူများ စည်းကမ်းတကျ စီးနင်းလိုက်ပါတတ်ရန်နှင့် ထိုအလေ့အကျင့်ကောင်းများမပျက်အောင် ထိန်းသိမ်းကြပ်မတ်ခြင်း၊ ယာဉ်များအနေဖြင့် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ မပျက်မကွက်လိုက်နာခြင်း၊ ယာဉ်ရပ်နား၊ ထွက်မောင်းခြင်းများကို သတ်မှတ်ထားသည့်အတိုင်း တိတိကျကျဆောင်ရွက်ခြင်းများကို အသားကျသည်အထိ ပူးပေါင်းဆောင်ရွက်ပေးသင့်ပေသည်။

ယာဉ်ပြေးဆွဲရာ ခရီးစဉ်တစ်လျှောက်တွင် ရှစ်မိုင်လမ်းဆုံ၊ လှည်းတန်းလမ်းဆုံ၊ မြေနီကုန်းလမ်းဆုံ၊ ဗိုလ်ချုပ်လမ်းဆုံ၊ ကမ်းနားလမ်းနှင့် ဘုန်းကြီးလမ်းဆုံစသည့်လမ်းဆုံများတွင် ယာဉ်ကြောကျပ်တည်းမှုနှင့် မီးပွိုင့်မိမှုများကို သက်ဆိုင်ရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက အဆိုပါ အများပြည်သူယာဉ်များအတွက် ဦးစားပေးဆောင်ရွက် ပေးသင့်ပေသည်။ ထို့အပြင် ယာဉ်တစ်စီး၏ ခရီးစဉ်အစအဆုံးနှင့် ပြေးဆွဲယာဉ်များအချိုးအတွက် သတ်မှတ်မိနစ်များအတိုင်း တိတိကျကျ ပြေးဆွဲစေပြီး ခရီးသည်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အချိန်မှန်ပြေးဆွဲသွားရန် လိုအပ်ပေသည်။

ထိုသို့အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးသွားခြင်းအားဖြင့် အများပြည်သူတို့ သွားလာမှုလွယ်ကူစေမည့် BRT အမြန်ဘတ်စ်ကားစနစ် အောင်မြင်ဖြစ်ထွန်းလာကာ ပြည်သူအားလုံးတို့က နိုင်ငံတော်နှင့်သက်ဆိုင်ရာအဖွဲ့အစည်းများအား ကျေးဇူးအထူးတင်နေကြမည်ဟု ယုံကြည်ပါသည်။ ။

# စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေဖူလုံတော့မည့် နောင်ဘိုကျေးရွာ

**သထုံ ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိမ့်စမ်းရေသွယ်စနစ်ဖြင့် ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ပေးခဲ့ရာ ဒေသခံပြည်သူများအနေဖြင့် တစ်နှစ်ပတ်လုံးရေကို အခက်အခဲမရှိ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"နောင်ဘိုမှာက နွေရာသီဆိုရေရှားတယ်။ ဒါကြောင့် စိမ့်စမ်းရေသွယ်စနစ်နဲ့ တစ်နှစ်ပတ်လုံး သုံးနိုင်အောင် လုပ်ပေးတာပါ။ ဒီလုပ်ငန်းကို ကျွန်တော်တို့ဌာနက ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုငွေကျပ် ၁၅ သန်းနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတွေအနေနဲ့ ဒါကို အစဉ်အမြဲသုံးနိုင်အောင် စနစ်တကျ အသုံးပြုဖို့တော့လိုတယ်" ဟု မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပြောသည်။

နောင်ဘိုကျေးရွာအတွင်းရှိ သပြေလုံးတောင်မှ စိမ့်စမ်းရေကို ရေစုကန်ဖြင့်စုစည်းကာ နောင်ဘိုကျေးရွာမဝိုင်းစုတွင် တည်ဆောက်ထားသည့် ရေဂါလန် ၅၀၀၀ ဆံ့ သွပ်မိုးအုတ်ကာ အုတ်ခင်း ရေလှောင်ကန်သို့ ပေပေါင်း ၈၀၀၀ အကွာအဝေးခန့်မှ ပိုက်ဖြင့်သွယ်ယူပြီး ရေလှောင်ကန်မှ နေ့စဉ် အိမ်ခြေ ၂၀၀ ခန့်ရှိ လူဦးရေ ၁၀၀၀ ခန့် သောက်သုံးရေအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ရွာမှာက နွေဆို ရေရဖို့ မနက်အစောကြီးထပြီး ၄ ဖာလုံလောက်ရှိတဲ့နေရာမှာ ရေသွားခပ်ရတယ်။ ရေတွင်းတစ်တွင်းဖြစ်ဖို့ ကုန်ကျစရိတ်ကလည်း မနည်းတော့ ရေတွင်းတူးနိုင်သူတွေ နည်းတယ်။ ခုလိုလုပ်ပေးတော့ ဝမ်းသာပါတယ်။ ဒီမှာ အဓိကကျတဲ့ သောက်သုံးရေအတွက် ပူစရာမလိုတော့ဘူး" ဟု နောင်ဘိုကျေးရွာမှ ဒေါ်ဖောဖောက ပြောသည်။

ကျေးလက်ဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သထုံမြို့နယ်အတွင်း ကတ္တရာလမ်းနှစ်လမ်း၊ မြေသားလမ်းတစ်လမ်း၊ ကွန်ကရစ်တံတားလေးစင်း၊ Box-Culvert တံတားသုံးစင်း၊ စိမ့်စမ်းရေသွယ်ငါးခု၊ စက်ရေတွင်း တွင်းတိမ်လေးတွင်း၊ လက်တူးတွင်း သုံးတွင်း၊ ကျေးရွာကိုးရွာ မီးလင်းရေးအတွက် ဆိုလာယူနစ်ပေါင်း ၇၁၀၊ ကျေးရွာသုံးရွာအတွက် ငါးလုံးတွဲအိမ်ရာများ စုစုပေါင်း ငွေကျပ် ၉၆၇ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**




# EITI ဆိုင်ရာသုံးပွင့်ဆိုင်အလုပ်ရုံဆွေးနွေးပွဲ ပခုက္ကူ၌ ကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရွှေပြည်ဟိန်း ဟိုတယ်ခန်းမတွင် (EITI) သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေး ဆောင်ရွက်မှုဆိုင်ရာ သုံးပွင့်ဆိုင် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ရာတွင် အစိုးရ၊ ကုမ္ပဏီ၊ ဒေသခံအဖွဲ့အစည်းများ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နိုင်ရေးအတွက် ခရိုင်အဆင့် သုံးပွင့်ဆိုင်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် EITI ကို ကမ္ဘာ့အကြီးဆုံး ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီ ၈၀ ကျော်တို့က နိုင်ငံအလိုက်လုပ်ဆောင်ချက်များဖြင့် လည်းကောင်း၊ နိုင်ငံတကာအဆင့် လုပ်ဆောင်ချက်များဖြင့်လည်းကောင်း၊ လုပ်ငန်းရှင်အဖွဲ့အစည်းများဖြင့် လည်းကောင်း ပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်ပြီး ယခုအခါတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၉ နိုင်ငံသည် EITI ကို အောင်မြင်စွာ ဖော်ဆောင်လျက်ရှိပြီ ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့တွင် သဘာဝသယံဇာတ တူးဖော် ထုတ်လုပ်နေကြသော ကုမ္ပဏီများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကိုကီး(ပြန်/ဆက်)**

○○

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်(ရွှေဈေး) - ၇၇၅၀၀၀ - ၇၇၅၀၀၀၊ မန္တလေး(ရွှေဈေး) ၇၇၅၀၀၀ - ၇၇၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ်တစ်လီတာ ၃၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၃၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၆၅ ကျပ်

**၁-၂-၂၀၁၆ ရက်နေ့မှ ၄-၂-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၄၈ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၃၈၂ ကျပ် ဖြစ်ပါသည်** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၆၀. ၀ | (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၇၆. ၉ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၀၃. ၇ | (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၄. ၄၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၁. ၆၇ | (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၉၃. ၁၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၃၆၄ | (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၅. ၁၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၂. ၈၈ | | | | |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၈. ၅၆၂ | | | | |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆို

**တောင်သာ ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့ရာ ရှမ်းတိုင်းရင်းသား ဦးစိုင်းခန့်ခေါင်က ထောက်ခံကြောင်း အဆိုပြုလွှာကို တင်သွင်းဖတ်ကြားခဲ့ပြီး ကရင်တိုင်းရင်းသား ဦးယောဟန်က ထောက်ခံကြောင်း အဆိုပြုလွှာကို တင်သွင်းဖတ်ကြားခဲ့သည်။

နေပြည်တော်တွင် ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် တောင်သာမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၊ မြို့နယ်၊ ရပ်/ကျေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ အခြားလူမှုရေးအဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ကျော်မျိုးနိုင်)**


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

**နိုင်ငံတော်မှ**

ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့သည့် နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည် -

**သို့**

**နာယက**

**ပြည်ထောင်စုလွှတ်တော်**

**အကြောင်းအရာ။ သဝဏ်လွှာပေးပို့ခြင်း။**

၁။ ယနေ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပသည့် နေ့ရက်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများကိုယ်စား အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ပြီးခဲ့သော ငါးနှစ်တာကာလအတွင်း အောင်မြင်မှုများကြောင့် လက်ရှိအခြေအနေတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကောင်းမွန်သော အခြေခံအုတ်မြစ်များ ချမှတ်နိုင်ခဲ့ပြီး ဒီမိုကရေစီထွန်းကားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေနပ်အားရဖွယ်ရာ အလားအလာကောင်းများဖြင့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

၃။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် ဒီမိုကရေစီထွန်းကားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါသည့်အလျောက် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုရေးဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် ဥပဒေများ အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ရုပ်သိမ်းခြင်းတို့ ဆောင်ရွက်ကြရာ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်ဟု ကတိသစ္စာပြုထားသည့်အလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရေး အလေးထားဆောင်ရွက်ကြမည်ဟု မျှော်လင့်မိပါသည်။

၅။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး၏ အကျိုးကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြပါစေကြောင်း၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မြှင့်တင်ဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် မိမိတို့အားလုံး မျှော်မှန်းထားသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်သို့ အမြန်ဆုံးလျှောက်လှမ်းနိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**သိန်းစိန်**
**နိုင်ငံတော်သမ္မတ**

# မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိရာ တစ်ရွာလျှင် ကျန်းမာရေးကျွမ်းကျင်သူ တစ်ဦးနှုန်းနီးပါးရှိနေမည်ဆိုပါက ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ကြီး)၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးရဲမြ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ကြီး)ဥက္ကဋ္ဌ ဒေါက်တာဦးကြည်စိုးနှင့် တာဝန်ရှိသူများက (၁၆)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးနှင့် ဆေးပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ပေးနေသည်များကို ရှင်းလင်းပြောကြားလိုကြောင်း၊ ကျန်းမာရေးကဏ္ဍ အသုံးစရိတ်သည် ၂၀၁၁ ခုနှစ်တွင် ကျပ် ၈၆ ဒသမ ၅၈ ဘီလီယံရှိရာမှ ၂၀၁၅ ခုနှစ်တွင် ကျပ် ၈၁၄ ဒသမ ၃၇ ဘီလီယံအထိ ရှိလာခဲ့ကြောင်း၊ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစေရန်အတွက် လွန်ခဲ့သည့် ငါးနှစ်အတွင်း၌ ဆေးရုံ ၂၂၅ ရုံ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဆေးရုံ ၁၀၀ကို အဆင့်မြှင့်တင်ပေးခဲ့ကြောင်း၊ အလားတူ ခရိုင်၊ မြို့နယ် ကုသရေးဆေးရုံ ၄၂၁ ရုံကို အသစ်တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သကဲ့သို့ ကျေးလက်ကျန်းမာရေးဌာန ၂၂၅ ခု၊ တိုင်းရင်းဆေးရုံ ၄၄ ရုံ၊ သူနာပြုသားဖွားကျောင်း ကိုးကျောင်းကို အသစ်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ဆေးပညာလောက၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးရန်နှင့် အသိပညာများကို မျှဝေရန်၊ နောက်ဆုံးပေါ်ပေါက်လာသည့် စိန်ခေါ်မှုများနှင့် ထပ်မံပေါ်ပေါက်လာမည့်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေး ယခုညီလာခံတွင် ဆွေးနွေးတိုင်ပင်ကြရန်ဖြစ်ကြောင်း၊ ရှေ့လာမည့်ကာလများတွင် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ တိုးတက်လာစေရန် မည်သို့လုပ်ကိုင်ဆောင်ရွက်မည်နည်းဟူသည့်အချက်ကို ဝိုင်းဝန်းဆွေးနွေးကြရန် လိုအပ်ကြောင်း၊ ဆေးပညာလောကအတွက် နောက်ဆုံးပေါ် စိန်ခေါ်မှုများဖြစ်သည့် ဆားစ်ရောဂါ၊ အီဘိုလာဗိုင်းရပ်စ်နှင့် ယခုမျက်မှောက်ကာလတွင် ဖြစ်ပေါ်လျက်ရှိသည့် ဇီကာဗိုင်းရပ်စ်စသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ယခုညီလာခံတွင် နည်းလမ်းရှာဖွေဆွေးနွေးမည်ဟု မျှော်လင့်ကြောင်း။

နိုင်ငံအလိုက် လူဦးရေ၊ ယဉ်ကျေးမှုများ ကွဲပြားခြားနားသကဲ့သို့ မတူကွဲပြားသည့် ဆေးဝါးကုသမှုစနစ်ပုံစံများ ရှိနေကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာ မြို့ပြတွင်နေထိုင်ကြသူများဖြစ်ပြီး ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသနေပြည်သူများဖြစ်ကြကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဆရာဝန်အင်အားဖြန့်ကြက်မှုမှာ သုံးသောင်းငါးထောင်ကျော်သာ ရှိသေးသည့်အတွက် ဆရာဝန်များ ပိုမိုမွေးထုတ်ပေးရန် လိုအပ်ကြောင်း၊ ဆေးခန်းမရှိ၊ ဆရာဝန်၊ ဆရာမ မရှိသည့် ကျေးလက်ဒေသများ၌ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုကောင်းမွန်လာစေရန် မည်သို့မည်ပုံဆောင်ရွက်ရမည်ကို ဆွေးနွေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိရာ တစ်ရွာလျှင် ကျန်းမာရေးကျွမ်းကျင်သူ တစ်ဦးနှုန်းနီးပါးရှိနေမည်ဆိုပါက ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်မည်ဖြစ်ကြောင်း၊ တွေ့ကြုံရမည့် ပြဿနာအရပ်ရပ်ကိုလည်း ညှိနှိုင်းဖြေရှင်းနည်းဖြင့် ပူးပေါင်းဆွေးနွေးနိုင်သည့် ယဉ်ကျေးမှုရှိလာစေရန် ကြိုးပမ်းကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးရဲမြက အမှာစကားပြောကြားသည်။



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတသည် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တောင်ကြီးဆေးတက္ကသိုလ်သို့ရောက်ရှိကြပြီး ဆေးတက္ကသိုလ်အတွင်းရှိ ရုက္ခဗေဒ ဓာတ်ခွဲခန်း၊ သတ္တဗေဒ ဓာတ်ခွဲခန်း၊ ဓာတုဗေဒဌာနနှင့် ဓာတ်ခွဲခန်း၊ ရူပဗေဒဌာနနှင့် ဓာတ်ခွဲခန်း၊ စာသင်ခန်းမဆောင်များ၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် တောင်ကြီးဆေးတက္ကသိုလ် ခန်းမဆောင်၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာဝင်းဌေးအောင်က ဆေးတက္ကသိုလ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ ကျောင်းတွင်း သင်ကြားမှုဆိုင်ရာ အဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ လိုအပ်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တောင်ကြီးဆေးတက္ကသိုလ် ပေါ်ပေါက်လာစေရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ ဆေးပညာဘာသာရပ် တက်ရောက်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်ချက်များ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်စေရန် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များတွင် အဆင့်မီသည့် ဆေးတက္ကသိုလ်တစ်ခုဖြစ်လာစေရန် ဆရာ ဆရာမများ လိုအပ်ချက်အပေါ် ဖြည့်ဆည်းကူညီပေးရေး၊ ပညာသင်ကျောင်းသားများ ကောင်းမွန်စွာ ပညာသင်ယူနိုင်ရေးအတွက် နေထိုင်သွားလာရေးကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆရာဝန်များ မွေးထုတ်ပေးနိုင်စေရေးနှင့် ပြည်သူလူထုအတွက် ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးအပ်နိုင်ရန် ကျောင်းသား ကျောင်းသူများအနေဖြင့် မျှော်မှန်းချက် မြင့်မားစွာထား၍ ဆောင်ရွက်သွားရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အသေးစိတ်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တောင်ကြီးဆေးတက္ကသိုလ် ဧည့်ဆောင်အဆောက်အအုံ (လေးခန်းတွဲ သုံးထပ်)၊ အမျိုးသမီးဆောင် အဆောက်အအုံ (၂၄ ခန်းတွဲ ငါးထပ်)များ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အေးသာယာမြို့၌ မင်းကျန်စစ်အုပ်စုကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အေးသာယာပြည်သူ့အိမ်ရာ စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ အိမ်ရာများ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ တိုက်ခန်းများ ပြန်လည်ရောင်းချပေးမည့် အစီအစဉ်များ၊ လက်ရှိဆောင်ရွက်နေဆဲ လုပ်ငန်းဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**(သတင်းစဉ်)**

## မလေးရှားဝန်ကြီးချုပ်အား အင်တာနက်လူမှုကွန်ရက်မှ ဝေဖန်ရေးသားမှု ဖော်ထုတ်အရေးယူမည်ဟု ရဲတပ်ဖွဲ့ ပြော

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၈**

မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်အား အင်တာနက်ရှိ လူမှုကွန်ရက် ဝက်ဘ်ဆိုက်ဖြစ်သော တွစ်တာမှ ဝေဖန်ရေးသားနေမှုကို ဖော်ထုတ်အရေးယူသွားမည်ဟု ရဲတပ်ဖွဲ့က သတိပေးချက် ထုတ်ပြန်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် နာဂျစ်သည် လက်ရှိရာထူးတွင် တာဝန်ထမ်းဆောင်နေချိန်တွင်အကြီးမားဆုံး နိုင်ငံရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ နာဂျစ်၏ ပုဂ္ဂလိက ဘဏ်ငွေစာရင်းသို့ ဒေါ်လာ ၆၈၁ သန်း လွှဲပြောင်းပေးခဲ့သည့် စွပ်စွဲမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ သို့ရာတွင် ဝန်ကြီးချုပ်အနေဖြင့် ကိုယ်ကျိုးရှာခဲ့ခြင်း အလျဉ်းမရှိဟု အခိုင်အမာ ငြင်းဆိုခဲ့သည်။

မလေးရှားဖွံ့ဖြိုးရေးအဖွဲ့၏ အကြံပေးအဖွဲ့တွင် ဥက္ကဋ္ဌလည်းဖြစ်သူ နာဂျစ်အား ရှေ့နေချုပ် အပန်ဒီအလီက ဦးဆောင်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့မှုကို လွန်ခဲ့သည့်ရက်သတ္တပတ်က အဆုံးသတ်ခဲ့သည်။ နာဂျစ်၏ ပုဂ္ဂလိက ဘဏ်စာရင်းသို့ လွှဲပြောင်းပေးခဲ့သော ဒေါ်လာ ၆၈၁ သန်းမှာ ဆော်ဒီအာရေဗျနိုင်ငံမှ အလှူရှင်တစ်ဦးက လှူဒါန်းခဲ့ခြင်းသာဖြစ်ပြီး ယင်းငွေအများစုကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

နာဂျစ်အား လူမှုကွန်ရက် မီဒီယာမှတစ်ဆင့် ဝေဖန်ပုတ်ခတ်နေမှုများကို ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က သတိပေးချက် ထုတ်ပြန်ထားသည်။

**ရိုက်တာ။**





## တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် ကမ္ဘာတစ်ဝန်း၌ ပျော်ရွှင်စွာဆင်နွှဲ

**ပေကျင်း ဖေဖော်ဝါရီ ၈**

တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်ကို ကမ္ဘာတစ်ဝန်းရှိ တရုတ်လူမျိုးတို့က ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

နွေဦးရာသီပွဲတော်ဟူ၍လည်း သိရှိကြသော တရုတ်နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်တွင် တရားဝင်စတင်ကျင်းပသည်။ သို့ရာတွင် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများကို ပွဲတော်ကာလအကြိုနေ့ရက်များမှစ၍ ဆင်နွှဲလျက်ရှိကြသည်။

ပွဲတော်ကာလအတွင်းမီးရှူးမီးပန်းများကို ပစ်ဖောက်ကာ မကောင်းဆိုးဝါးများကို မောင်းထုတ်ခြင်း၊ မိသားစုနှင့်ဆွေမျိုးသားချင်းများ ပြန်လည်ဆုံစည်းကာ ပျော်ရွှင်စွာစုဝေးစားသောက်ကြခြင်း၊ နေအိမ်များ မွမ်းမံဆင်ယင်ခြင်းတို့ကို ပြုလုပ်ကြသည်။

နှစ်သစ်ကူးကာလ အားလပ်ရက်များအတွင်း မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းနိုင်ရန် ခရီးထွက်ခွာသူ အထူးများပြားလှပြီး ပြည်သူသန်းပေါင်းများစွာအထိ ကူးလူးသွားလာလျက်ရှိကြသည်။

ဆစ်ဒနီ၊ လစ္စဘွန်း၊ နယူးယောက်၊ လန်ဒန်စသည့်မြို့ကြီးများတွင် တရုတ်အမျိုးသားများက နှစ်သစ်ကူးပွဲတော်ကို ဝဲ့ချီးသဘင်ပျော်ရွှင်စွာ ဆင်ယင်ကျင်းပလျက်ရှိကြသည်။

**ဆင်ဟွာ။**

## အိန္ဒိယနိုင်ငံ၌ ကျားသစ်တစ်ကောင်က လူခြောက်ဦးအား စာသင်ကျောင်းအတွင်းတိုက်ခိုက်

**နယူးဒေလီ ဖေဖော်ဝါရီ ၈**

အိန္ဒိယနိုင်ငံ ဘန်ဂါလူရူမြို့တော်ရှိ သားရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးတာဝန်ရှိသူများက လူခြောက်ဦးအားကုတ်ဖဲ့တိုက်ခိုက်ခဲ့သည့် ကျားသစ်တစ်ကောင်အား စာသင်ကျောင်းတစ်ကျောင်းအတွင်း ဖမ်းဆီးလိုက်ကြောင်း ဒေသခံများနှင့်တာဝန်ရှိသူများက ပြောကြားသည်။

တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် စာသင်ကျောင်းကို ပိတ်ထားကာ ကျားသစ်ကိုဖမ်းဆီးရန် အာဏာပိုင်များက သားရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့တစ်ဖွဲ့ အမြန်စေလွှတ်ခဲ့သည်။ အဆိုပါအဖွဲ့မှာ ၁၀ နာရီနီးပါးကြာ အပြင်းအထန် ကြိုးပမ်းပြီးနောက် ကျားသစ်ရိုင်းကို ထိန်းချုပ်ရန် စိတ်ငြိမ်ဆေးထည့်ထားသည့် မြားငယ်များ ဖြင့်ပစ်ခဲ့ရသည်။ ကျားသစ်မှာ ဒေါသတကြီးပြေးလွှားနေကာ စာသင်ကျောင်းနံရံကို ကုတ်ကတ်တက်ပြီး သစ်တောအရာရှိ တစ်ဦးအပါအဝင် လူများအား တိုက်ခိုက်ခဲ့ကြောင်း စာသင်ကျောင်းရှေ့တွင် တပ်ဆင်ထားသည့် စီစီတီဗွီ တွင်ဖမ်းမိသည့်ပုံရိပ်များက ပြသနေသည်။





"ဖမ်းဆီးမိတဲ့ကျားသစ်ကို ဘန်နာဂတ်တာ အမျိုးသားဥယျာဉ်သို့ သယ်ဆောင်သွားပါပြီ" ဟု သားရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးဌာနမှ တာဝန်ရှိသူ တစ်ဦးက သတင်းထောက်များသို့ ပြောကြားသည်။ တီဗွီချန်နယ်တစ်ခုမှ ကင်မရာသမား တစ်ဦးအပါအဝင် ဒဏ်ရာရရှိသူ ခြောက်ဦးစလုံးကို ဆေးရုံ၌ ဆေးကုသမှုပေးထားပြီး ၎င်းတို့၏အခြေအနေမှာ ပုံမှန်ဖြစ်နေပြီဟု ဆိုနိုင်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

ကျားသစ်များမှာ အစားအသောက်ရှာဖွေရာတွင် တစ်ခါတစ်ရံ လူနေအိမ်များရှိရာနယ်မြေများအတွင်း လမ်းမှားရောက်ရှိတတ်ကြောင်း သားရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးတာဝန်ရှိသူများက ပြောကြားပြီး အိန္ဒိယနိုင်ငံ၌ သားရိုင်းတိရစ္ဆာန်များသတ်ဖြတ်မှုကို တင်းကျပ်သောဥပဒေများဖြင့် တားမြစ်ထားသည်။ ပြီးခဲ့သည့်နှစ်က နိုင်ငံ မြောက်ပိုင်း ရာဂျစ်စတန်ပြည်နယ်ရှိကျေးရွာတစ်ရွာ၌ အစားအသောက်ရှာဖွေနေစဉ် သတ္တုအိုးတစ်လုံးအတွင်း ခေါင်းစိုက်ဝင်နေသည့် ကျားသစ်တစ်ကောင်ကို တွေ့ရှိခဲ့ရသည်။

မြို့ပြဒေသချဲ့ထွင်လာမှု၊ သစ်တောများ ဟာလာဟင်းလင်းဖြစ်မှုနှင့် သစ်တောမြေများအတွင်းဝင်ရောက်နေထိုင်မှု၊ သစ်တောများအတွင်းရှိ ကြားခံနယ်မြေများ ပျောက်ကွယ်ခြင်းနှင့် ဆေးဖက်ဝင်အပင်များထုတ်ယူသုံးစွဲမှုတို့မှာ လူသားများနှင့်တိရစ္ဆာန်များကြား ပဋိပက္ခဖြစ်ပွားမှုအတွက် အဓိကကျသောအကြောင်းအရင်းများဖြစ်သည်။ အိန္ဒိယနိုင်ငံတစ်ဝန်း၌ လူနှင့်တိရစ္ဆာန်ပဋိပက္ခဖြစ်ပွားမှုကြောင့် နှစ်စဉ်လူပေါင်းများစွာသေဆုံးခဲ့ရသို့မဟုတ် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

## တရုတ်နှင့်အိန္ဒိယ နယ်ခြားစောင့်တပ်ဖွဲ့များ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးပူးတွဲလေ့ကျင့်



**ရှန်ဟိုင်း ဖေဖော်ဝါရီ ၈**

တရုတ်နှင့်အိန္ဒိယ နိုင်ငံတို့မှ နယ်ခြားစောင့်တပ်ဖွဲ့များသည် သဘာဝဘေးဆိုင်ရာ ကယ်ဆယ်ရေး လေ့ကျင့်မှုများကို ပူးတွဲလုပ်ဆောင်ခဲ့ကြကြောင်း တရုတ် ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားသည်။ အာရှရှိ အင်အားကြီး နှစ်နိုင်ငံအကြား ဆက်ဆံရေး ပြန်လည် နွေးထွေးလာမှုကို ထင်ဟပ်နေသော ပူးတွဲဆောင်ရွက်ချက်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား နှစ်ပေါင်းရှည်ကြာစွာ ဖြစ်ပေါ်လာသည့် နယ်စပ်အငြင်းပွားမှုကို ဖြေရှင်းနိုင်ရေးအတွက် နှစ်နိုင်ငံ ဦးတည်လျက်ရှိကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

၁၉၆၂ ခုနှစ်တွင် ကာလမကြာမြင့်သည့် နယ်စပ်စစ်ပွဲဖြစ်ပွားခဲ့ပြီးနောက် ယနေ့တိုင်ဆက်လက်ဖြစ်ပေါ်နေသော နယ်စပ်ပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးဖြေရှင်းသွားရန် နှစ်နိုင်ငံ ခေါင်းဆောင်များက လွန်ခဲ့သည့်နှစ် မေလတွင် ကတိပြုခဲ့ကြသည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံတပ်ဖွဲ့ဝင်များသည် သဘာဝဘေးအန္တရာယ်တွင်း ပိတ်မိနေသော တိရစ္ဆာန်ထိန်းကျောင်းသူများအား ကယ်တင်ရေးကဲ့သို့သော အခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် လေ့ကျင့်ခဲ့ကြကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာ ပူးတွဲလေ့ကျင့်မှုသည် အိန္ဒိယနှင့်တရုတ်နယ်ခြားဒေသ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုနှင့်အညီ လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ဒေသတွင်း၌ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် တရုတ်ဝန်ကြီးချုပ် လီခချန်းတို့ ယမန်နှစ် မေလအတွင်းက တွေ့ဆုံဆွေးနွေးခဲ့ရာတွင် နှစ်နိုင်ငံ စစ်ဘက်များ အပြန်အလှန် လည်ပတ်ရေး၊ နှစ်နှစ်နိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များအကြား အပြန်အလှန်ဖလှယ်ရေးအစီအစဉ် ဆောင်ရွက်ရေးနှင့် စစ်ဘက်ဆိုင်ရာ အရေးပေါ် တယ်လီဖုန်းလိုင်း ဖွင့်လှစ်ရေးတို့ကို သဘောတူညီခဲ့ကြသည်။ ဟိမဝန္တာအရှေ့ဘက်ပိုင်းရှိ နယူးဒေလီကအုပ်ချုပ်သော စတုရန်းကီလိုမီတာ ၉၀၀၀၀ ကျော် (စတုရန်းမိုင် ၃၅၀၀၀) ကို ရထိုက်သည်ဟု တရုတ်နိုင်ငံကတောင်းဆိုပြီး ဟိမဝန္တာအနောက်ဘက်ရှိအက်ခ်ဆိုင်းချင်းကုန်းပြင်မြင့်ပေါ်ရှိယင်း၏ ပိုင်နက်နယ်မြေ စတုရန်းကီလိုမီတာ ၃၈၀၀၀ (စတုရန်းမိုင် ၁၄၆၀၀) ကို တရုတ်နိုင်ငံကသိမ်းပိုက်ထားကြောင်း အိန္ဒိယနိုင်ငံက ပြောကြားသည်။ ခါးသီးသော ပြိုင်ဘက်ပါကစ္စတန်နိုင်ငံသို့ တရုတ်နိုင်ငံက ပံ့ပိုးမှုပြုလုပ်နေသည်ဟုလည်း အိန္ဒိယနိုင်ငံက သံသယရှိနေသည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု

# တောင်ဇလပ်ပန်းတို့ လန်းရာမြေ

သတင်းဆောင်းပါး - မောင်ငြိမ်းအေး



ဘုံတလာ ရေတံခွန်။

မန္တလေးမြို့မှ ကားတစ်တန်စီး၍ ကလေးမြို့သို့ ရောက်လျှင်ပင် ချင်းပြည်နယ်သို့ခြေချမိပြီဟု ဆိုနိုင်သည်။ ပြန့်ပြူးသော ကလေးလွင်ပြင်မှ မြင့်မားသော ချင်းတောင်တန်းကြီးကို တစ်မျှော်တစ်ခေါ်မြင်တွေ့နိုင်ပြီး ကလေးဒေသမှတစ်ဆင့် ချင်းပြည်နယ်မြို့တော် ဟားခါးမြို့သို့ ရောက်သည်။ မြို့တော်ဟားခါးသို့မရောက်မီ ကလေးမှ တီးတိန်မြို့နယ်အတွင်း တောင်တက်ခရီးနှင်ရသည်။ တောင်တက်လမ်းအစ ရှုခင်းသာစခန်းတစ်ထောက်နေရာတွင် ခရီးသွားများရပ်နား၍ ဆုတောင်းပတ္ထနာပြုကြသည့်အသွင်သည်ပင် ချင်းတိုင်းရင်းသားတို့၏ တစ်စည်းတစ်လုံးတည်း ပျော်ရွှင်စွာနေတတ်သည့် ဓလေ့၊ အေးချမ်းစွာနေထိုင်လိုကြသော မေတ္တာရိပ်တို့ကို ပေါ်လွင်စေပါသည်။

"ကျွန်တော်တို့ ချင်းပြည်နယ်ကိုသွားတဲ့သူတိုင်း (ဗျူးပွိုင့်) ဒီနေရာလေးမှာ ခေတ္တရပ်နားပြီး ဆုတောင်းမေတ္တာပို့သကြ၊ အနားယူကြတာ အစဉ်အလာပါပဲ။ ဒီလိုလုပ်လိုက်လို့ ကျွန်တော်တို့အားလုံး စိတ်အပန်းပြေ လန်းဆန်းပြီး လိုရာခရီးကို ချောချောမွေ့မွေ့ အန္တရာယ်ကင်းစွာသွားလာနိုင်တယ်လို့ ယုံကြည်ကြပါတယ်"ဟု တီးတိန်သို့သွားမည့် ချင်းတိုင်းရင်းသား လူငယ်တစ်ဦးက ပြောပြသည်။

အမြင့်ပေ ရှစ်ထောင်ကျော်ရှိသည့် ချင်းပြည်နယ်မှ ကယ်နယ်ဒီတောင်တန်းကြီးသည် လွမ်းမောဖွယ်ဖြစ်သည်။ ထိုတောင်တန်းများပေါ်သို့ တောင်တက်ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် ကလေးမြို့မှ နေ့စဉ် ဥဒဟိုသွားလာနေကြသည်။ တောင်အဆင့်ဆင့် ဖြတ်သန်းပြီး သိုင်းငင်းသို့ရောက်လျှင် ညာဘက်လမ်းခွဲအတိုင်းသွားပါက တီးတိန်သို့ရောက်ပြီး ဘယ်ဘက်လမ်းခွဲအတိုင်းသွားပါက ဖလမ်းသို့ရောက်သည်။

ဖလမ်းမှတစ်ဆင့် မြို့တော်ဟားခါးသို့ ဆက်သွားရသည်။ မြင့်မားသည့် တောင်စဉ်တောင်တန်းများတစ်လျှောက် ကွေ့ဝိုက်တက်ဆင်းခရီးနှင်ရသော်လည်း မောပန်းခြင်းမရှိ၊ စိမ်းလန်းသည့်သစ်ပင်ပန်းမန်များနှင့် အေးမြသည့်လေအဝှေ့ကြောင့် မောခြင်းပန်းခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းဟူ၍ မရှိဘဲ လန်းဆန်းနေသည်။

ဖြတ်သန်းရာ လမ်းတစ်လျှောက်မှမြို့ရွာများမှာ အိပ်မက်နိုင်ငံတစ်နိုင်ငံသို့ ရောက်ရှိနေသည်ဟု ထင်မှတ်ရသည်။



ဓာတ်ပုံ-ဂျိုးနက်

ရိရေကန်။

မြင့်မားသည့် တောင်တန်းကြီးများပေါ်မှ လွင့်မျောနေသည့် တိမ်တိုက်ကြီးများ၊ တောင်အောက်မှ မြူခိုးဝေဝေတိမ်လွှာပြင်များ၊ မြူခိုးများ၊ တိမ်တိုက်များကြားမှ မြို့ငယ်လေးများမှာ အမှန်တကယ်ပင် လွမ်းမောစရာ၊ အံ့သြစရာပင်။ မြေပြန့်လွင်ပြင်များ တစ်မျှော်တစ်ခေါ်ရှိသည့် မြန်မာနိုင်ငံတွင် ချင်းတိုင်းရင်းသား တိုင်းရင်းသူများ တောင်တန်းကြီးများပေါ်တွင် ကိုယ်ပိုင်ရိုးရာဓလေ့ထုံးစံများနှင့် ပျော်မွေ့စွာရပ်တည်နေထိုင်ကြသည်မှာ သီးခြားကမ္ဘာတစ်ခုအလားပင် တွေးထင်မိသည်။ သို့သော် ချင်းတိုင်းရင်းသားများမှာ မြန်မာပြည်သားများပင်ဖြစ်သည်။

ချင်းတိုင်းရင်းသားများမှာ ပြည်မနှင့်အလှမ်းဝေးသည့် တောင်ပေါ်သားများဖြစ်သော်လည်း သူစိမ်းတစ်ရံမဆံ တသီးတခြားမရှိချေ။ တောင်ပေါ်မှ ချင်းတိုင်းရင်းသားများ၏ မှတ်သားဖွယ်ရာများမှာ သမိုင်းတွင်ဖွယ်ရာများ၊ မမေ့နိုင်စရာများအဖြစ် ကျန်ရှိနေသေးသည်။ လွမ်းမောဖွယ်ရာ ချင်းတောင်တန်းများပေါ်မှ မြင်ကွင်းများမှာ အထီးကျန် မဆန်ချေ။ မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ ချင်းတိုင်းရင်းသားများ၏ သမိုင်းမှတ်တမ်းများမှာ မမေ့နိုင်ဖွယ်ရာများသာဖြစ်သည်။

ချင်းမျိုးချစ်တပ်များသည် နယ်ချဲ့အင်္ဂလိပ်တို့ကို ပြန်လည်ခုခံတိုက်ခိုက်ရာ၌ ထင်ရှားကျော်ကြားသည်။ ဆယ်လုမ်းခံတပ်မှာ သမိုင်းတွင်သည်။ ထိုခံတပ်တွင် မျိုးချစ်ချင်းတိုင်းရင်းသားများ အခိုင်အမာတပ်စွဲထားကြောင်း နယ်ချဲ့အင်္ဂလိပ်တို့ သိသောအခါ ဆယ်လုမ်းခံတပ်သို့ လူတစ်ယောက်စေလွှတ်ပြီး စစ်ပြေငြိမ်းရန် စကားကမ်းလှမ်းစေသည်။ ထိုအခါ ချင်းမျိုးချစ်တို့ကလည်း "ငါတို့သည် မင်းတို့လက်အောက်သို့ ကျွန်မခံနိုင်ပါ" ဟု စကားပြန်ကြားလိုက်လေသည်။ အင်္ဂလိပ်တို့ကလည်း ရက်ချိန်းပေးလိုက်ပြီး တိုက်ခိုက်ချေမှုန်းပစ်မည်ဟု ကြုံးဝါးပြန်လေသည်ကို ဆလိုင်းဝီလုံချန်ခိုလုံ၏ ချင်းမျိုးချစ်ရဲဘော်တို့၏ နောက်ဆုံးခံတပ်ကြီးဆောင်းပါးတွင် မှတ်သားဖူးသည်။ ဤတွင် ချင်းမျိုးချစ်များကလည်း "အမြန်ဆုံးလာတိုက်ကြပါ။ ငါတို့ကလည်း မင်းတို့ကို သတ်ပစ်ချင်လှပါပြီ" ဟု ရဲရဲဝံ့ဝံ့ စကားပြန်ကြားခဲ့သည်။ ချင်းသူရဲကောင်းကွန်ဘစ်ဆိုလျှင် သမိုင်းတွင်သည်။

ဗိုလ်တိုက်ချွန်းတို့ဆိုလျှင် မြန်မာနိုင်ငံသားတိုင်းသိသည်။ ပြည်တွင်းသောင်းကျန်းမှုကာလက ဗိုလ်ကြီးတိုက်ချွန်းနှင့် ရဲဘော်သုံးဦးတို့သည် နေ့မွန်းတည့်ချိန်တွင် ရန်သူ့စခန်းအလယ်သို့ အသေခံပြောက်ကျားတပ်သားများအဖြစ် လျှပ်တပြက် ဝင်စီးသည်။ ရန်သူ့တပ်ဖွဲ့များ အလယ်အူကြောင်းပြိုကျပြီး ဆုတ်ခွာပြေးရသည်။ မြန်မာ့တပ်မတော်က ထိုအချိန်တွင် စနစ်တကျဝင်တိုက်၍ ရန်သူ့စခန်းကို အောင်မြင်စွာ သိမ်းပိုက်မိပြီဟူသော သမိုင်းမှတ်တမ်းကို ချင်းပြည်နယ်၏ ကြယ်တစ်ပွင့် (သို့မဟုတ်) ဗိုလ်ကြီးအောင်ဆန်းသူရိယ တိုက်ချွန်းဆောင်းပါးတွင် ဖော်ပြထားသည်။ စိတ်ထားမြင့်မြတ်သူ၊ တိုင်းပြည်နှင့် လူမျိုးအတွက် ကိုယ်ကျိုးမကြည့်သူ ချင်းတိုင်းရင်းသားသူရဲကောင်းများအား ဤပြည်ထောင်စုနေ့တွင် ဂုဏ်ပြုသတိရမှတ်တမ်းတင်လိုသည်။

ချင်းတိုင်းရင်းသားများဘဝကို လေ့လာရာတွင် နေအိမ်ကို အလွန်အသားပေး၍ ဆောက်လုပ်တတ်ကြသည်ကို တွေ့ရသည်။ အထူးသဖြင့် ဟားခါးနယ်မှ ချင်းအိမ်များမှာ အင်္ဂလိပ်ကိုလိုနီခေတ်ကတည်းက ကြီးမားခံ့ညားသဖြင့် ကျော်ကြားသည်။ ဆီးယင်းနှင့်စုတ်တဲနယ်များမှ အိမ်များမှာလည်း ကြီးမားခံ့ညားရာ၌ ထင်ရှားခဲ့သည်ဟု သိရသည်။ နယ်ချဲ့အင်္ဂလိပ်တို့ကို ချင်းတိုင်းရင်းသားများက ခုခံတိုက်ခိုက်ခဲ့သောကြောင့် ထိုအိမ်များ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် မျက်မှောက်ကာလတွင် မတွေ့ကြရတော့သည်မှာ ဝမ်းနည်းစရာဖြစ်သည်။ ယနေ့ ချင်းတောင်တန်းပေါ်ရှိ မြို့များတွင် ပျဉ်ထောင်အိမ်များသာမက တိုက်တာအိမ်ခြေများဖြင့် ခေတ်မီလှပနေသည်။

ကိုလိုနီနယ်ချဲ့တို့ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်စိုးသည့်အချိန်တွင် ချင်းပြည်နယ်၌ တစ်ရွာနှင့်တစ်ရွာ စည်းရုံးလှုပ်ရှားမှု မပြုလုပ်နိုင်ရန်ရည်ရွယ်ချက်ဖြင့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ထို့ကြောင့် ချင်းလူမျိုးအချင်းချင်းစည်းရုံးလှုပ်ရှား၍ ဗြိတိသျှနယ်ချဲ့တို့ကို မတော်လှန်နိုင်ရန် လမ်းပန်းဆက်သွယ်ရေးကို လုံးဝဆောင်ရွက်ပေးခြင်းမရှိသောကြောင့် ချင်းပြည်နယ်အတွင်း တစ်နေရာနှင့်တစ်နေရာ အနေခြားနေခဲ့ရသည်။ အနေဝေး၍ ချင်းမျိုးနွယ်စုများ အမျိုးမျိုးကွဲပြားကြသည်။ ယနေ့ ချင်းပြည်နယ်မှာ လမ်းပန်းသာလို့နေသည်။ ကိုယ်တိုင် ချင်းပြည်နယ်မြောက်ပိုင်းတစ်ခွင်သို့တစ်လှည့်၊ တောင်ပိုင်း တစ်ခွင်သို့တစ်လှည့် ခရီးမကြန့်ကြာဘဲ အရောက်သွားနိုင်ခဲ့သည်။ ကလေး- တီးတိန်-ဖလမ်း-ဟားခါး တောက်လျှောက်သွားနိုင်ခဲ့သည်။

တောင်တန်းအသွယ်သွယ်နှင့် တောင်ပေါ်မြို့လေးများနှင့် တောင်ယာများတွင် ချင်းတိုင်းရင်းသားတို့သည် အေးချမ်းစွာနေထိုင်ကြသည်။ ချင်းပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှုရှိသည့် ငြိမ်းချမ်းသော အခြေခံကောင်းများရှိသည်။ သို့ဆိုလျှင် တည်ငြိမ်အေးချမ်းမှုရှိလျှင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ခက်မည်မဟုတ်ချေ။ ဖွံ့ဖြိုးရေးကို ပြည်နယ်အစိုးရက ဆောင်ရွက်ပေးမှ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးကလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် ပြည်နယ်အစိုးရတွင်တာဝန်ရှိကြောင်းနှင့် ဝန်ကြီးဌာနများနှင့်အစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်းဆောင်ရွက်ရန် မှာကြားထားသည်။

ချင်းတိုင်းရင်းသားလူငယ်များသည် ပညာအခြေခံကောင်းကြသည်။ ထိုအခြေခံကောင်းကိုထပ်ဆောင်း၍ အစိုးရက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်အောင်၊ အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်းအထိ တတ်မြောက်အောင် ပံ့ပိုးကူညီပေးသွားရမည်ဖြစ်သည်။ ချင်းတောင်ခြေတွင်ရှိသည့် ကလေးတက္ကသိုလ်သည် ချင်းတိုင်းရင်းသားလူငယ်များ တက္ကသိုလ်ပညာ ဆက်လက်ဆည်းပူးနိုင်အောင် ရည်ရွယ်ဖွင့်လှစ်ပေးထားသော ကျောင်းဖြစ်သည်။ မိမိတို့ကလေးတက္ကသိုလ်သို့ရောက်ရှိစဉ် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတစ်ဝက်ခန့်မှာ ချင်းတိုင်းရင်းသားများဖြစ်နေ၍ ဝမ်းမြောက်ရသည်။ ချင်းတောင်ခြေတွင်ရှိသည့် တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားရ၍ နေအိမ်ကို အလွမ်းပြေသည်ဟု သိရသည်။

ပြည်နယ်မြို့တော်မှ ဟားခါး-ဖလမ်း-ကလေးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း စသည့် ပြည်ထောင်စုလမ်းမကြီးများနှင့် မြို့နယ်ချင်းဆက်လမ်းများရှိသည်။ ယခင်က မိုးရာသီတွင် သွားလာရခက်ခဲသည်။ ယခု ရာသီမရွေးသွားလာနိုင်အောင် လမ်းများအဆင့်မြှင့်တင်ပေးနေသည်ကိုလည်း တွေ့ခဲ့ရသည်။ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေး၊ ပြည်နယ်တစ်ခုလုံးသောက်သုံးရေရရှိရေးတို့ကို လေ့လာတွက်ချက်ပြီး ဆောင်ရွက်နိုင်သည်တို့ကို ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်က ပံ့ပိုးပေးသွားမည်ဟုသိရသည်။ လက်ရှိတွင် အချို့ဒေသများ၌ အခက်အခဲများရှိနေသေးသည်။ သို့သော် နိုင်ငံတော်အစိုးရက ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေသည်ကို တွေ့ရသဖြင့် ကျေနပ်မိသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ အိန္ဒိယနိုင်ငံနှင့်ချင်းပြည်နယ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ်အထိ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်းတန်ဖိုးရှိ အခြေခံအဆောက်အအုံများနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေကြောင်းသိရသည်။ စီမံကိန်းစသည့်နှစ်မှစတင်၍ ဖလမ်း၊ ဟားခါး၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ပလက်ဝ၊ ထန်တလန် ရှစ်မြို့နယ်တွင် မူလတန်းကျောင်း ၁၁ ကျောင်း၊ ကျန်းမာရေးဌာနခွဲ ကိုးခု၊ မဏိပူရမြစ်ကူး မှာဘင်းတံတားအပါအဝင် ပေ ၃၀၀ အရှည်ဘေလီတံတား နှစ်စင်း၊ ပေ ၂၀၀ အရှည် ဘေလီတံတား တစ်စင်း၊ ပေ ၃၃၅ ပေအရှည်ရှိ ကြိုးတံတား တစ်စင်း၊ ပေ ၁၅၀ အရှည်ရှိ ကြိုးတံတား တစ်စင်း စုစုပေါင်းတံတား ငါးစင်း တည်ဆောက်ပေးထားသဖြင့် သွားလမ်းသာ၍ လာလမ်းဖြောင့်နေသည်ကိုတွေ့ရသည်။

ချင်းပြည်နယ်သို့ အလည်တစ်ခေါက်သွားရာတွင် ရှေးကာလများနှင့်မတူသည်မှာတော့အမှန်ဖြစ်သည်။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်လက်ကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်သည်။ အထူးသဖြင့် ကျေးလက်များတွင် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်နေသေးသည်။

ကျေးလက်နေ ပြည်သူများမှာ ရိုးသားကြသဖြင့် တောင်ယာလုပ်ကိုင် စားသောက်နေထိုင်ခြင်းဖြင့် အေးချမ်းစွာနေထိုင်ကြသည်။ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုသည်ကို သူတို့ဘာမှန်းမသိကြသေးချေ။ အမှန်တကယ်ကျေးလက်အထိ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုလျှင် ချင်းတိုင်းရင်းသားအားလုံး အတိုင်းမသိဝမ်းသာကြ မည်။ ပြည်နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။



ဓာတ်ပုံ-ဂျိုးနက်

ဖလမ်းမြို့မှ နေအိမ်များ။

## လွှတ်တော်ရေးရာ

❐ ရှေ့ဖုံးမှ

ကိုယ်ကျိုးစီးပွား၊ အဖွဲ့အစည်းတစ်ခု၏အကျိုးစီးပွားထက် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးသည့် ဥပဒေများသာဖြစ်ကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများတွင် ပါဝင်သည့် ဥပဒေပြုရေးဆိုင်ရာပြဋ္ဌာန်းချက်များ၊ ကိုယ်စားလှယ်များ တစ်ဦးချင်း လိုက်နာရမည့်တာဝန်များ၊ ကျင့်ဝတ်များ၊ စည်းကမ်းများကိုလည်း အသေအချာ ကျေညက်အောင်လေ့လာပြီး လိုက်နာကြရန်လိုအပ်မှာဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအားလုံးအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာစေလိုသည့်ဆန္ဒ၊ ဖွံ့ဖြိုးတိုးတက်စေလိုသည့်ဆန္ဒ၊ နိုင်ငံတော်နှင့် နိုင်ငံသားများချမ်းသာကြွယ်ဝစေလိုသည့်ဆန္ဒများအားလုံး တူတူညီညီရှိနေကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဥပဒေပြုလွှတ်တော်ကြီးအတွင်းကို ရောက်ရှိလာကြပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုး ပူးပေါင်းလုပ်ဆောင်ကြရာတွင်လည်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ အယူဝါဒစွဲများ မထားကြဘဲ အစွန်းတရားများကို ရှောင်ရှားပြီး အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တိုင်ပင်ဆွေးနွေးလုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေပြုရေးတာဝန်အပြင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသည့် အခြားကိစ္စများ တင်သွင်းခြင်း၊ ဝိုင်းဝန်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများကို လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊

### ဖြေရှင်းအသိပေးချက်

MNTV ၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ည ၇ နာရီ သတင်းအစီအစဉ်တွင် ပုဒ်မ ၅၉(စ)နှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်အချို့၏ သဘောထားများကို ထုတ်လွှင့်ခဲ့ပါသည်။ ယခုအခါ လူမှုကွန်ရက်စာမျက်နှာများတွင် လွှတ်တော်ကိုယ်စားလှယ်အချို့၏ ပြောကြားချက်ကို ကောက်ယူပြီး ပုဒ်မ ၅၉(စ)နှင့် ပတ်သက်၍ ပြေလည်မှုရရှိပြီဟု ဖော်ပြနေသည်ကို တွေ့ရှိရပါသည်။အဆိုပါ ဖော်ပြချက်များမှာ MNTV သတင်းအစီအစဉ်မှ တင်ပြချက်များနှင့် ကွဲလွဲနေပါကြောင်းနှင့် MNTV အနေဖြင့် ပုဒ်မ ၅၉(စ)ပြင်ဆင်မှုပြေလည်မှုရရှိပြီဟု သတင်းထုတ်ပြန်ခဲ့ခြင်းမဟုတ်ပါကြောင်း ဖြေရှင်းအပ်ပါသည်။

MNTV News Department

**ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကိုလည်း သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးဆုံးဖြတ်ပေးကြရမည်။**

ယခုကဲ့သို့ လွှတ်တော်သက်တမ်းအသစ်တစ်ခု စတင်ကျင်းပချိန်နှင့် အစိုးရအသစ်ဖွဲ့စည်းကြချိန်များတွင် နိုင်ငံတော်အတွက် အလွန်အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်ဦးရေ၊ ဝန်ကြီးဌာနအရေအတွက် အဆုံးအဖြတ်ပေးခြင်းလုပ်ငန်းစဉ်နှင့် ကတိသစ္စာပြုခြင်းလုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်ကြီးအတွင်း၌ ဆက်လက်ဆောင်ရွက်ရန်ရှိနေပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁) တွင် ဖော်ပြထားသည့် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ကို အပ်နှင်းခံထားရသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကိုလည်း သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးဆုံးဖြတ်ပေးကြရမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့နိုင်ငံအတွက် ဒီမိုကရေစီအခွင့်အလမ်းများ ပွင့်လန်းလာစေရေး၊ နိုင်ငံသူနိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးများ ပိုမိုရရှိလာစေရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုပြောကြားသည်။

ထို့နောက် လွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

**(နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာကို ရှေ့ဖုံးတွင်ဖော်ပြထားပါသည်။)**

ဆက်လက်၍ လွှတ်တော်နာယကက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် အစည်းအဝေးများကို ၂၀၁၆ ခုနှစ် မတ် ၁၇ ရက်တွင် စတင်ကျင်းပရန် လွှတ်တော်သို့ကြေညာသည်။

ယင်းနောက် လွှတ်တော်နာယက က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နှင့် ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့၌ မီးဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် ကိုယ်စားလှယ်တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီဖြင့် ထောက်ပံ့လှူဒါန်းရန်အဆိုကို လွှတ်တော်၏ဆန္ဒရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယနေ့စတင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၆၅၃ ဦးအနက် ၆၄၈ ဦး တက်ရောက်ခဲ့ကြပြီး ကိုယ်စားလှယ် ငါးဦး ခွင့်တိုင်ကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

# ၈-၂-၂၀၁၆ ရက်နေ့တွင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်မှုအခြေအနေ




| | | | | | | |
|---|---|---|---|---|---|---|
| NLD | - | ၃၈၉ | ဦး | = | ၆၀. ၂၅ | % |
| USDP | - | ၃၇ | ဦး | = | ၅. ၅၅ | % |
| ANP | - | ၂၂ | ဦး | = | ၃. ၃၀ | % |
| SNLD | - | ၁၅ | ဦး | = | ၂. ၃၀ | % |
| ZCD | - | ၃ | ဦး | = | ၀. ၄၅ | % |
| TNP | - | ၅ | ဦး | = | ၀. ၇၅ | % |
| NUP | - | ၁ | ဦး | = | ၀. ၁၅ | % |
| PNO | - | ၃ | ဦး | = | ၀. ၄၅ | % |
| MNP | - | ၁ | ဦး | = | ၀. ၁၅ | % |
| L.N.P.P | - | ၂ | ဦး | = | ၀. ၃၀ | % |
| KSDP | - | ၁ | ဦး | = | ၀. ၁၅ | % |
| WDP | - | ၁ | ဦး | = | ၀. ၁၅ | % |
| KDUP | - | ၁ | ဦး | = | ၀. ၁၅ | % |
| IC | - | ၁ | ဦး | = | ၀. ၁၅ | % |
| DSPC | - | ၁၆၆ | ဦး | = | ၂၅ | % |
| Leave | - | ၅ | ဦး | = | ၀. ၇၅ | % |

ရှင်းလင်းချက်

| | | | |
|---|---|---|---|
| တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း | - | ၆၅၃ | ဦး |
| တက်ရောက်သည့်ကိုယ်စားလှယ်စုစုပေါင်း | - | ၆၄၈ | ဦး |
| ခွင့်တိုင်ကြားသူ | - | ၅ | ဦး |

ရှင်းလင်းချက်

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ANP = ရခိုင်အမျိုးသားပါတီ
SNLD = ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
TNP = တအာင်း(ပလောင်)အမျိုးသားပါတီ
NUP = တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
PNO = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ
MNP = မွန်အမျိုးသားပါတီ
L.N.P.P = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)
KSDP = ကချင်ပြည်နယ်ဒီမိုကရေစီပါတီ
WDP = "ဝ"ဒီမိုကရက်တစ်ပါတီ
KDUP = ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
IC = Independent Candidate(တစ်သီးပုဂ္ဂလ)
DSPC = Defence Services Personnel Candidates (တပ်မတော်သားကိုယ်စားလှယ်)
Leave = ခွင့်တိုင်ကြားသူ

**လွှတ်တော်ရေးရာ**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထမြောက်နေ့ ကျင်းပ

**ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကော်မတီတို့ကို အဖွဲ့ဝင်(၁၅)ဦးစီဖြင့် ဖွဲ့စည်း၊**

**လွှတ်တော်အခွင့်အရေးကော်မတီတွင် ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အတွင်းရေးမှူး ဒေါက်တာလှမိုး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကော်မတီတွင် ဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်နှင့် အတွင်းရေးမှူး ဦးဇုန်းတိန့်တို့အား တာဝန်ပေးအပ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအကြိမ် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ **(ယာပုံ)**ပြည်သူ့လွှတ်တော်ကော်မတီဝင်များ အမည်စာရင်း၊ အခွင့်အရေး၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ ကော်မတီတို့တွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်း၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း အခွင့်အရေး၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းထားပြီး ကော်မတီဥက္ကဋ္ဌတာဝန်ကို ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်နှင့် အတွင်းရေးမှူးတာဝန်ကို အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတို့အား တာဝန်ပေးအပ်မည်ဖြစ်ကြောင်း ကြေညာသည်။



အလားတူ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းထားပြီး ကော်မတီဥက္ကဋ္ဌတာဝန်ကို မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်နှင့် အတွင်းရေးမှူးတာဝန်ကို ချီဖွေမဲဆန္ဒနယ်မှ ဦးဇုန်းတိန့်တို့အား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေး ပဉ္စမနေ့ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။**

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်လုံးကျွတ်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းက ပေးပို့သည့်သဝဏ်လွှာကို လွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

အဆိုပါလွှတ်တော်အခွင့်အရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင်နှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးတို့ကို တာဝန်ပေးအပ်ကြောင်း ကြေညာသည်။

အလားတူ လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းအစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့ကို တာဝန်ပေးအပ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင် (၁၅)ဦးဖြင့်ဖွဲ့စည်း၊**

**လွှတ်တော်အခွင့်အရေးကော်မတီတွင် ဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အတွင်းရေးမှူး ဦးမင်းဦး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ဥက္ကဋ္ဌ ဦးသိမ်းဆွေနှင့် အတွင်းရေးမှူး ဦးကျော်နီနိုင်တို့အား တာဝန်ပေးအပ်။**

# နိုင်ငံကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မယ့် ပုဂ္ဂိုလ်တွေကိုပဲ သမ္မတအဖြစ်မျှော်လင့်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်များကို နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပသည်။

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် အစည်းအဝေးများကို ၂၀၁၆ ခုနှစ် မတ် ၁၇ ရက် (ကြာသပတေးနေ့)တွင် စတင်ကျင်းပသွားကြရန် ကြေညာခဲ့သည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ သမ္မတရွေးချယ်တင်မြှောက်ပြီး အစိုးရအဖွဲ့အလွှဲ အပြောင်းအတွက် ကျွန်တော်တို့အဖွဲ့ ဖွဲ့ထားတာရှိပါတယ်။ အဲဒီအဖွဲ့မှာ ဦးဝင်းထိန်၊ ပါမောက္ခ ဒေါက်တာအောင်သူနဲ့ ဒေါက်တာမျိုးအောင်တို့ သုံးဦးပါဝင်ပါတယ်။ လက်ရှိအစိုးရဘက်မှာလည်း အကူးအပြောင်းကာလအတွက် အဖွဲ့ဖွဲ့ထားတာရှိပါတယ်။ အဲဒီအဖွဲ့နှစ်ဖွဲ့ တိုင်ပင်ပြီး ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဒီနေ့စတင်ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကလည်း ကျွန်တော့်အမြင်ပြောရရင် ပြည်သူ့လွှတ်တော်ခေါ်ပြီး ၁၅ ရက်အတွင်းမှာ ပြည်ထောင်စုလွှတ်တော်ခေါ် ရတဲ့အတွက် မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်" ဟု ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က ကြေးမုံသတင်းစာသို့ ပြောကြားသည်။



**ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်။**



**ဦးစိုင်းသီဟကျော်။**

"ရွေးချယ်ခံရတဲ့ ဒုတိယသမ္မတတွေဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ သိဖို့လိုပါတယ်။ အဲဒီလို သိမှသာ သူ့ရဲ့ကိုယ်ရေးမှတ်တမ်းတွေကိုကြည့်ကာ စဉ်းစားသုံးသပ်ပြီး မဲထည့်သင့်၊ မထည့်သင့် ဆုံးဖြတ်ရမှာပါ။ ကျွန်တော်တို့ အဓိကစဉ်းစားရမှာက နိုင်ငံကို ခေါင်းဆောင်မယ့်သူဟာ စိတ်ရင်းသဘောထား မှန်ကန်ရမယ်။ ရိုးသားဖြောင့်မတ်သူဖြစ်ရပါမယ်။ နိုင်ငံကို ဦးဆောင်နိုင်မယ့် အရည်အချင်းရှိဖို့လိုပါတယ်။ ဘွဲ့ဒီဂရီတွေ အများကြီးရထားတာထက် နိုင်ငံကို အမှန်တကယ် ဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်နိုင်မယ့် ပုဂ္ဂိုလ်တွေကိုပဲ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ပုဒ်မ ၅၉(စ) ကိစ္စနဲ့ ပတ်သက်လို့ အများအားဖြင့်တော့ မီဒီယာတွေဘက်က ပြောကြတာများပါတယ်။ တကယ့်ကာယကံရှင်ပါတီဘက်ကတော့ တရားဝင်ထုတ်ပြန်ကြေညာတာ မရှိသေးပါဘူး။ လက်ရှိအနေအထားအရ သမ္မတရွေးချယ်တင်မြှောက်ရေးကိစ္စရပ်တွေမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ချောချောမွေ့မွေ့နဲ့ပဲ ဆောင်ရွက်သွားနိုင်မယ်လို့ ထင်ပါတယ်။ သမ္မတ ရွေးချယ်တင်မြှောက်ရေးနဲ့ ပတ်သက်လို့ ကျွန်တော့်အမြင်ပြောရရင် အမျိုးသားလွှတ်တော်က တိုင်းရင်းသားတစ်ယောက်ကို တင်သင့်တယ်လို့ ယူဆပါတယ်။ တကယ့်ဖွဲ့စည်းပုံမှာ ပြည်သူ့လွှတ်တော်က လူဦးရေအများစုကို အခြေခံထားတဲ့လွှတ်တော်ဖြစ်တယ်။ အဲဒီတော့ ပြည်သူ့လွှတ်တော်က ဘယ်သူဖြစ်ဖြစ်ရွေးချယ်လို့ရတယ်။ အမျိုးသားလွှတ်တော်ကျတော့ တိုင်းရင်းသားတွေကို အဓိကထားပြီး ပြည်နယ်တွေကို အခြေခံထားတဲ့ လွှတ်တော်ဖြစ်တယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်က ရွေးချယ်တဲ့ ဒုတိယသမ္မတဟာ တိုင်းရင်းသားတစ်ယောက်ဖြစ်မယ်ဆို ပိုကောင်းပါတယ်" ဟု ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်က ကြေးမုံသတင်းစာသို့ ပြောကြားသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ဖေဖော်ဝါရီ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။

**သတင်း-အေးဝမ်းစိုး၊ ဓာတ်ပုံ-ကိုမင်း**

ပြည်တွင်းရေးရာ

# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မျှော်လင့်



**နမ့်ဆန် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် ဖေဖော်ဝါရီ ၄ ရက်က လောင်ကျွမ်းခဲ့သည့် မီးကြောင့် မီးဘေးသင့်ပြည်သူများအနေဖြင့် လက်ရှိတွင် အဝတ်အထည်၊ အစားအသောက်စသည့် ထောက်ပံ့ပစ္စည်းများ အထိုက်အလျောက် ရရှိနေသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"အခုချိန်မှာ ကျွန်မတို့အတွက် အရေးကြီးတာက ပြန်လည်ထူထောင်ရေးပါပဲ။ အခုနေစရာမရှိတဲ့အတွက် အိမ်ရာတွေကို ပြန်ဆောက်ပေးစေချင်တယ်။ စားဝတ်နေရေးက အဆင်ပြေပေမယ့် နေစရာအိမ်နဲ့ စီးပွားရေးအတွက် ပြန်လည်ထူထောင်မှုတွေက မဖြစ်မနေလိုအပ်နေပါတယ်" ဟု မင်္ဂလာရပ်ကွက်မှ မီးဘေးသင့်ပြည်သူ မရီရီခင်က ပြောသည်။

မီးလောင်မှုကြောင့် မင်္ဂလာရပ်ကွက်နှင့် မြို့လယ်ရပ်ကွက်တို့ရှိ အိမ်ခြေ ၂၀၉ အိမ်ပါဝင်ခဲ့ပြီး အိမ်ထောင်စု ၂၉၂ စုနှင့် လူဦးရေ ၁၂၉၉ ဦးမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သဖြင့် မီးဘေးသင့်ပြည်သူများအား နမ့်ဆန်မြို့မဂိုဏ်းချုပ်ကျောင်းတွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည်။

"နိုင်ငံတော်အစိုးရရဲ့ အနယ်နယ်အရပ်ရပ်က အဖွဲ့အစည်းတွေ၊ ပြည်သူတွေရဲ့ လာရောက်ထောက်ပံ့မှုတွေကြောင့် အဝတ်အထည်တွေနဲ့ စားစရာတွေက လတ်တလော လုံလောက်မှုရှိပါတယ်။ နေအိမ်တွေ ပြန်လည် တည်ဆောက်ဖို့အတွက် ငွေကြေးနဲ့ အဆောက်အအုံပစ္စည်းတွေက လိုနေသေးတယ်"ဟု နမ့်ဆန်မြို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးမောင်ကျော်က ပြောကြားသည်။

"ကျွန်တော်တို့ လွယ်ဟိန်းကုမ္ပဏီအနေနဲ့ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူတွေအတွက် အိမ်ထောင်စုတစ်စုကို ငွေကျပ် ၁၀၀၀၀၀ စီအပြင် သိန်း ၅၀ ကျော်တန်ဖိုးရှိတဲ့ Alpine သောက်ရေသန့်ဘူးတွေကို လာရောက်လှူဒါန်းပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ရောက်တဲ့အချိန်မှာ မီးဘေးသင့်ပြည်သူတွေ စားသောက်ဖို့အတွက် မပူပင်ရပေမယ့် နေထိုင်ဖို့ခက်ခဲနေတာကို တွေ့မြင်နေရပါတယ်။ လာရောက်လှူဒါန်းမယ့်သူတွေအနေနဲ့ မီးဘေးသင့်ပြည်သူတွေ အမြန်ဆုံးနေထိုင်နိုင်ဖို့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ ငွေကြေးထောက်ပံ့ပေးနိုင်ရင် အကောင်းဆုံးပါပဲ" ဟု လွယ်ဟိန်းကုမ္ပဏီ၏ အရောင်းဒါရိုက်တာ ကိုသောင်းထိုက်ဆွေက ပြောသည်။

ယခုအချိန်တွင် နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ထူထောင်ရေးလုပ်ငန်းများအတွက် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး အမှတ်(၇၇) ခြေမြန်တပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်ပြင်ရှင်းလင်းရေးနှင့် လုံခြုံရေးဆိုင်ရာများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ နမ့်ဆန်မြို့နှင့် လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နမ့်ဆန်မြို့နှင့် လပွတ္တာမြို့တို့မှ မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးရန်နိုင်ထွန်း (ဒုတိယအမြဲတမ်းအတွင်းဝန်)-ဒေါ်ဥမ္မာလှိုင်(မိသားစု)က ငွေကျပ် ၁၁၅၀၀၀၊ ဦးကျော်သူဟိန်း-ဒေါ်စုဝေနွယ်(မိသားစု)က ငွေကျပ် ၃၀၀၀၀ တို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်သို့ လာရောက်လှူဒါန်းသည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဦးအောင်ခင်(မိသားစု) လှိုင်သာယာမြို့နယ်က လပွတ္တာမြို့မီးဘေးအတွက် ငွေကျပ် ၁၀၀၀၀၀ နှင့် နမ့်ဆန်မြို့မီးဘေးအတွက် ငွေကျပ် ၁၀၀၀၀၀၊ ဦးထွန်းအောင်-ဒေါ်ခင်မာဝင်း(မိသားစု) အင်းစိန်မြို့နယ်က နမ့်ဆန်မြို့မီးဘေးအတွက် ငွေကျပ် ၃၀၀၀၀ နှင့် အဝတ်အထည်မျိုးစုံပါ်နံအိတ်နှစ်လုံး၊ Stannion Hotel ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်က နှစ်ယောက်အိပ်စောင် ခုနစ်ထည်၊ ဒေါ်အေးမြင့်(မိသားစု)က ငွေကျပ် ၅၀၀၀၀ တို့ကို လာရောက်လှူဒါန်းသည်။

ကချင်ပြည်နယ်ဦးစီးမှူးရုံး၌ ဦးရဲနောင် ဦးစီးအရာရှိ ပင်စင်ဦးစီးဌာနက ငွေကျပ် ၁၀၀၀၀၀၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးက ငွေကျပ် ၂၀၀၀၀၀၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၌ ဦးမိုးကျော်သူ-ဒေါ်နန်းဝင်းကြည်သိန်းက ငွေကျပ် ၅၀၀၀၀၊ ဦးစောဟန်သိန်း-ဒေါ်နန်းစိန်သင်က ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ အထည်စုံ ၅၀ ထည်ပါနှစ်ထုပ်၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဦးမျိုးတင့်(ပညာရေးအငြိမ်းစား)-ဒေါ်ခင်သန်းရီ(မိသားစု)က ငွေကျပ် ၁၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းသည်။

သို့ဖြစ်ပါ၍ ယနေ့ရရှိငွေမှာကျပ် ၈၇၅၀၀၀ ဖြစ်ပါသဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ မီးဘေးသင့်ပြည်သူများအတွက် စုစုပေါင်းလှူဒါန်းရရှိငွေမှာ ကျပ် ၃၀၀၃၅၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လပွတ္တာမြို့မီးဘေးတွင် လုပ်ငန်းရှင်များမီးဘေးသင့်ခဲ့သော်လည်း အချို့လုပ်ငန်းရှင်များ လုပ်ငန်းများပြန်လည်စတင်လုပ်ကိုင်

**လပွတ္တာ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့တွင် ဖေဖော်ဝါရီ ၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၁၇၉ လုံး၊ အိမ်ထောင်စု ၁၉၅ စု မီးဘေးသင့်ခဲ့ပြီး မီးဘေးသင့်ပြည်သူများတွင် မြို့၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော ရေလုပ်ငန်းရှင်အများစု ပါဝင်ခဲ့သဖြင့် ၎င်းတို့နှင့် ဆက်နွယ်နေသော လုပ်သားအမြောက်အမြားနှင့် အရောင်းအဝယ်ပြုလုပ်သူ ဒေသခံပြည်သူများစွာ ပါဝင်ခဲ့သည်။ ယခုအခါ ငါး၊ ပုစွန်၊ ကဏန်းလုပ်ငန်းရှင်အချို့ လုပ်ငန်းများ ပြန်လည်စတင်လုပ်ကိုင်နေပြီဖြစ်၍ အရောင်းအဝယ်နှင့်အလုပ်သမားများ ပြန်လည်အဆင်ပြေစပြုလာကြောင်း သိရသည်။

"ငါး၊ ပုစွန်၊ ကဏန်းတွေဟာ စားသောက်ကုန်တွေဖြစ်လို့ အလွန်ပဲအရေးကြီးပါတယ်။ ကျွန်တော်တို့က လာရောက်ရောင်းချသူတွေကို ဈေးမနှိမ်ဘဲ မြို့ဈေးအတိုင်း ပေးဝယ်ပါတယ်။ လုပ်ငန်းက အခုမှ ပြန်စလုပ်ရတာဆိုတော့ အခက်အခဲနည်းနည်းရှိပါတယ်" ဟု ငါး၊ ပုစွန်လုပ်ငန်းလုပ်ကိုင်သူ လပွတ္တာမြို့မှ လုပ်ငန်းရှင် ဦးမောင်မောင်က ပြောသည်။

လပွတ္တာမြို့သည် ပင်လယ်နှင့် နီးသဖြင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများနှင့် ဆက်စပ်အသက်မွေးဝမ်းကျောင်းပြုကြသည်။ ပယ်လယ်မှထွက်သည့် ကဏန်းနှင့် ငါး၊ ပုစွန်များကို ဝယ်ယူသည့်ပွဲရုံများ မြို့ပေါ်တွင်ရှိရာ အဆိုပါပွဲရုံများအနက် ပွဲရုံအများဆုံး မီးထဲသို့ပါသွားခဲ့သည်။ ထိုပွဲရုံများကို အမှီပြု၍ နေ့စားလုပ်သားများ၊ ရေထွက်ကုန် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များနှင့် လုပ်သားများ လတ်တလော အလုပ်အကိုင်မဲ့ဖြစ်သွားခဲ့သည်။ ယခုအခါ လုပ်ငန်းရှင်အချို့ ပြန်လည်လုပ်ကိုင်လာသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ အခုဆိုရင် ကဏန်းအရောင်းအဝယ်လုပ်ငန်းကို ပြန်လည်လုပ်ကိုင်နေပါတယ်။ အရင်ကဆိုရင်



လပွတ္တာမြို့တွင် ကဏန်းရောင်းဝယ်ရေးလုပ်ငန်းများ ပြန်လည်စတင်လုပ်ကိုင်နေကြသည်ကို တွေ့ရစဉ်။

ကဏန်း တစ်ကီလိုကို ကျပ် ၁၂၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်ပါတယ်။ အခုဆိုရင် တင်ပို့ရာမှာ ဈေးနှုန်းကျတဲ့အတွက် ကျွန်တော်တို့ ဝယ်သူတွေအနေနဲ့ဆိုရင် ကဏန်းတစ်ကီလိုကို ကျပ် ၈၅၀၀ ဈေးနဲ့ ဝယ်ယူတော့ ရောင်းချသူတွေမှာ အခက်အခဲနည်းနည်းရှိတာပေါ့" ဟု ကဏန်းလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"မီးလောင်သွားတဲ့အထဲမှာ ငါး၊ ပုစွန်၊ ကဏန်းအဝယ်ဒိုင်တွေ ပါသွားတော့ ကျွန်တော်တို့ ရောင်းချသူတွေအနေနဲ့ အခက်အခဲဖြစ်ပေမယ့် အရောင်းအဝယ်ကတော့ ဖြစ်ပါတယ်။ မီးမလောင်ခင်က လုပ်ငန်းလုပ်ကိုင်ရာမှာ အခက်အခဲတော့မရှိပါဘူး။ ဒါပေမယ့် မီးမလောင်ခင်နဲ့ မီးလောင်ပြီးအချိန်မှာ အရောင်းအဝယ်ကတော့ အနည်းငယ်ကွာခြားတာပေါ့" ဟု သရက်ချောင်းကျေးရွာမှ ကဏန်းလာရောင်းသူ ရေလုပ်သား ဦးအောင်ကိုလတ်က ပြောသည်။

လပွတ္တာမြို့တွင် ရေထွက်ကုန်လုပ်ငန်းကို အဓိကလုပ်ကိုင်နေကြသော ပြည်သူများတွင် ရေလုပ်ငန်းရှင်များ၊ အရောင်းအဝယ်ဒိုင်များမှာ ၁၀၀ ကျော်ခန့်ရှိပြီး ထိုလုပ်ငန်းများကို အမှီပြု၍လုပ်ကိုင်ကြသော လုပ်သားများမှာ ၁၀၀၀ ကျော်ခန့်ရှိသည်။ ယခုကဲ့သို့ မီးလောင်ကျွမ်းမှုဖြစ်ပွားသောအခါ ထိုလုပ်သားများ ခေတ္တအလုပ်လက်မဲ့ ဖြစ်သွားခဲ့သည်။ ပွဲရုံဒိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရန်မှာ အချိန်ယူရဦးမည်ဖြစ်သောကြောင့် ယာယီပွဲရုံများ အမြန်ဖွင့်လှစ်နိုင်ရန် လိုလားလျက်ရှိသည်။

"ကျွန်မတို့က နေ့စားလုပ်သားတွေပါ။ ဒိုင်မှာ ကဏန်းကြိုးချည်တဲ့ အလုပ်လုပ်ပါတယ်။ ပုံမှန်အချိန်ဆို တစ်နေ့ကို ကျပ် ၂၀၀၀၊ ၃၀၀၀ ရပြီးတော့ ရာသီချိန်တွေမှာဆိုရင် ကဏန်းများတော့ တစ်နေ့ကို ကျပ် ၆၀၀၀၊ ၇၀၀၀ အထိ ရတတ်ပါတယ်။ အခုမီးလောင်မှုကြောင့် အလုပ်မရှိတာ လေး၊ ငါးရက်ရှိပါပြီ။ ဝင်ငွေမရှိတော့ မိသားစုစားဝတ်နေရေးအခက်အခဲရှိပါတယ်။ ဒိုင်တွေ မြန်မြန်ပြန်ဖွင့်ပါစေလို့ ဆုတောင်းနေရပါတယ်" ဟု ကဏန်းဒိုင်တွင် လုပ်ကိုင်ခဲ့သူ အလုပ်သမတစ်ဦးက ပြောသည်။

ယခုအခါ မီးလောင်ကျွမ်းခဲ့သည့် လူနေအိမ်များ၊ ဆိုင်ခန်းနေရာများအား အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက နေ့စဉ်နံနက်ပိုင်းတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လပွတ္တာမြို့နယ်တွင် ယခင်က မီးလောင်မှုများဖြစ်ပွားဖူးပြီး ၂၀၁၄ ခုနှစ်ကလည်း ကမ်းနားလမ်းမှစတင်၍ မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ဖူးသည်။ ယခုနှစ် မီးလောင်ကျွမ်းမှုမှာ ကမ်းနားလမ်းမှပင်ဖြစ်ပြီး လပွတ္တာမြို့သမိုင်းတွင် အဆိုးရွားဆုံးမီးလောင်မှုဖြစ်ကြောင်း သိရသည်။

**ဝင်းကျော်မြင့်(ခရိုင်ပြန်/ဆက်)**

# မီးလောင်ပြင်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်



**လပွတ္တာ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့တွင် ဖေဖော်ဝါရီ ၄ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၁၇၉ လုံးမီးလောင်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၉၅ စု မီးဘေးသင့်ခဲ့သည်။

မီးဘေးသင့် ပြည်သူများအား လေးထပ်ပရိယတ္တိစာသင်တိုက်တွင် ယာယီ မီးဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရာ ယာယီမီးဘေးကယ်ဆယ်ရေးစခန်းသို့ စေတနာရှင်များ၊ အလှူရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများမှ အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများနှင့် ကျောင်းသုံးပစ္စည်းများ အဆက်မပြတ် လာရောက်လှူဒါန်းလျက်ရှိသည်။

မီးလောင်ကျွမ်းခဲ့သည့် လူနေအိမ်များ၊ ဆိုင်ခန်းနေရာများအား အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများက ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# ကော့သောင်းမြို့တွင် အရှေ့လေပြင်းတိုက်၍ အိုးအိမ်တချို့ပျက်စီး

**ကော့သောင်း ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံ ဒေသအချို့အပါအဝင် ကမ်းရိုးတန်းရှိရာ တိုင်းဒေသကြီးများတွင် ယခုရက်ပိုင်းအတွင်း အရှေ့လေပြင်းများ ဝင်ရောက်တိုက်ခတ်မှုကြောင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ အောင်သုခရပ်ကွက် နှင်းဆီ(၃)လမ်းတွင် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းက အိမ်တစ်လုံးပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းတွင်နေထိုင်သည့် ဒေါ်တင်ရှီ၏ သွပ်မိုး၊ ထရံကာ မြေစိုက်နေအိမ်တစ်လုံးမှာ လေပြင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် (၉)နှစ်အရွယ် မောင်ဖြိုးဌေးစိုး၏နဖူးတွင် အနည်းငယ် ဒဏ်ရာရရှိရုံမှအပ အခြားထိခိုက်မှုမရှိကြောင်း သိရသည်။

ယခုလက်ရှိတွင် အသက်(၉၇)နှစ်အရွယ်အဘိုးနှင့်အတူ မိသားစု ကိုးဦးမှာ ၎င်းပြိုကျအိမ်တွင် နေထိုင်ကြပြီး ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**






# ရှမ်းပြည်နယ်နေ့ နမ့်စန်တွင်ကျင်းပ

**နမ့်စန် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် (၆၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမတွင်ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံမှ ပေးပို့သောသဝဏ်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရက ဖတ်ကြားခဲ့သည်။

**သူရအောင်(ပြန်/ဆက်)**

# မြန်မာ့မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာလောကသားတို့၏ အမြင်များ

**တွေ့ဆုံမေးမြန်း**
**ရဲခေါင်၊ စန္ဒီ၊ ရီရီ**
**ဓာတ်ပုံ-ဇော်မင်းလတ်**

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ချက်ထရီယံဟိုတယ်၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ငါးနှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့် မီဒီယာပြုပြင်ပြောင်းလဲမှုအကြောင်းအရာများ၊ ပြဋ္ဌာန်းရန် ကျန်ရှိနေသေးသည့် မီဒီယာဥပဒေကြမ်းဆိုင်ရာကိစ္စများနှင့်လိုအပ်သည့် ဥပဒေများပြင်ဆင်ပြဋ္ဌာန်းရေး၊ ပြည်တွင်းမီဒီယာများအနေဖြင့် လွတ်လပ်ပြီး အားကောင်းသည့်မီဒီယာများအဖြစ် ပေါ်ပေါက်လာရေး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာအကြားချုပ်ဆိုထားသည့် MoU ကိစ္စရပ်များ၊ ပြည်သူ့ဝန်ဆောင်မှုသတင်းစာများပေါ်ပေါက်ရေး၊ Press Council မှ လုပ်ဆောင်မည့် အခန်းကဏ္ဍနှင့် ဘတ်ဂျက်ရရှိရေးကိစ္စများ၊ စွမ်းရည်ပြည့်သည့် သတင်းသမားကောင်းများ ပေါ်ထွန်းလာရေး၊ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်ရှိ သတင်းအတတ်ပညာဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းကို ရန်ကုန်တက္ကသိုလ်တွင် ထားရှိရေး အစရှိသည့်အကြောင်းအရာများကို ဆွေးနွေးကြသည်။

မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ မီဒီယာကဏ္ဍနှင့်သက်ဆိုင်သည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းအသီးသီး တက်ရောက်ခဲ့ကြပြီး တက်ရောက်ခဲ့ကြသူအချို့၏ သုံးသပ်ချက်အမြင်များအား မြန်မာ့သတင်းစဉ်မှ မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။



ဦးစိုးမြင့်။


Mr. Sardar Umar Alam


ဦးချစ်ဝင်းမောင်။


ဦးဇေယျာလှိုင်။

**ဦးစိုးမြင့် (Mizzima Media Group)**

ဒီနေ့ အလုပ်ရုံဆွေးနွေးပွဲမှာတော့ နောင်ပေါ်ပေါက်လာမယ့် အစိုးရလက်ထက်မှာ မီဒီယာကဏ္ဍအတွက် ဘာတွေလုပ်မလဲဆိုတဲ့ အရေးကြီးတဲ့ ဆက်စပ်မှုတွေကို တင်ပြဆွေးနွေးတယ်။ လွတ်လပ်တဲ့မီဒီယာဆိုတာ ဒီမိုကရေစီအတွက်တော့ ခေါင်းနဲ့ပန်းလိုအရေးကြီးပါတယ်။ မီဒီယာသမားတွေအတွက် မြှင့်တင်ရမယ့် အရည်အသွေးတွေ၊ မီဒီယာရဲ့လုပ်ပိုင်ခွင့်၊ လုံခြုံမှုတွေက ဘယ်အစိုးရပဲတက်တက် လွတ်လပ်တဲ့မီဒီယာအတွက် အရေးကြီးပါတယ်။ မီဒီယာလွတ်လပ်မှုအတွက် သက်ဆိုင်တဲ့ Stakeholder တွေအားလုံး အမှန်တကယ်လုပ်နေတဲ့ သတင်းမီဒီယာတွေ၊ ဂျာနယ်လစ်တွေ၊ အဖွဲ့အစည်းတွေ ဥပဒေပြုတဲ့ လွှတ်တော်အမတ်တွေ၊ လွှတ်တော်၊ အစိုးရယန္တရားတွေက နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းကူညီဆောင်ရွက်ရမယ်လို့ ယုံကြည်ပါတယ်။

လက်ရှိအစိုးရက မီဒီယာနဲ့ပတ်သက်ပြီး လုပ်နိုင်သလောက် တော်တော်များများကို လုပ်ပြီးသွားပါပြီ။ အောင်မြင်တာရှိသလို သူတို့လုပ်ချင်ပေမယ့်လည်း Public service မီဒီယာဆို သူတို့ပြန်ရုပ်သိမ်းခဲ့ရတယ်။ အစိုးရအနေနဲ့ ဒီကဏ္ဍအတွက် ပါဝင်သက်ဆိုင်သူအားလုံးနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေ လုပ်သင့်တယ်။ ဒီအစိုးရနဲ့ နောက်လာမယ့်အစိုးရကြားမှာ ကူးပြောင်းမှုကို ပိုလွယ်စေအောင် လုပ်သင့်တယ်။ အဲဒီလို လုပ်ခဲ့တာတွေကိုလည်း နောင်ပေါ်ပေါက်လာမယ့် အစိုးရကိုအပ်နှင်းမှသာ သူတို့အနေနဲ့လည်း ဥပဒေတွေ ပြန်ကြည့်၊ ပြင်သင့်တာပြင်၊ ထပ်မံရေးဆွဲသင့်တာတွေ ဆောင်ရွက်နိုင်မယ်။

လက်ရှိမြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးမှုအတွက် လုပ်ကိုင်လေ့လာနေတာတွေကို ပြန်ပြီးသုံးသပ်ဖို့လိုသလို နောက်ဘာတွေဆက်လုပ်မယ်ဆိုတဲ့ အမြင်တွေကို ဖေဖော်ဝါရီ ၂၁ ရက် နိုဗိုတယ်ဟိုတယ်မှာ ဆွေးနွေးဖို့ပြင်ဆင်နေပြီ။ သက်ဆိုင်တဲ့ လူတွေအားလုံးကို စဖိတ်နေပါပြီ။ အဓိကကတော့ မြန်မာပြည်မီဒီယာဖွံ့ဖြိုးမှုမှာ ဘယ်လိုမျိုးမူဝါဒတွေ ထားသင့်သလဲ။ ဘယ်လိုမူဝါဒတွေဆက်ပြီး လုပ်ဆောင်မလဲဆိုတာကို ဆွေးနွေးကြမှာပါ။

**Mr. Sardar Umar Alam**
**(ယူနက်စကို-မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်)**

ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျွန်တော်တို့ ယူနက်စကို၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပြင်သစ်နိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအနေနဲ့ တာဝန်ယူပြီး ကျင်းပလာတာ လေးနှစ်ရှိပါပြီ။ ဒီတစ်ခေါက်ဆွေးနွေးပွဲကတော့ အစိုးရအကူးအပြောင်းကာလတစ်ခုဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးက အရင်နှစ်တွေက ဆောင်ရွက်ခဲ့တဲ့ မီဒီယာပြုပြင်ပြောင်းလဲရေးအတွက် ရေးဆွဲခဲ့တဲ့ဥပဒေကြမ်းနဲ့ ဥပဒေတွေကိုရှင်းပြတယ်။ သူက ပြုပြင်ပြောင်းလဲရေးအတွက် ဆက်ပြီးအားပေးနေမှာဖြစ်သလို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက်ကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်အောင် ဆောင်ရွက်သွားမယ်လို့ပြောတယ်။ လက်ရှိဥပဒေကြမ်းအနေနဲ့ပဲ ကျန်ရှိနေသေးတဲ့ မီဒီယာဥပဒေကြမ်းတွေအတွက် နိုင်ငံတကာမီဒီယာ ကျွမ်းကျင်သူတွေနဲ့ ပြည်တွင်းက မီဒီယာကျွမ်းကျင်သူတွေကို ဖိတ်ခေါ်ပြီး လာမယ့် မတ်လမှာ ဆွေးနွေးမယ်။ သတင်းမီဒီယာကောင်စီကို ခိုင်မာပြီး အားကောင်းအောင် ဆောင်ရွက်သွားဖို့နဲ့ ဥပဒေသစ်ပြဋ္ဌာန်းတဲ့နေရာမှာ ဘယ်လိုပြင်ဆင်ကြမလဲဆိုတာဆွေးနွေးဖို့ရှိတယ်။

ကျွန်တော်တို့ ယူနက်စကိုအနေနဲ့ ဥပဒေပြုအမတ်တွေကို မီဒီယာနဲ့ပတ်သက်ပြီး လိုအပ်တဲ့အရည်အသွေးတွေမြှင့်တင်ပေးသွားမယ်။ မေ၊ ဇွန်နဲ့ ဇူလိုင်လောက်မှာတော့ မီဒီယာနဲ့ဆိုင်တဲ့ ဥပဒေကြမ်း ပြန်လည်သုံးသပ်တဲ့နေရာမှာ သင်တန်းပေးဖို့ရှိတယ်။ နောင်ပေါ်ပေါက်လာမယ့် အစိုးရအနေနဲ့ မီဒီယာကဏ္ဍအတွက် ဘယ်လိုနယ်ပယ်ကို ဦးစားပေးဆောင်ရွက်မလဲဆိုတဲ့ အပေါ်မှာမူတည်ပြီး ကျွန်တော်တို့အနေနဲ့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အခုဆွေးနွေးပွဲကတော့ သိသာတဲ့ရလဒ်တွေ ထွက်ပေါ်တယ်လို့ ယုံကြည်ပါတယ်။

**ဦးချစ်ဝင်းမောင် (Forever Group MRTV-4)**

ဟိုအရင်တုန်းကတော့ ကျွန်တော်တို့နိုင်ငံမှာ သတင်းမီဒီယာနဲ့ ပတ်သက်ပြီး လွတ်လပ်ပွင့်လင်းမှု မရှိခဲ့ပေမဲ့ လက်ရှိအစိုးရသက်တမ်းအတွင်းမှာတော့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး မီဒီယာကဏ္ဍဖွံ့ဖြိုးဖို့ လုပ်ဆောင်ခဲ့တယ်။ အခုဆို မီဒီယာနယ်ပယ်မှာ တော်တော်လေးပွင့်လင်းမြင်သာမှုရှိလာတယ်။ နောက်နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့လည်း မီဒီယာစွမ်းဆောင်မှုမြင့်မားဖို့အတွက် ဆောင်ရွက်တာတွေ တွေ့ရတယ်။ ဒါကြောင့် ငါးနှစ်သက်တမ်းအတွင်း မီဒီယာဖွံ့ဖြိုးမှုက အများကြီးပြောင်းလဲလာတယ်လို့ ပြောရင်ရတယ်။ နောက်ပိုင်းမှာလည်း မီဒီယာဖွံ့ဖြိုးမှုကဏ္ဍ ပိုမိုအားကောင်းလာလိမ့်မယ်လို့ ထင်တယ်။

**ဦးဇေယျာလှိုင် (မြန်မာဂျာနယ်လစ်ကွန်ရက်အတွင်းရေးမှူး)**

ကျွန်တော်ဆွေးနွေးခဲ့တာကတော့ မြန်မာနိုင်ငံက သတင်းသမားတွေ စွမ်းဆောင်ရည်မြင့်မားဖို့ ပိုမိုလိုအပ်နေသေးတယ်ဆိုတာနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့တယ်။ မီဒီယာဆိုင်ရာသင်တန်းကျောင်းတွေ တစုတစည်းတည်း ပူးပေါင်းဆောင်ရွက်ဖို့၊ ဘွဲ့လက်မှတ်နဲ့ ဒီဂရီတွေပေးတဲ့ ကျောင်းတွေကို ချိတ်ဆက်ဆောင်ရွက်ဖို့နဲ့ မီဒီယာသင်တန်းပေးရာမှာလည်း သတင်းသမားတွေ ပိုမိုပါဝင်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတာ ဆွေးနွေးခဲ့တယ်။

လွတ်လပ်တဲ့ သတင်းမီဒီယာမရှိဘဲ ဒီမိုကရေစီစနစ်ကို တည်ဆောက်လို့မရဘူးလို့ ယုံကြည်တယ်။ မီဒီယာရဲ့တာဝန်က ပြည်သူတွေယုံကြည်လို့ အပ်နှင်းထားတဲ့ ပုဂ္ဂိုလ်တွေ ဘာလုပ်နေသလဲဆိုတာကို ပြည်သူတွေသိအောင် ပြန်ပြောပြဖို့ပါ။ လွှတ်တော်၊ အစိုးရဘာတွေလုပ်နေသလဲ။ ဘာတွေဖြစ်နေသလဲဆိုတာတွေ ပြည်သူတွေသိရှိစေဖို့အတွက် မီဒီယာကအရေးကြီးတဲ့ ကဏ္ဍမှာရှိတယ်။ လူထုကို မှန်ကန်တိကျတဲ့ သတင်းအချက်အလက်တွေပေးနိုင်မှ လူထုရဲ့ အသိအမြင်ကို ပိုမိုဖွင့်လှစ်ပေးနိုင်မယ်လို့ ယုံကြည်တယ်။

## ပြည်တွင်းရေးရာ

**ရေလမ်းမှ**

နှုန်းထားက မိုင်နဲ့ တွက်ချက်ကောက်ခံတာကြောင့် နှစ်ဖက်မျှတပြီး သက်သာသွားမှာပါ” ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

နည်းဥပဒေ ၈၉ အရ ရေလမ်းအခွန်ကောက်စခန်းများ ဖွင့်လှစ်ကောက်ခံရာတွင် အလျား ၃၉ ပေအောက် စက်တပ်နှင့် စက်မဲ့ရေယာဉ်တစ်စီးလျှင် ပုံသေနှုန်းထား ၂၀၀ ကျပ်ကောက်ခံမည်ဖြစ်ကြောင်း၊ ၃၉ ပေအထက်ဖြစ်ပါက တန်တစ်ရာအောက်ရေလမ်းတစ်မိုင်လျှင် တစ်တန်လျှင် ပြား ၄၀ နှုန်းနှင့် တန် ၁၀၀ အထက်ဖြစ်ပါက ပြား ၃၀ နှုန်းကျသင့်မှာဖြစ်ကြောင်း၊ သွားလာခုတ်မောင်းမည့် ရေလမ်းမိုင်အတိုင်း တွက်ချက်ကောက်ခံခြင်းကြောင့် အကောက်စခန်းများ တိုးချဲ့ဖွင့်လှစ်သော်လည်း ရေယာဉ်ဖြတ်သန်းခ ပိုမိုပေးဆောင်ရမှာ မဟုတ်ကြောင်း သိရသည်။

“ကိုယ်သွားမယ့်ခရီးအတွက် မိုင်နှုန်းအတိုင်း ပေးဆောင်ပြီးရင် ကြားအကောက်စခန်းရှိနေလည်း ပေးစရာမလိုတော့ဘူး။ ဆောင်ပြီးသား ပြေစာပြလိုက်ရုံပဲ။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေယာဉ်လိုင်စင်ထုတ်ပေးစဉ်က သတ်မှတ်ထားတဲ့ ရေယာဉ်တန်ချိန်အတိုင်း တွက်ချက်ကောက်ခံတာဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

ဧရာဝတီနှင့် ချင်းတွင်းမြစ်တို့တွင် ဖွင့်လှစ်ပြီးသောရေလမ်းအကောက်စခန်းများမှာ မန္တလေး၊ မကွေး၊ ပြည်၊ မုံရွာတို့တွင် ကောက်ခံနေပြီး၊ ကလေးဝနှင့် ကသာ ရေလမ်းအကောက်စခန်းကို ဖေဖော်ဝါရီလအတွင်းဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ကျောဖုံးမှ**

ORRJE & CO SWEDEN၊ တည်ဆောက်ရေးအကြံပေးအဖွဲ့ WIDMARK & PLATZER CO SWEDEN တို့ ပါဝင်တည်ဆောက်ခဲ့ကြောင်း မိုးပြုရေကာတာတည်ဆောက်ရေး ကမ္ပည်းမော်ကွန်းကျောက်စာတွင် ရေးသားထားချက်များအရ သိရသည်။

“လောပိတ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးတဲ့အခါကျတော့ ဘီလူးချောင်းကရေကို သဘာဝအတိုင်းရယူပြီး စွမ်းအင်ထုတ် ၂၈ မဂ္ဂါဝပ်တာဘိုင်သုံးခုကိုလည်ပတ်ဓာတ်အားပေးနိုင်ခဲ့ပါတယ်။ မိုးပြုရေကာတာတည်ဆောက်ပြီးသွားတဲ့အခါမှာတော့ ၂၈ မဂ္ဂါဝပ်တာဘိုင်သုံးလုံးထပ်တိုးလည်ပတ်စေခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လွှတ်ပေးနိုင်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ ဘီလူးချောင်းအမှတ်(၁)စက်ရုံ တည်ဆောက်ပြီးစီးသွားလို့ ၁၄ မဂ္ဂါဝပ်တာဘိုင်နှစ်လုံးနဲ့ ထပ်တိုးလည်ပတ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ ဘီလူးချောင်း အမှတ်(၃)အဖြစ် ၂၆ မဂ္ဂါဝပ်စက်နှစ်လုံးနဲ့ ထပ်ပြီးလည်ပတ်နိုင်ခဲ့ပြီဖြစ်လို့ လောပိတရေအားလျှပ်စစ်ကနေ ဓာတ်အားထုတ်လွှတ်နိုင်မှုက ၂၄၈ မဂ္ဂါဝပ်ဖြစ်လာပြီး အဲဒီစက်တွေ စွမ်းအားပြည့်လည်ပတ်နိုင်ဖို့အတွက် ရေလိုအပ်ချက်ကို မိုးပြုကနေ ထိန်းညှိပို့လွှတ်ပေးနေပါတယ်” ဟု မိုးပြုရေလှောင်တမံမှ အင်ဂျင်နီယာ ဦးလှအောင်က ရှင်းပြသည်။

မိုးပြုရေကာတာ၏ထူးခြားချက်မှာ ရေစုံအနက်လေးပေရှိ ရေယာဉ်များကိုရေကာတာအပေါ်မှအောက်သို့ အောက်မှအပေါ်သို့ ရေလှောင်တံခါးနှစ်ခုဖြင့် အတင်အချပြုလုပ်ပေးပြီး ဖယ်ခုံ၊ အင်းလေး၊ လွိုင်ကော်ထိ ၇၆ မိုင်ခန့်ရှည်လျားသော ရေကြောင်းပို့ဆောင်ရေးလမ်းကြောင်းတစ်ခုကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ယင်းသည် ပနားမားတူးမြောင်း၏ လုပ်ဆောင်ချက်များကဲ့သို့ပင်ဖြစ်ပြီး အရွယ်အစား အကြီးအသေးပုံစံသာကွာခြားသော မြန်မာနိုင်ငံရှိ တစ်ခုတည်းသော ရေကာတာကြီးဖြစ်ကြောင်း။

သို့သော် လုံခြုံရေးအခြေအနေအရ ၁၉၉၉ ခုနှစ်မှစ၍ရေလမ်းကိုပိတ်ထားခဲ့ကြောင်း၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ငါးသယံဇာတ စသည်ဖြင့် ဘက်စုံဖြည့်ဆည်းတာဝန်ကျေပွန်ခဲ့သော မိုးပြုရေကာတာကြီးကို နိုင်ငံခြားပညာရှင်အဖွဲ့နှင့်ညှိနှိုင်း၍ ထိန်းသိမ်းပြုပြင်မှုများလုပ်ဆောင်ရန် စီမံလျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

မိုးပြုရေလှောင်တမံ၏ ရေအရင်းအမြစ်ရရှိမှုမှာ အင်းလေးကန်မှရေသည် ဘီလူးချောင်းမှတစ်ဆင့်စီးဝင်ခြင်းဖြစ်ရာ အင်းလေးကန်သည် အထက်မိုးပြုဟုပင် တင်စားခေါ်ဆိုထိုက်သောကန်ကြီးဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ခြင်းကြောင့် မိုးပြုရေလှောင်တမံကိုထိန်းသိမ်းသကဲ့သို့ အင်းလေးကန်ကိုလည်း ပြုပြင်ထိန်းသိမ်းရမည်ဖြစ်သည်။ ယခုအခါ အင်းလေးကန်၏ အကျယ်အဝန်း၊ ရေထုစီးဝင်မှုအခြေအနေများ လျော့ပါးလာနေကြောင်းတွေ့ရသကဲ့သို့ အင်းလေးကန်ထိခိုက်ပျက်စီးမှုများသည် မိုးပြုသို့လည်း မလွဲမသွေ သက်ရောက်လာမည်ဖြစ်သည်။ သို့ပါ၍ ဒေသတွင်းအတွက်၊ နိုင်ငံတော်အတွက် ကျေးဇူးပြုနေသော အင်းလေးနှင့် မိုးပြုညီတော်နောင်တော်ကန်ကြီးများကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် လွန်စွာအရေးကြီးလှပါကြောင်း. . . . .။

# ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့် ကုက္ကိုင်းခုံးကျော်တံတားဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခြောက်စင်းမြောက်ဖွင့်လှစ်သည့် ကုက္ကိုင်းခုံးကျော်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ်ရှိ အဆိုပါတံတား မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် Capital Construction Ltd စီမံကိန်းဒါရိုက်တာ ဦးသက်လင်းက ကုက္ကိုင်းခုံးကျော်တံတား တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံများကိုယ်စား တိုင်းရင်းဆေးသမားတော်ကြီး ဒေါက်တာကျော်စိန်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကိုကိုကြီးနှင့် တာဝန်ရှိသူတို့က ကုက္ကိုင်းခုံးကျော်တံတားသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ အမွေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ ခုံးကျော်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် ကုက္ကိုင်းခုံးကျော်တံတားကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ဖောင်ဒေးရှင်းမှာ သံကူကွန်ကရစ်လွန်တူးဘိုပိုင် လေးလမ်းသွား တံတားဖြစ်သည်။ တံတားအရှည် ၅၀၅ မီတာ၊ အကျယ် ၁၂ ဒသမ ၈၉ မီတာ၊ အမြင့် ၄ ဒသမ ၉ မီတာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၇၅ တန် ဖြစ်ပြီး တံတားတည်ဆောက်မှုအတွက် ကျပ်ငွေ ၁၃ ဒသမ ၉၇ ဘီလီယံကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲကာ ဂျပန်နိုင်ငံ JFE Engineering Corporation မှ ဒီဇိုင်းရေးဆွဲပြီး Capital Construction Company Limited မှ တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအပေါ်မှ အသွားအပြန်ယာဉ်ကြော လေးလမ်း အသုံးပြုနိုင်မည်ဖြစ်သဖြင့် သွားလာမှုလွယ်ကူအဆင်ပြေချောမွေ့ရေး အထောက်အကူပေးနိုင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# နိမ့်ကျသွားသော ပုသိမ်ဝေန်မြစ်ကူးကြိုးတံတားကြီးပေါ် ပြည်သူများ စိတ်ချစွာသွားလာနိုင်

**ပုသိမ် ဖေဖော်ဝါရီ ၈**

ဖေဖော်ဝါရီ ၇ ရက် နံနက် ၆ နာရီခန့်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ဝေန်မြစ်ကူးကြိုးတံတား အရှည် ပေ ၂၁၄၀ ထိပ်အနောက်ဘက်နှင့် ချဉ်းကပ်တံတားနှစ်ခုအကြား သုံးလက်မခန့် နိမ့်ကျသွားခြင်းကြောင့် စိုးရိမ်ကြောင့်ကြစိတ်များဖြင့် တာဝန်ရှိသူတို့က ကြိုတင်ကာကွယ်ပေးသည့်အနေဖြင့် ခရီးသည်မော်တော်ယာဉ်များ ခရီးသည်နှင့်အတူ ဖြတ်သန်းသွားလာခွင့်မပြုရန်၊ ကုန်တင်ယာဉ်ကြီးများ လုံးဝဖြတ်သန်းမောင်းနှင်ခြင်းမပြုရန် အသိပေးကြော်ငြာထားရှိခဲ့သည်။ အဆိုပါ ပုသိမ်ဝေန်မြစ်ကူးတံတားနှင့်ပတ်သက်၍ ဖေ့ဘွတ်ခ်စာမျက်နှာများတွင်လည်း ထင်ရာမြင်ရာ ပို့(စ်)တင်ခြင်းကြောင့် ပြည်သူများ စိုးရိမ်စိတ်ခံစားနေရသည်ဟု သိရသည်။



ထို့ကြောင့်ဧရာဝတီတိုင်းဒေသကြီး တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေ၊ အင်ဂျင်နီယာချုပ် ဦးနေအောင်ရဲမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းမော်တို့အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်နံနက် ၉ နာရီ တွင် ပုသိမ်ဝေန်မြစ်ကူးကြိုးတံတားကြီး အခန်းများဖွဲ့စည်းထားပုံနှင့်တံတားအောက် သံကူကွန်ကရစ်ပိုင်တိုင်များ၊ အပေါ်သံပေါင်ကြိုးတန်းများ အစရှိသည်တို့ကို အသေးစိတ် စစ်ဆေးကြည့်ရှုကြသည်။ တံတား တည်ဆောက်ခဲ့သည့် ခုနှစ်မှာ ၂၀၀၄ ခုနှစ်ဖြစ်သဖြင့် ဆူနာမီနှင့် နာဂစ်မုန်တိုင်းများ တိုက်ခတ်ခဲ့သည်ကိုပင် ကြံ့ကြံ့ခံနိုင်စွမ်းရှိခဲ့သည်။ သို့သော် တံတားကြီး၏ အနောက်ဘက် ကမ်းထိပ်နှင့် ချဉ်းကပ်တံတားထိပ်နှစ်ခုအကြား၌ သုံးလက်မခန့် နိမ့်ကျသွားခြင်းမှာ ယခင်တည်ဆောက်စဉ်အခါက ကြိုးတံတားပုခက်လွှဲအရှိန်ငြိမ်စေရန်အတွက် ကြိတ်ပြားများ ခုခံထားခဲ့သည့် မူလီရှစ်လုံး သံချေးစားမှုကြောင့် နိမ့်ကျသွားခြင်းသာဖြစ်သည်။

၎င်းတို့ကို နပ်ပေါက်များအသစ်ဖောက်၍ ပြုပြင်ဆောင်ရွက်လျက်ရှိရာ စိုးရိမ်ကြောင့်ကြဖွယ်ရာ လုံးဝမရှိတော့ကြောင်း၊ ပုသိမ် ဝေန်မြစ်ကူးတံတားကြီးသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိက ကုန်စည်ကူးသန်းရာ တံခါးပေါက်ကြီးဖြစ်သကဲ့သို့ အနောက်ရိုးမနှင့် ပင်လယ်ကမ်းခြေအဆုံး ငပုတော၊ ကျိုးကူး၊ ဟိုင်းကြီး၊ ငွေဆောင်၊ ချောင်းသာ၊ ရွှေသောင်ယံ မြို့နယ်ခွဲများနှင့် သာပေါင်းမြို့နယ်အတွင်းရှိ ကျေးလက်တောရွာများမှ ကရင်၊ ဗမာ၊ ရခိုင် တိုင်းရင်းသား တောင်သူလယ်သမားများ၊ ငါး၊ ပုစွန် လုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုလုပ်နေကြသူများအတွက် ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးရေးလမ်းမကြီးဖြစ်၍ နိုင်ငံတော်အကြီးအကဲများက ငွေကြေးမြောက်မြားစွာအသုံးပြုတည်ဆောက်ခဲ့သကဲ့သို့ မြန်မာနိုင်ငံရှိ အင်ဂျင်နီယာများ ညှိနှိုင်းတိုင်ပင် ဆောက်လုပ်ထားရှိခဲ့သော တံတားကြီးဖြစ်ခြင်းကြောင့် ယုံကြည်စိတ်ချစွာ ဖြတ်သန်းသွားနိုင်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းမော်က ရှင်းလင်းပြောကြားသည်။ **(ပုသိမ်လှကြည်)**

# ရန်ကုန်မြစ်အတွင်း လှိုင်းကြီးသဖြင့် စက်တပ်သမ္ဗန်များ အန္တရာယ်ကင်းဝေးရေးဆောင်ရွက်

**ဒလ ဖေဖော်ဝါရီ ၈**

ဒလမြို့နယ် သမ္ဗတကမ်းခြေသမ္ဗန်ဆိပ်မှ ဗိုလ်တထောင်ဆိပ်ကမ်းသို့ ပြေးဆွဲပေးနေသော စက်တပ်သမ္ဗန်များသည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၆ နာရီ ရေကျချိန်က အရှေ့လေပြင်းထန်စွာ တိုက်ခတ်နေသောကြောင့် ရန်ကုန်မြစ်အတွင်း လေထန်လှိုင်းကြီးသဖြင့် စက်တပ်သမ္ဗန်စီးခရီးသွားများအန္တရာယ် ကင်းရှင်းစေရန် စက်သမ္ဗန်တစ်စင်းလျှင် ခရီးသည်တစ်ဝက်သာတင်ပို့ပြီး စရိတ်ခနှုန်းတစ်ဝက်တိုးယူကာ စီမံဆောင်ရွက်ပို့ဆောင်ပြေးဆွဲပေးခဲ့ရကြောင်း သိရသည်။

သမ္ဗတကမ်းခြေ စက်သမ္ဗန်ဂိတ်မှူးတစ်ဦးက “အရှေ့လေပြင်းထန်နေလို့ မြစ်ထဲလှိုင်းတွေကြီးနေတယ်။ ပုံမှန် ၁၂ ယောက်မဟုတ်ဘဲ ခြောက်ယောက်ပဲတင်မယ်။ ခရီးသည်တွေကလည်း ပုံမှန်ကျပ် ၁၀၀ မှ ၂၀၀ နှုန်းပေးကြမယ်။ ရေယာဉ်အန္တရာယ်ကင်းစွာသွားလာနိုင်အောင်လို့ပါ”ဟု အသိပေးပြောကြားခဲ့သည်။



**သတင်း - သန်းဌေး(ဒလ)**
**ဓာတ်ပုံ - စန်းဝဋ္ဋာ**

သမ္ဗတကမ်းခြေ စက်သမ္ဗန်များမှာ ဒီဇယ်အင်ဂျင်ဖြစ်သဖြင့် ခရီးသည် ၁၂ ဦးတင်ဆောင်ခဲ့ပြီး ဒလမြို့နယ်ရှိ တခြားသမ္ဗန်ဆိပ်များဖြစ်သော ကမာအောင်၊ တံလျှပ်၊ ရေကန်၊ စက်မြေ၊ ကမာကဆစ်၊ ကမာကသွယ်၊ မှော်စက်၊ ဆာပါချောင်းနှင့် ကျောင်းစုသမ္ဗန်ဆိပ်များမှ စက်သမ္ဗန်များမှာ ဓာတ်ဆီအင်ဂျင်ဖြစ်သဖြင့် ခရီးသည် ၁၀ ဦးတင်ဆောင်ပြေးဆွဲပေးခဲ့ကြောင်းနှင့် ထိုနေ့က နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီ ရေကျနေချိန်အတွင်းတွင် ရန်ကုန်မြစ်အတွင်း လေထန်လှိုင်းကြီးမှုဖြစ်သောကြောင့် စက်သမ္ဗန်စီး ခရီးသည်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရန် ပုံမှန်အနေအထားမှ ခရီးသည်ကို တစ်ဝက်တင်ကာ အခစျေးနှုန်းတစ်ဝက်တိုးယူပြေးဆွဲပေးခဲ့ကြောင်း သိရသည်။


**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ လူနေရပ်ကွက်အမှတ် (၄၇)၊ အုတ်ရှင်နောင်လမ်းမကြီး၊ မြေကွက်အမှတ် (၃၅)၊ အလျား-၄၆'×အနံ-၆၀'ရှိ ကရန်မြေကွက်ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်းပြနိုင်သူ ဒေါ်ခင်စန်းအောင် (၁၂/ဒဂမ(နိုင်)၁၂၇၉၉၃)၊ PMA-၁၀၀၄၁၅ဖြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားစာရွက်စာတမ်းများနှင့် တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်ဦး (LL.B) — စဉ်-၈၇၅၄ — တရားလွှတ်တော်ရှေ့နေ

ဦးမျိုးဇေထွန်း (LL.B) — စဉ် - ၃၀၉၆၇ — အထက်တန်းရှေ့နေ

တိုက်(၉/၁၁)၊ အခန်း-၃၀၆၊ ၃၆-လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၄၅၀၀၂၄၂၄၃၊ ၀၉ ၅၀၄၆၇၅၄



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ကျွန်မ မဌေးဌေးယဉ် [၁၄/ဝခမ(နိုင်)၀၀၀၆၇၆] ကိုင်ဆောင်သူသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃-ရပ်ကွက်၊ ဆယ်တော်လမ်းသွယ်၊ အမှတ်-၁၉၄၀၊ အလျားပေ ၂၀×အနံပေ ၆၀ရှိ မြေကွက်နှင့် အိမ်အဆောက်အအုံ၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ်-၁၄၉၀အား ကျွန်မ ဒေါ်ဌေးဌေးယဉ်မှ ပိုင်ဆိုင်ပါကြောင်း၊ ၎င်းမြေကွက်နှင့်ပတ်သက်၍ မြေပုံကူးခြင်း၊ ဂရန်သစ်လျှောက်ထားခြင်းတို့အား မည်သူတစ်ဦးတစ်ယောက်ကမျှ ပြုလုပ်ခြင်းမပြုပါရန် အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်ဌေးဌေးယဉ်[၁၄/ဝခမ(နိုင်)၀၀၀၆၇၆]

အမှတ်-၂၆၂၊ ၁၃-ရပ်ကွက်၊ ရှင်ထွေးညိုလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။


**မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း မြန်မာ့ရိုးရာ ထမနဲပွဲကျင်းပမည်**

မြို့မကျောင်းသား၊ကျောင်းသူဟောင်းအသင်းက ကြီးမှူးကျင်းပမည့် (၂၀) ကြိမ်မြောက် မြန်မာ့ရိုးရာမြို့မဟောင်း ထမနဲပွဲကို ၂၃-၂-၂၀၁၆ရက် (အင်္ဂါနေ့)၊ (၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့) ညနေ ၄း၀၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၆၈)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်ရှိ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်များဖြစ်ကြသော အထက(၂) ဒဂုံနှင့် အထက(၃) ဒဂုံတို့မှ ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ပါကြောင်းနှင့် အဆိုပါ မြန်မာ့ရိုးရာမြို့မဟောင်း ထမနဲပွဲတွင် ပျော်ပွဲရွှင်ပွဲများ၊ ကံစမ်းမဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက ဖုန်း-၂၅၀၁၅၃၊ ၇၃၀-၁၁၇၀၇တို့သို့ ဆက်သွယ်နိုင်ပါသည်။

## တောင်ကိုရီးယားရဲ့လတ်တလောမှာ အကျော်ကြားဆုံးသောရုံတင်ဇာတ်ကား "A Violent Prosecutor"

တောင်ကိုရီးယားရဲ့ နာမည်ကျော် သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ကန်ဒုံဝမ်နဲ့ ဟွမ်ယန်းမင်တို့ ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်သစ် "A Violent Prosecutor "ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၄ ရက်က စတင်ကာ နိုင်ငံတစ်ဝန်းရုံတင်ပြသခဲ့ရာ ရုံတင်ပြီး လေးရက်အကြာ ဖေဖော်ဝါရီ ၇ ရက်တွင် အဆိုပါရုပ်ရှင်ကို လာရောက်ကြည့်ရှုသူ ၂ ဒသမ ၀၊သန်းကျော် သွားပြီဖြစ်ကြောင်း အောကေပေ့ဒ်ေါကွန်းက ဖော်ပြခဲ့ပါတယ်။





တောင်ကိုရီးယားရုပ်ရှင်ကောင်စီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယင်းရုပ်ရှင်ဟာ ဖေဖော်ဝါရီ ၆ ရက် တစ်ရက်တည်း၌ပင် လာရောက်ကြည့်ရှုသူ ၉၃၈၉၆၆ ဦးရှိခဲ့ပြီး လက်မှတ် အရောင်း၌ာနတွေမှာ အရောင်းရဆုံးရုပ်ရှင် ဖြစ်ခဲ့ပါတယ်။

ဖေဖော်ဝါရီ ၇ ရက်အထိ ယင်းရုပ်ရှင်ကို လာရောက်ကြည့်ရှုသူ စုစုပေါင်း ၂၅၁၄၃၅ ဦးရှိခဲ့ပြီး လေးရက်အတွင်း ကြည့်ရှုသူ နှစ်သန်းကျော်ခဲ့သော ယခင်က ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေဖြစ်ကြတဲ့ "Assassination" နဲ့ "The Thives"တို့ထက် ကြည့်ရှုသူပိုများတဲ့ ရုပ်ရှင်တစ်ကားဖြစ်လာခဲ့ပါတယ်။

ယင်းရုပ်ရှင်ဟာ ပြစ်မှုရုပ်ရှင်အမျိုးအစားဖြစ်ပြီး ထောင်ထဲမှာ စတင်တွေ့ဆုံခဲ့တဲ့ မင်းသားနှစ်ဦးဟာ ထောင်ထဲကနေလွတ်မြောက်ဖို့ အစီအစဉ်တွေဆွဲကာ တစ်ဦးကိုတစ်ဦး အပြန်အလှန်ကူညီကြပုံတွေကို ရိုက်ကူးတင်ဆက်ထားတာပါ။ ယင်းရုပ်ရှင်ဟာ မင်းသားအသားပေး ရုပ်ရှင်ဖြစ်ပြီး တွဲဖက်သရုပ်ဆောင်ပေးခဲ့တဲ့ မင်းသမီးကတော့ ရှင်စိုးယိုပဲ ဖြစ်ပါတယ်။

## နံပါတ်တစ်နေရာကို ရောက်ရှိသွားတဲ့ "Anti"

အမေရိကန်ပေ့ါပ်အဆိုတော် ရီဟားနားရဲ့ ရှစ်ခုမြောက်တေးအယ်လ်ဘမ်သစ်ဖြစ်တဲ့ "Anti" ဟာ ယခုတစ်ပတ်အတွင်း ဘေလ်ဘော့ဒ်တေးဂီတ ဝက်ဘ်ဆိုက်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးသီချင်းနှစ်ရာအနက် နံပါတ်တစ်နေရာတွင်ရပ်တည်နေကြောင်း အေ့စ်ရှိုးဘေ့စ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းတေးအယ်လ်ဘမ်ဟာ ဖြန့်ချိရောင်းချခဲ့တာ နှစ်ပတ်ကြာခဲ့ပြီဖြစ်ပြီး စတင်ဖြန့်ချိခဲ့တဲ့ ပထမသီတင်းပတ်အတွင်းမှာတော့ ရောင်းအားအတော်နည်းခဲ့ပါတယ်။ ယခုလို ဒုတိယပတ်အတွင်းမှ ရောင်းအားအကောင်းဆုံးအဖြစ် ရပ်တည်နိုင်ခဲ့တာပါ။ လတ်တလောမှာ တေးအယ်လ်ဘမ်ပေါင်း တစ်သိန်းခြောက်သောင်းခြောက်ထောင်ခန့် ရောင်းချခဲ့ရပြီး ဖြစ်ပါတယ်။

ဇန်နဝါရီ ၂၇ ရက်က စတင်ဖြန့်ချိခဲ့တဲ့ "Anti"တေးအယ်လ်ဘမ်ဟာ ပထမသီတင်းပတ်အတွင်း ရောင်းအားမကောင်းခဲ့ရတဲ့ အကြောင်းအရင်းကတော့ တေးသံရှင်ရီဟားနားနဲ့ ဆမ်ဆောင်းတေးဂီတတို့ ချုပ်ဆိုခဲ့တဲ့ စာချုပ်ကြောင့်ပဲ ဖြစ်ပါတယ်။ စတင်ထုတ်လွှင့်ခဲ့တဲ့ ရက်တွေအတွင်းမှာ ရီဟားနားဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို အခမဲ့ကူးယူခွင့်ပေးခဲ့တာကြောင့်ပါ။ ရောင်းချခဲ့ရတဲ့ တေးအယ်လ်ဘမ်အရေအတွက်ကိုဖော်ပြရာမှာ အခမဲ့ကူးယူခဲ့တဲ့ တေးအယ်လ်ဘမ်အရေအတွက်ကို ထည့်သွင်းခဲ့ခြင်းမရှိတဲ့အတွက် ပထမသီတင်းပတ်အတွင်းမှာလည်း ကူးယူခံရမှုများခဲ့ပေမယ့် ရောင်းအားကောင်းတဲ့ တေးအယ်လ်ဘမ်တွေထဲ မပါဝင်ခဲ့ရခြင်း ဖြစ်ပါတယ်။



ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်တွေရဲ့ နံပါတ်နှစ်နေရာမှာတော့ ကယ်လ်ဘင်ဂိတ်စ်ရဲ့ တေးအယ်လ်ဘမ် "Islah"က ရပ်တည်နေပြီး နံပါတ်သုံးနေရာမှာတော့ ဗြိတိန်ပေ့ါပ်အဆိုတော် အဒဲလ်ရဲ့ "Hello" တေးအယ်လ်ဘမ်က နေရာယူထားခဲ့ပါတယ်။

## ချစ်သူသစ်ရသွားပြီဖြစ်တဲ့ အမ်မာဝပ်ဆန်



"Harry Potter" မော်ဇာတ်လမ်းတွဲ ရုပ်ရှင်တွေမှာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ်မှ ငွေရောင်ပိတ်ကားပေါ်တွင်ပင် တဖြည်းဖြည်းအရွယ်ရောက်လာခဲ့ပြီး လတ်တလောမှာ ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်လာခဲ့တဲ့ အမ်မာဝပ်ဆန်ဟာ ချစ်သူသစ်ရရှိနေပြီဖြစ်ကြောင်း နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၂၅) နှစ်ရှိပြီဖြစ်တဲ့ အမ်မာရဲ့ချစ်သူဟာ သူ့လိုအနုပညာနယ်ပယ်ထဲမှ သူတစ်ဦးမဟုတ်ပေ။ သူ့ထက် အသက်(၁၀)နှစ်ခန့်ကြီးသော သူ၏စီနီယာတစ်ဦးဖြစ်ပြီး လတ်တလောမှာ နည်းပညာကုမ္ပဏီတစ်ခု၌ စီနီယာမန်နေဂျာတစ်ဦးအဖြစ်လုပ်ကိုင်နေတဲ့ ဝီလီယမ် မက်ခ်နိုက်ပဲ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လွန်ခဲ့တဲ့ လေးလလောက်ကတည်းက ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြခြင်း ဖြစ်ကြောင်းလည်း သိရပါတယ်။

မကြာသေးမီက သူတို့နှစ်ဦးဟာ ကယ်လီဖိုးနီးယားပြည်နယ်သို့ တစ်ပတ်ကြာ အလည်အပတ် ခရီးထွက်ခဲ့ကြရာကနေ ယခုလို အမ်မာရဲ့အချစ်ရေးနဲ့ ပတ်သက်တဲ့ သတင်းတွေ ထွက်ပေါ်လာခဲ့ရတာပါ။ အမ်မာနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးကလည်း အမ်မာက သူရဲ့ချစ်သူဟာ လက်တွေ့ကျကျ ဘဝကိုဖြတ်သန်းနေတဲ့ သာမန်လူတစ်ဦးဖြစ်ပြီး ဟောလိဝုဒ်လောကနဲ့ မပတ်သက်တဲ့ သူတစ်ဦးဖြစ်တာကြောင့် ယခုလိုချစ်သူအဖြစ် လက်တွဲဖို့ ရွေးချယ်ခဲ့တာဖြစ်ကြောင်း The Sun သတင်းစာကို ပြောကြားခဲ့ပါတယ်။



ဝီလီယမ် မက်ခ်နိုက်။

အမ်မာဟာ ယခင်က ရပ်ဂ်ဘီကစားသမားတစ်ဦးဖြစ်တဲ့ မက်သရူးဂျန်နီနဲ့ ချစ်သူတွေဖြစ်ခဲ့ကြပြီး သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာ ၂၀၁၄ ခုနှစ်မှာ အဆုံးသတ်ခဲ့တာဖြစ်ပါတယ်။

## ကောလာဟလတွေကို အရိပ်အမြွက်ပေးလိုက်တဲ့ ဘလွန်းနဲ့ ပယ်ရီ

လတ်တလောမှာ ဟောလိဝုဒ်ရဲ့ စုံတွဲတွေအကြား သို့လောသို့လော အပြောအဆိုရဆုံးသော စုံတွဲတစ်တွဲဖြစ်တဲ့ "Pirate of the Caribbean" မင်းသား အော်လန်ဒိုဘလွန်းနဲ့ "Dark Horse" အဆိုတော် ကတ်တီပယ်ရီတို့နှစ်ဦးဟာ လော့အန်ဂျလိစ်မှာ အတူအလည်ထွက်နေတာကို တွေ့မြင်ခဲ့ရတဲ့အတွက် သူတို့နှစ်ဦးရဲ့ အချစ်ရေးနဲ့ ပတ်သက်တဲ့ကောလာဟလတွေကို အရိပ်အမြွက်ပေးလိုက်သလို ဖြစ်ခဲ့ကြောင်း အေ့စ်ရှိုးဘေ့စ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

ကတ်တီပယ်ရီဟာ အော်လန်ဒိုဘလွန်း မောင်းနှင်လာတဲ့ ဘီအမ်ဒဘလျူကားရဲ့ နောက်ခန်းထဲမှာ ထိုင်လိုက်ရင်း ကော်ဖီတစ်ခွက်ကို သောက်နေခဲ့ပါတယ်။ သူတို့နှစ်ဦးနဲ့ အတူ အော်လန်ဒိုဘလွန်းရဲ့ အရင်အိမ်ထောင်ဖြစ်တဲ့ မရန်ဒါကားနဲ့ ရရှိခဲ့တဲ့ အသက်(၅)နှစ်အရွယ်သားလေး ဖလင်းလည်း အတူလိုက်ပါခဲ့တာကို တွေ့ရပါတယ်။

ယခင်ကလည်း သူတို့နှစ်ဦးကို ပါတီပွဲတော်တော်များများမှာ တွဲတွေ့ရလေ့ရှိပြီး ယခုလို သူတို့တွေကို ပြီးခဲ့တဲ့ စနေနေ့နေ့လယ်ပိုင်းက အတူတွေ့လိုက်ရတဲ့အတွက် သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြပြီဆိုတဲ့ ကောလာဟလဟာ ပိုမိုခိုင်မာလာခဲ့ရပါတယ်။

**အေးပြည့် - စုစည်းသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၉ - ၂ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ လူထုကိုအခြေပြုကာရပ်တည် မြန်မာ့ခရီးသွားလုပ်ငန်း (CBT)
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ (ဦးလှထွန်း၊ ဇော်မင်းထူး)
၁၂း၃၅ ပြည်ထောင်စုဆိုကြမယ်၊ ပျော်ကြမယ် (NRC)
၁း၂၀ ပြည်သူတို့ထံပျံ့သန်းလာသောလေလှိုင်းများ၏ နှစ် (၇၀)ပြည့်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနုပညာသည်တို့၏ ပီတိများ (အပိုင်း-၁)
၂း၃၅ လူမှုစီးပွားမြင်ကွင်းများ
၃း၁၅ Football Magazine
၃း၄၅ နိုင်ငံတော်သမ္မတ နိုင်ငံစွမ်းရည်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၇း၀၅ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်(၇၀)ပြည့်အထိမ်းအမှတ် ဆိုကြမယ်၊ ပျော်ကြမယ် ဆု(၃)ကြိမ်နှင့်အထက် ရရှိသူများ၏ ဖျော်ဖြေမှုအစီအစဉ်
၇း၃၀ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်(၇၀) ပြည့်အထိမ်းအမှတ်စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်
၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်(၇၀)ပြည့်အထိမ်းအမှတ် မြန်မာသံစဉ်ဂန္ထဝင်သီချင်းများ (တင်တင်မြ)
၉း၀၀ ပြည်တွင်းသတင်း -သံစုံတီးဝိုင်း -ပြည်သူတို့ထံပျံ့သန်းလာသောလေလှိုင်းများ၏ နှစ် (၉၇၀)ပြည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနုပညာသည်တို့၏ပီတိများ (အပိုင်း-၁) (ဒါရိုက်တာ-ဦးအောင်မြင့်မြတ်)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -သံသာချိုအေးမင်္ဂလာတေး
၆း၁၀ ပြည်သူ့နိုတိ "စည်းအခြားကမ်းအတား"
၆း၃၀ ဝတ်စားဆင်ယင်မှုပြပွဲ
၆း၄၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၈)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၄)
၈း၄၀ ဟိုးတုန်းက. . ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ (ထက်နေချမ်း၊ ဘလိတ်၊ ကိုရှမ်း၊ ငြိမ်းဖြူ၊ ချိုတေးလွင်လွင်) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy))
၉း၄၀ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း "မြပုဏ္ဏမာအငြိမ့်"
၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "အမုန်းလက်တစ်ကမ်း" (ဖြိုးငွေစိုး၊ရန်အောင်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-စိုးကျော်ဆန်း)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ဂုဏ်ကျေးဇူးကိုနားလည်ပါ" တရားတော်(ဆရာတော် အရှင်ဥေယျမ္မ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၇)
၈း၀၀ "မင်္ဂလာပါ"The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၆)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၁၅ သွားမယ်စားမယ် (Royal Thai Restaurant)
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၈)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၁၅)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၇)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၈)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၁၆)
၈း၀၀ MRTV-4 သတင်း
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၇)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၉)
၁၀း၁၀ MRTV-4 Stage
၁၀း၄၀ World of Knowledge (Highway Thru Hell Canada- Heavy Rescue)

### mitv

07:26 Insight Myanmar "MNHRC Complaints Mechanism"
07:52 Tea Leaves
08:26 Rakhine Tourist Area
09:26 Archery Session (from Ramayana Play)
09:47 All About Orchids
10:26 A Way of Life: Karate-do
10:40 A village where old traditions prevails
10:51 Today Myanmar: First Chapter of New History
07:26 A Day Out With Sarah (Ep-3)
07:51 Chaung Tha Souvenir Business
08:26 Unique Pattern Of Myanma...A Trend Of Chin Traditional Dress

# တိုက်စစ်အားပြိုင်မှုတွေနဲ့ ရသအပြည့်ပေးစွမ်းခဲ့တဲ့ ချယ်လ်ဆီး-မန်ယူပွဲ

ဖေဖော်ဝါရီ ၇ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၅)မှာ ချယ်လ်ဆီးနဲ့ မန်ယူတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ပေါ်ထွက်ခဲ့သလိုပရိသတ်ကို ရသအပြည့်အဝ ပေးနိုင်တဲ့ ပွဲလည်းဖြစ်ခဲ့ပါတယ်။ မန်ယူဟာ ၄-၂-၃-၁ ကစားကွက်နဲ့ပွဲထွက်လာပြီး ဗဟိုတိုက်စစ်မှူးနေရာမှာ ဝိန်းရွန်းနီ၊ တောင်ပံနှစ်ဖက်မှာ မာရှယ်လ်၊ လင်းဂတ်၊ ကွင်းလယ်မှာ မာတာ၊ ဖယ်လိုင်နီစသဖြင့် အဓိက ကစားသမားတွေနဲ့ စုံစုံညီညီပွဲထွက်လာပြီး တိုက်စစ်ဖွင့်ကစားခဲ့ပါတယ်။ ချယ်လ်ဆီးကလည်း ဒီယေဂိုကော်စတာ၊ ဝီလီယံ၊ အော်စကာ၊ မာတစ်၊ ဖာဘရီဂတ်စ်၊ မီးခေးလ်၊ ဂွန်တယ်ရီတို့ပါဝင်ခဲ့ပြီး ၄-၃-၃ ကစားကွက်အသုံးပြုကာ မန်ယူကို ရင်ဆိုင်ခဲ့ပါတယ်။

မန်ယူအသင်းဟာ ပွဲစတယ်ဆိုကတည်းက ချယ်လ်ဆီး ခံစစ်ကြောင်းကို တရစပ်ထိုးဖောက်ကစားခဲ့တာကြောင့် ပွဲချိန်မိနစ် ၂၀ အတွင်းမှာပဲ ထောင့်ကန်ဘောကိုးကြိမ်တောင် ကန်ခွင့်ရခဲ့ပါတယ်။ ဒါပေမယ့်လည်း စမောလင်း၊ ဖယ်လိုင်နီတို့ အဆုံးသတ်မသေချာမှုကြောင့် ဂိုးအဖြစ်တော့ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပါဘူး။ ပွဲချိန်မိနစ် ၃၀ ကျော်လွန်လာခဲ့ချိန်မှာတော့ ချယ်လ်ဆီးအသင်းကစားကွက် ပြန်လည်တည်ငြိမ်လာပြီး အော်စကာ၊ ဝီလီယံတို့ တိုးအားကောင်းခဲ့သလို ကော်စတာရဲ့ထိုးဖောက်မှုတွေကလည်း ထိရောက်ခဲ့တဲ့အတွက် ပွဲဟာအပြန်အလှန် ထိုးဖောက်မှုတွေနဲ့ ပိုမိုအသက်ဝင်လာခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းရတဲ့ ထောင့်ကန်ဘောတွေဟာ မန်ယူထက် ပိုမိုသေသပ်ခဲ့တာကြောင့် မန်ယူဂိုးသမား ဒီဂီယာနဲ့ နောက်တန်းကစားသမားတွေသာ ယခုလောက် တည်ငြိမ်မှုမရှိခဲ့ရင် မန်ယူစောစောစီးစီး ဂိုးပေးရမယ့်အနေအထားပါ။

မန်ယူကွင်းလယ်ကစားသမားမာတာရဲ့ အကွက်မြင်မြင်ဖန်တီးမှုတွေက မာရှယ်လ်-လင်းဂတ်-ရွန်းနီတို့ရဲ့ တိုက်စစ်တွဲလုံးတွေကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်



ခဲ့တာကြောင့် မန်ယူအသင်းဂိုးရမယ့် အခွင့်အရေးအတော်များများ ဖန်တီးနိုင်ခဲ့တာကို တွေ့ရပါတယ်။ မာရှယ်လ်ရဲ့ ကန်ချက်ကို ချယ်လ်ဆီးဂိုးသမား ကော်တိုးရစ်စ် လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သလို မန်ယူဂိုးသမားဒီဂီယာကလည်း ဂွန်တယ်ရီ၊ မာတစ်တို့ရဲ့ခေါင်းတိုက်ချက်တွေကို ကာကွယ်နိုင်ခဲ့လို့ ပထမပိုင်းမှာ ဂိုးမရှိသရေနဲ့သာ ပြီးဆုံးသွားခဲ့ပါတယ်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်မှာတော့ မန်ယူအသင်းဟာ ချယ်လ်ဆီးရဲ့ခံစစ်ကြောင်းကို တောက်လျှောက်ဖိအားပေးကစားနိုင်ခဲ့ပြီး မာရှယ်လ်-ရွန်းနီ-လင်းဂတ်တို့ရဲ့ တွဲလုံးကတစ်ဆင့် ပွဲကစားချိန် ၆၁ မိနစ်မှာ လင်းဂတ်က မန်ယူအတွက် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့ပါတယ်။ ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် ချယ်လ်ဆီးက အော်စကာနေရာမှာ ဟာဇက်၊ မာတစ်နေရာ ပက်ဒရိုတို့ကို လူစားလဲခဲ့ပြီး ချေပဂိုးရဖို့ တိုက်စစ်မြှင့်ကာ ကစားခဲ့ပါတယ်။ ဒါပေမယ့် ပွဲကစားချိန်မိနစ် ၇၀ ကျော်လွန်ချိန် ချယ်လ်ဆီး နောက်ခံလူ ဇူးမားဒဏ်ရာရရှိခဲ့လို့ ဂယ်ရီကာဟေးလ်နဲ့ လူစားလဲမှု ပြုလုပ်ခဲ့ရပါတယ်။

မန်ယူကတော့ ဖယ်လိုင်နီနေရာ ရှနိုက်ဒါလင်၊ လင်းဂတ်နေရာ ဒီပေးတို့ကို လူစားလဲခဲ့ပြီး ခံစစ်ဦးစားပေးကစားဟန်နဲ့ ချယ်လ်ဆီးတိုက်စစ်ကို ထိန်းချုပ်ကစားဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန်မိနစ် ၉၀ ပြီးလို့ နာကျင်အချိန်ပို ၉၁ မိနစ်မှာ တိုက်စစ်မှူး ကော်စတာက ဖာဘရီဂတ်စ်ရဲ့ ပေးပို့မှုကတစ်ဆင့် ချယ်လ်ဆီးအတွက် အဖိုးတန်ချေပဂိုးကို သွင်းယူပေးလို့ မန်ယူတို့ အသည်းကွဲခဲ့ရပါတယ်။ ဒီလို တစ်ဖက်တစ်ဂိုးစီနဲ့ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် မန်ယူအသင်းဟာ ဦးဆောင်သူ လက်စတာအောက် ၁၂ မှတ်အထိကွာဟကာ ရမှတ် ၄၁ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၅)နေရာမှာ ရပ်တည်နေသလို ချယ်လ်ဆီးအသင်းကလည်း ရမှတ် ၃၀ နဲ့ အဆင့်(၁၃)နေရာ ဆက်လက်ရပ်တည်နေရဆဲပဲ ဖြစ်ပါတယ်။

### နှစ်ဖက်နည်းပြများရဲ့ ပွဲအပြီးမှတ်ချက်စကားများ

**ချယ်လ်ဆီးနည်းပြ ဂူဟစ်ဒင့်**

"ကျွန်တော်တို့အသင်းရဲ့ တုံ့ပြန်ကစားနိုင်စွမ်းကို ကျေနပ်မိပါတယ်။ မန်ယူက ပထမပိုင်းနဲ့ ဒုတိယပိုင်းအစမှာ ပိုကောင်းခဲ့ပေမယ့် နောက်ပိုင်းပွဲချိန်တွေမှာတော့ ချယ်လ်ဆီးကပိုကောင်းလာခဲ့ပါတယ်။ မန်ယူဟာ အနိုင်ကစားဖို့ခက်တဲ့အသင်းဖြစ်တာကြောင့် ရမှတ်တစ်မှတ်ရတာကိုပဲ ကျေနပ်မိပါတယ်။မန်ယူအသင်းသွင်းယူခဲ့တဲ့ ဂိုးဟာ လှပသေသပ်လှသလို သူတို့ အကောင်းဆုံးလည်း ကစားနိုင်ခဲ့ပါတယ်။"

**မန်ယူနည်းပြ ဗန်ဟားလ်**

"ကျွန်တော်တို့အသင်းက ပိုကောင်းခဲ့သလို အနိုင်ရလဒ်လည်း ရသင့်ခဲ့တယ်လို့ ထင်ပါတယ်။ နှစ်သင်းစလုံးလည်း ဂိုးဖန်တီးမှုတွေ အကြိမ်ကြိမ်ပြုလုပ်နိုင်ခဲ့ပေမယ့် ဂိုးသမားနှစ်ဦးလုံးက သိပ်ကောင်းနေလို့ ရဂိုးနည်းခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းနောက်ဆုံးအချိန်ထိ ကစားအားမကျခဲ့သလို ပွဲကိုလည်း ကောင်းကောင်းထိန်းချုပ်နိုင်ခဲ့တယ်။ ဒါပေမယ့် ချယ်လ်ဆီးကလည်း ကျွန်တော်တို့လိုပဲ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။"

### ယခုပွဲစဉ်မှ သင်သိသင့်တဲ့ အချက်အလက်များ

* *ချယ်လ်ဆီးအသင်းမှာ နည်းပြဂူဟစ်ဒင့်လက်ထက်တွင် ယခုထိရှုံးပွဲမရှိသေးသော်လည်း ၂၀၁၂ ခုနှစ် နိုဝင်ဘာလ နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အိမ်ကွင်းလေးပွဲဆက်တိုက် သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်။*
* *ယခုပွဲစဉ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့သူ မန်ယူတိုက်စစ်မှူးလင်းဂတ်မှာ ဂိုးပေါက်ကန်သွင်းမှု လေးကြိမ်မှ သုံးဂိုးအထိသွင်းယူနိုင်ခဲ့။*

**(ရွှင်ယန်ဟောဒင်)**

## မော်ရင်ဟို မန်ယူအသင်းကို ကိုင်တွယ်မယ်ဆိုတဲ့သတင်းကို ဗန်ဟားလ်ငြင်းဆို

မန်ယူအသင်းနဲ့ ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုတို့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ သတင်းတွေ ထွက်လာပြီးတဲ့နောက်မှာတော့ လက်ရှိမန်ယူနည်းပြ ဗန်ဟားလ်က သူ့ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး မန်ယူအသင်းအနေနဲ့ ရှင်းရှင်းလင်းလင်းပြောကြားဖို့ မလိုအပ်ပါဘူးလို့ ပြောကြားလိုက်ပါတယ်။

မန်ယူအသင်းဟာ နည်းပြမော်ရင်ဟိုရဲ့ကိုယ်စားလှယ်နဲ့ ပွင့်လင်းတဲ့ဆွေးနွေးမှုတွေပြုလုပ်ထားတယ်လို့လည်း ဘီဘီစီသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။ အဲဒါကြောင့် မန်ယူအသင်းရဲ့ အမှုဆောင်အရာရှိချုပ်ဖြစ်သူ အက်ဒ်ဝုဒ်ဝက်ဒ်ကို မေးကြည့်ပါလို့ နည်းပြဗန်ဟားလ်က ချယ်လ်ဆီးနဲ့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့ပွဲစဉ်အပြီးမှာ သတင်းထောက်တစ်ဦးကို ပြောခဲ့ပါသေးတယ်။ အဲဒါတင်မကဘဲ ပုံပြင်တွေဖန်တီးခဲ့တယ်ဆိုရင်လည်း မန်ယူအသင်းအနေနဲ့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးဘာလို့ ငြင်းဆိုခဲ့တာလဲဆိုတဲ့ မေးခွန်းထုတ်မှုတွေပါ လုပ်ဆောင်ခဲ့ပါသေးတယ်။ လက်ရှိမှာတော့ မန်ယူအသင်းဟာ ချယ်လ်ဆီးအသင်းနဲ့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီးတဲ့နောက်မှာ ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ လက်စတာစီးတီးအသင်းနဲ့ ၁၂ မှတ်အထိကွာဟနေတာလည်း တွေ့ရမှာပါ။

မန်ယူအသင်းအနေနဲ့ လက်ရှိနည်းပြဗန်ဟားလ်နေရာမှာ ချယ်လ်ဆီးနည်းပြမော်ရင်ဟိုကို အစားထိုးနည်းပြအဖြစ်ခန့်အပ်ဖို့ ဆွေးနွေးမှုတွေ ပြုလုပ်ထားခဲ့တယ်ဆိုတဲ့သတင်းတွေ အတော်များများထွက်ပေါ်ခဲ့ပေမယ့် နည်းပြဗန်ဟားလ်ကိုတော့ အဲဒါတွေနဲ့ပတ်သက်ပြီး ပြောကြားခဲ့ခြင်းမရှိသေးဘူးလို့ သတင်းတွေက ဖော်ပြထားပါတယ်။

ဗန်ဟားလ်ရဲ့ မန်ယူအသင်းနဲ့စာချုပ်သက်တမ်းကလည်း ၁၈ လလောက်သာ ကျန်တော့တဲ့အတွက် ဘိုင်ယန်နည်းပြ ဂွါဒီယိုလာကို ကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမယ့် ဂွါဒီယိုလာဟာ မန်စီးတီးအသင်းနဲ့ သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုဖို့ သဘောတူညီခဲ့ပြီဖြစ်တာကြောင့် ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုဘက်ကို မြားဦးလှည့်လို့ လာခဲ့ပါတယ်။

ဒါပေမယ့် နည်းပြဗန်ဟားလ်အနေနဲ့ကတော့ အခုတစ်ပတ်ထဲမှာ မီဒီယာတွေရဲ့ထောက်ခံမှုရရှိဖို့ မျှော်လင့်မိတယ်လို့လည်း ပြောခဲ့ပါသေးတယ်။ ဗန်ဟားလ်အနေနဲ့ မန်ယူနည်းပြအဖြစ်နဲ့ ဆက်ရှိမလား၊ ဒါမှမဟုတ် ဗန်ဟားလ်နေရာကို တကယ်ပဲ မော်ရင်ဟိုနဲ့ အစားထိုးသွားမလားဆိုတာတွေကိုတော့ စောင့်ကြည့်ရဦးမယ်လို့ ဆိုခဲ့ပါတယ်။ အဲဒီလိုဆိုခဲ့ပေမယ့် ဗန်ဟားလ်အနေနဲ့ မော်ရင်ဟို မန်ယူကို ကိုင်တွယ်ဖို့ ချိတ်ဆက်ခဲ့တယ်ဆိုတာတွေနဲ့ ပတ်သက်လို့ ငြင်းဆိုသွားခဲ့ပါတယ်။

သို့သော် လက်ရှိရာသီကုန် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိခဲ့ပါက မန်ယူအသင်းနဲ့ လမ်းခွဲမယ်လို့လည်း နည်းပြဗန်ဟားလ်က အတိအလင်း ပြောကြားခဲ့ကြောင်းလည်း သတင်းတွေထွက်ပေါ်နေပါတယ်။ **(ငွေကြယ်)**

## အာဆင်နယ်၏ ပရီမီယာလိဂ် ချန်ပီယံအိပ်မက်အတွက် လက်စတာကို အနိုင်ယူပြမည်ဟု ဝင်းဂါးကြွေးကြော်

အာဆင်နယ်အသင်းသည် အဝေးကွင်းတွင် ဘုန်းမောက်အား နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့ပြီးနောက် လာမည့်အပတ် (ဖေဖော်ဝါရီ ၁၄ ရက်)တွင် ကစားမည့် လက်စတာအသင်းနှင့် ပွဲစဉ်တွင် သေချာပေါက် အနိုင်ရရှိအောင် ကစားသွားမည် ဖြစ်ကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက ကတိပြုပြောကြားခဲ့သည်။လက်စတာအသင်းသည် လီဗာပူး၊ မန်စီးတီးတို့အား ဆက်တိုက်ရင်ဆိုင်ခဲ့ရသော်လည်း နှစ်ပွဲစလုံးအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် အမှတ်ပေးဇယား ထိပ်ဆုံးနေရာကို ငါးမှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့သည်။

အာဆင်နယ်သည် လက်ရှိတွင် စပါးအသင်းနှင့် ရမှတ်တူ ၄၈ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၃)နေရာတွင် ရပ်တည်နေပြီး ပထမအကျော့တွင် လက်စတာအား အဝေးကွင်းတွင် ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိအောင်ကစားနိုင်ခဲ့သည်။ ဖေဖော်ဝါရီ ၁၄ ရက်၌ အာဆင်နယ်သည် လက်စတာအား အမ်းမရိတ်စ်ကွင်းတွင် ဧည့်ခံကစားရမည်ဖြစ်သကဲ့သို့ ယင်းနေ့မှာပင် ဒုတိယနေရာမှ စပါးသည်လည်း မန်စီးတီးအား သွားရောက်ရင်ဆိုင်ရမည်ဖြစ်ရာ အမှတ်ပေးဇယားထိပ်ဆုံးလေးသင်း၏ ထိပ်တိုက်တွေ့ဆုံမှုကို ပရိသတ်များအနေဖြင့် ရှုစားရတော့မည်ဖြစ်သည်။ လက်စတာနှင့် အာဆင်နယ်တို့အကြား ငါးမှတ်ကွာဟမှုကိုလျှော့ချနိုင်ရန် လက်စတာအား အနိုင်ရရှိအောင် ကစားသွားမည်ဖြစ်ကြောင်း ဝင်းဂါးက ကြွေးကြော်လိုက်ခြင်းဖြစ်သည်။

ဝင်းဂါးက လက်စတာနှင့် ယှဉ်ပြိုင်ရမည့်ပွဲမှာ အာဆင်နယ်အသင်းအတွက် လွန်စွာအရေးကြီးကြောင်း၊ လက်စတာအသင်းသည် လီဗာပူးနှင့် မန်စီးတီးနှစ်သင်းစလုံးအား ဆက်တိုက်အနိုင်ယူနိုင်ခဲ့ပြီးနောက် ချန်ပီယံဖြစ်ရန် ရေပန်းစားမှုမြင့်တက်လာကြောင်း၊ "နိုင်ကိုနိုင်ရမည်"ဟူသော စိတ်ဓာတ်ဖြင့် ရင်ဆိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နည်းပြဝင်းဂါးသေချာပေါက် အနိုင်ကစားမည်ဟု ပွဲကြိုစကားပြောကြားတိုင်း အာဆင်နယ်မှာ အင်အားကြီးပြိုင်ဘက်များကိုပင် အနိုင်ယူနိုင်ခဲ့သည်ကို မန်ယူနှင့် ဘိုင်ယန်မြူးနစ်တို့အား ရင်ဆိုင်ခဲ့သည့်ပွဲစဉ်များတွင် အထင်အရှားမြင်တွေ့ခဲ့ရသည်။

လက်စတာနည်းပြ ရာနီရေရီက လက်စတာ၏ ခြေစွမ်းကြောင့် ပရီမီယာလိဂ်ချန်ပီယံအဖြစ် ဗိုလ်စွဲမည်ဟု ရေပန်းစားခဲ့သော ပရီမီယာလိဂ်အသင်းကြီးများ မှင်တက်မိပြီး တုန်လှုပ်သွားခဲ့ပြီဟု တုံ့ပြန်ပြောကြားထားသည်။ ရာနီရေရီက "အခုဆို ပရီမီယာလိဂ်ရဲ့ ထိပ်တန်းအသင်းကြီးတွေက လက်စတာရဲ့ ချန်ပီယံဆုကို စိန်ခေါ် နိုင်တယ်ဆိုတဲ့ အနေအထားကြောင့် စပြီးတုန်လှုပ်လာကြပါပြီ။ သူတို့က ကျွန်တော်တို့အသင်းရဲ့ အဓိကကစားသမားတွေ ဘယ်အချိန် ခြေချော်မလဲဆိုတာ စောင့်နေကြပေမယ့် ဒီလိုအခြေအနေမျိုး ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး"ဟု ဆိုလိုက်သည်။

**(ရွှင်ယန်ဟောဒင်)**



# မူဆယ်မြို့၌ ပြောက်ဖောက်ရာမှ မီးလောင်မှုဖြစ်ပွား

**မူဆယ် ဖေဖော်ဝါရီ ၈**

မူဆယ်မြို့ တောင်ရပ်ကွက်ရှိ ဦးလိုကီတေ၏ ပါဝါကားပစ္စည်း အရောင်းဆိုင် အနောက်ဘက်ဆောင်၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီ ၅ မိနစ်တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားသည်။

မီးလောင်ရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းမင်းဦးနှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်တို့၏ ကွပ်ကဲမှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန်းဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊



ခရိုင်မီးသတ်ဦးစီးမှူး ဦးကိုကိုကြီး ပါဝင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်ခြောက်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၈ မိနစ်တွင် မီးညွန့်ကျိုးခဲ့သည်။

အိမ်ရှင် ဦးလိုကီတေသည် တရုတ်ဘုရားကျောင်းသို့ နှစ်သစ်ကူးဆုတောင်းရန် မိသားစုနှင့်အတူ သွားရောက်နေစဉ် နေအိမ်အစောင့်ဖြစ်သူ ကိုငြိမ်းထွေးက ပြောက်ဖောက်ကစားရာမှ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**



# မောင်းမကန်ကျေးရွာ ကမ်းခြေရှိ စျေးဆိုင်ခန်းများ မီးလောင်မှုဖြစ်ပွား

**ထားဝယ် ဖေဖော်ဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာ၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က မောင်းမကန်ကမ်းခြေနှင့် လမ်းသစ်လမ်းဆုံအနီးရှိ ၂၀၀ ( KVA )ဗို့ရှိ ထရန်စဖော်မာမှ ဝါယာရှော့ဖြစ်ကာ မြက်ခြောက်နှင့်သစ်ပင်များမှတစ်ဆင့် ကမ်းခြေရှိစျေးဆိုင်ခန်း ၁၂ ခန်း မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၈ ရက် နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က မောင်းမကန်ကမ်းခြေနှင့် လမ်းသစ်လမ်းဆုံအနီးရှိ ၂၀၀ ( KVA )ဗို့ရှိ ထရန်စဖော်မာမှ ဝါယာရှော့ဖြစ်ကာ ပတ်ဝန်းကျင်ရှိ မြက်ခြောက်နှင့်သစ်ပင်များမှတစ်ဆင့် မီးလောင်ကျွမ်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကမ်းခြေရှိစျေးဆိုင်ခန်း ၁၂ ခန်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်ကျွမ်းရာသို့ မီးသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ် သုံးစီးဖြင့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ရဲသူရိန်ခင်မောင်ရီနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ လောင်းလုံးမြို့နယ် ယာယီရဲမှူး အောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၃ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေပိုက်ဆင်နေစဉ် ရေကန်ပြိုကျပိမိ၍ နှစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၈။** ။ ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက်နေ ဦးချစ်ကိုကို(၄၅)နှစ်၏ ရွှေမြင်တင်ရွာ ကျောင်းသစ်ရပ်ကွက်ရှိ ၂၇ ဧက ခန့်အကျယ် စိုက်ခင်းအတွင်း နှစ်ရှည်သီးနှံပင်များစိုက်ပျိုးရန် တည်ဆောက်ထားသည့် မြေစိုက်အုတ်ရေကန်အနီး၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီခန့်က ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်နေ မျိုးဇော်ဦး(ခ) ဝက်ကြီး(၃၈)နှစ်နှင့် တစ်ရပ်ကွက်တည်းနေ ဦးအုန်းကျော်(၅၃)နှစ်တို့ ရေပိုက်ဆင်နေစဉ် ရေကန်၏ နံရံမှာပြိုကျ၍ ဦးအုန်းကျော်နှင့် မျိုးဇော်ဦး(ခ)ဝက်ကြီးတို့အား ပိမိသဖြင့် ဒဏ်ရာများအသီးသီးရရှိကာ သေဆုံးသွားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## မူးယစ်ဆေးဝါးနှင့် ဓား အတို၊ အရှည်များ သိမ်းဆည်းရမိ

**ဒလ ဖေဖော်ဝါရီ ၈**

ဒလမြို့နယ် စက်မြေရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ သက်ဆိုင်ရာက ဖမ်းဆီးရာ မူးယစ်ဆေးဝါးများနှင့် လက်နက်များပါ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၅ ရက် ည ၈ နာရီခွဲက စက်မြေရပ်ကွက် ဓမ္မာရုံလမ်းနေ ကျော်မင်းထိုက်၏နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ဒလမြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်သက်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေခဲ့ကြသည်။



ထိုသို့ရှာဖွေရာ နေအိမ်အတွင်းမှ မူးယစ်ဆေးဝါး ဆေးခြောက်အထုပ် ၁၆ ထုပ် (စုစုပေါင်း အလေးချိန် ၄၂၈ ဂရမ်)၊ မူးယစ်ဆေးဝါး ရောင်းရငွေကျပ် ၃၄၉၀၀၊ ဖုန်းတစ်လုံး (ဆင်းကတ်ပါ) တို့အား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်ရှာဖွေရာ သစ်သားဝါးအိမ်ပါ အရိုး ရှစ်လက်မ၊ အသွား ၂၃လက်မခန့်ရှိ ငှက်ကြီးတောင်ဓားရှည် တစ်ချောင်း၊ အရိုး ခြောက်လက်မ၊ အသွား လက်မ ၂၀ ခန့်ရှိ ငှက်ကြီးတောင်ဓားရှည်တစ်ချောင်း၊ သစ်သားရိုးတပ်လျက် အရိုး ၄ ဒသမ ၅ လက်မ၊ အသွား ငါးလက်မခန့်ရှိ ဓားဦးချွန် ဓားမြှောင်တစ်ချောင်းတို့အား ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသဖြင့် ဒလမြို့မရဲတပ်ဖွဲ့စခန်းက ကျော်မင်းဦးအား အမှုဖွင့်ထားကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

## ဘားအံမြို့နယ် ရွာကလေးကျေးရွာတွင် မီးလောင်မှုဖြစ်ပွား
## ကြက်အကောင် ၅၀၀၀နှင့် အဆောက်အအုံခြောက်လုံး မီးလောင်ဆုံးရှုံး

**ဘားအံ ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာအုပ်စု ရွာကလေးကျေးရွာတွင် ဖေဖော်ဝါရီ ၇ ရက် နံနက် ၄ နာရီခန့်က ကြက်မွေးမြူရေးလုပ်ကိုင်သူ ဦးမော်ကွန်း(၆၅)နှစ်၏ ခြံဝင်းအတွင်း ကြက်ခြံခြောက်လုံးအား ခြံနီးချင်းလယ်တဲမီးလောင်ရာမှ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်းသိရသည်။

မီးကူးစက်လောင်ကျွမ်းမှုကြောင့် ကြက်ခြံခြောက်ခြံအတွင်း မွေးမြူထားသော ကြက်အကောင် ၅၀၀၀နှင့် ကြက်ခြံအဆောက်အအုံ ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုအား မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ ဦးမော်ကွန်း၏ ကြက်ခြံနှင့်ကပ်လျက်ရှိ စောလောဝဒေး၏ လယ်ကွင်းအတွင်း ၁၀ ပေပတ်လည်ခန့် တဲတစ်လုံးဆောက်ထားကြောင်း၊ အခင်းဖြစ်ညက စောလောဝဒေး (၂၀)နှစ်က ဘော်လယ်ကော့ရင်းအောက်ကျေးရွာနေသူနှင့် ၎င်း၏ဇနီးဖြစ်သူ မခွက်ဖေါမူး(၂၀)နှစ်နှင့်အတူ အနီးရှိကြက်ခြံများအတွင်း ကြွက်ထောင်ခဲ့ကြောင်း၊ ရရှိသည့် ကြွက်အကောင် ၂၀ အား လယ်တဲအတွင်း မီးကင်ခဲ့ပြီး ည ၁၂ နာရီခွဲခန့်တွင် မီးငြိမ်းသတ်ခဲ့ခြင်းမရှိဘဲ နေအိမ်သို့ပြန်လာခဲ့ရာ မီးကွင်းမီးကျန်မှ တစ်ဆင့် လယ်တဲအား မီးစွဲလောင်ကာ တဲအနီး ပေ ၃၀ ခန့်မြင့်သော ထန်းပင်၏အလက်များအား မီးစွဲလောင်ရာမှ မီးပွားများ လေလွင့်၍ ကြက်ခြံပေါ်သို့ ကျရောက်ကာ ကြက်ခြံများအား မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ငွေဆင်အိမ်ရာ မူလွန်ကျောင်းရှေ့ ငွေဆင်အိမ်ရာ လမ်းမကြီးဘေးတွင် ဖေဖော်ဝါရီ ၅ ရက်က မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မမေသန့်ဇင်ဦး (ခ) မွေ့ငင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၃၅ ပြား သိမ်းဆည်းရမိသဖြင့် အရေးယူထားကြောင်း သိရသည်။

အလားတူ သန်လျင်မြို့နယ် သောက်တော်တွင်းရပ်ကွက် နံ့သာကုန်း(၁)လမ်းနေ ယဉ်ထိုက်၏ နေအိမ်ကို မူးယစ်တပ်ဖွဲ့စု(၄၁)



မမေသန့်ဇင်ဦး (ခ)မွေ့ငင်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ယဉ်ထိုက်၊ တင်ထွန်း(ခ)ဦးကောင်းနှင့် ဇော်ဝင်း(ခ)ဖိုးဇော် တို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ သာကေတမြို့နယ် ၁၂ ရပ်ကွက် ဇေယျဝတီ(၆)လမ်းနေ တင်ထွန်း(ခ)ဦးကောင်း၏နေအိမ်ကိုဆက်လက်ရှာဖွေရာ ၎င်းနှင့်အတူ ဇော်ဝင်း(ခ)ဖိုးဇော်အား တွေ့ရှိရပြီး အခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅၀ နှင့် ဇော်ဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ တို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား အရေးယူထားကြောင်း သိရသည်။

အလားတူ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ စိုင်းလောဝ်ဆိုင်၏ နေအိမ်ကို ဖေဖော်ဝါရီ ၅ ရက်က မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များက ရှာဖွေရာ ၎င်းနှင့်အတူ ဗညားကျော်ခေါင်၊ မခင်စန်းအေး၊ ကျော်ကိုကိုစိုးနှင့် လင်းမောင်မောင်တို့အားတွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြားနှင့် လင်းမောင်မောင်ထံမှ ဘိန်းဖြူ သုည ဒသမ ၀၀၀၁ ကီလို တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် လင်းမောင်မောင် တည်းခိုနေထိုင်သည့် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် သိပ္ပံလမ်းနှင့် (၅၂)လမ်းထောင့် မဟာတည်းခိုခန်းအား ရှာဖွေရာ အခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄ ပြားနှင့် ဘိန်းဖြူ သုည ဒသမ ၀၀၁၈ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



စိုင်းလောဝ်ဆိုင်၊ ဗညားကျော်ခေါင်၊ မခင်စန်းအေး(ခ)စန္ဒီ၊ ကျော်ကိုကိုစိုးနှင့် လင်းမောင်မောင်တို့ ငါးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မြန်မာ့ပထမဆုံးအခမ်းအနားလမ်းညွှန် Myanpwel

**ရန်ကုန် ဖေဖော်ဝါရီ ၈**

နိုင်ငံတကာမှအခမ်းအနားများ၊ ပွဲများကိုဖော်ပြပေးသည့် မြန်မာ့ပထမဆုံး Online Event Directory အဖြစ် Myanpwelအား NTM Grop Co. Ltd က ၂၀၁၅ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်လွှင့်တင်ခဲ့သည်။

စတင်လွှင့်တင်ချိန်မှစပြီး အပတ်စဉ်အခမ်းအနားပေါင်း ၄၅ ခုခန့်ကို ဖော်ပြပေးလျက်ရှိပြီး အခမ်းအနားစီစဉ်သူ ၂၀၀ ကျော်ကလည်း Event များ ဖော်ပြလွှင့်တင်လျက်ရှိကာ ဝင်ရောက်ကြည့်ရှုသူအကြိမ်အရေအတွက်မှာ လစဉ်သုံးသောင်းကျော်ရှိကြောင်း သိရသည်။

အဆိုပါ Myanpwel Online Event Directory တွင် ကဏ္ဍစုံမှ ကျင်းပပြုလုပ်သည့် အခမ်းအနားများအပြင် နိုင်ငံတကာမှစိတ်ဝင်စားဖွယ်ကောင်းသည့် အခမ်းအနားများအား ဖော်ပြပေးလျက်ရှိသည်။

ထို့ပြင်ပွဲစီစဉ် ကျင်းပသူများအနေဖြင့်လည်း မိမိတို့ပြုလုပ်မည့် အခမ်းအနားများကို Myanpwel လမ်းညွှန်၌ အသေးစိတ်အကြောင်းအရာများ ရေးသွင်းကာ ကိုယ်တိုင်ရိုက်သွင်းလွှင့်တင်နိုင်ပြီး အသုံးပြုသူများအနေဖြင့်လည်း မိမိပါဝင်တက် ရောက်လိုသည့်နေရာကို လွယ်ကူစွာရှာဖွေနိုင်ကြောင်း သိရသည်။

ထို့အပြင် Myanpwel အသုံးပြုသူများ ပိုမိုလွယ်ကူစွာအသုံးပြုနိုင်မည့် Feature အသစ်၊ Search အသစ်၊ ဒီဇိုင်းအသစ်များပါဝင်သည့်ဗားရှင်းအသစ်ကို မကြာမီကမိတ်ဆက်ခဲ့ပြီး ဆက်လက်ထုတ်လုပ်မည့် ဗားရှင်းအသစ်တွင် အွန်လိုင်းမှ လက်မှတ်ဝယ်ယူမှု၊ အွန်လိုင်းငွေချေမှုစနစ်များ ပါဝင်လာမည်ဟု သိရသည်။

များမကြာမီတွင် Andriodနှင့် IOS သုံးသူများအတွက်လည်း မိတ်ဆက်တော့မည်ဖြစ်ပြီး အာရှနိုင်ငံများသို့ ပထမဆုံးဈေးကွက်ထိုးဖောက်ကာ ဥရောပနှင့် အမေရိကသို့ ဆက်လက်ထိုးဖောက်သွားမည်ဟုသိရသည်။

Myanpwel၏ Event များကို www.myanpwel.com၌ ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပြီး ပိုမိုကောင်းမွန်သည့် Website နှင့် Application များ အဖြစ်မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**ဧယျာ(မိုင်ရာ)**

❑

## မိုင်းဖြတ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းသင်တန်းဖွင့်

**မိုင်းဖြတ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များ ရန်ပုံငွေစာရင်းစီမံခန့်ခွဲရေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းသင်တန်း(၁/၂၀၁၆)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက ဟိုနား(စောမွန်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုင်းလောဝ်မိုင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းစီမံခန့်ခွဲရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးရှောလမွန်က စာပေအသိပညာမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အကျိုးသက်ရောက်မှုဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်ခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးစိုင်းလောဝ်မိုင်းက သင်ကြားပို့ချခဲ့ပြီး မြစိမ်းရောင်ကျေးရွာ ၂၀ မှ ကော်မတီဝင်များဖြစ်သည့် သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၁၄၀ တက်ရောက်ခဲ့သည်။

**မိုင်းဖြတ် (ပြန်/ဆက်)**

## (၆၉) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်သိဒ္ဓိလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၈**

(၆၉)နှစ်မြောက်ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၃)ရပ်ကွက်နှင့် အမှတ်(၁၄)ရပ်ကွက်တို့ကိုဆက်သွယ်ထားသည့် အောင်သိဒ္ဓိကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အောင်သိဒ္ဓိ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်က အောင်သိဒ္ဓိကတ္တရာလမ်းနှင့် ပတ်သတ်သည်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာရေးအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရပ်ကွက်နေပြည်သူတစ်ဦးက အောင်သိဒ္ဓိလမ်း ကတ္တရာလမ်းသစ် ဆောင်ရွက်ပေးခဲ့ခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးကံမြင့်က အောင်သိဒ္ဓိ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ပေးအပ်ခဲ့သည်။

အောင်သိဒ္ဓိ ကတ္တရာလမ်းအား မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုငွေဖြင့် လမ်းအရှည်ပေ ၁၃၀၀ × ၁၂ ပေ× ၉ လက်မရှိပြီး လမ်းအကျယ် ၁၂ ပေကို ကျပ်သိန်း ၂၀၆၀၀၀၀၀ အကုန်ကျခံ၍ ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါလမ်းအား ပခုက္ကူ စာသင်တိုက်ကြီးများမှ သံဃာတော်များ ဆွမ်းခံကြွရာတွင် အသုံးပြုသော လမ်းဖြစ်ကြောင်း၊ အမှတ်(၁၃)နှင့်အမှတ်(၁၄)ရပ်ကွက်များရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ခရီးလမ်းအဆင်ပြေချောမွေ့လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်** (IPRD)

## မုံရွာအကျဉ်းထောင်တွင် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြော၊ လက်တွေ့ဇာတ်တိုက်လေ့ကျင့်

**မုံရွာ ဖေဖော်ဝါရီ ၈**

မီးဘေးဆိုသည်မှာ လူပြုသောဘေးတစ်ခုဖြစ်ပြီး သဘာဝဘေးလည်းဖြစ်နိုင်ကာ လူသားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်များအားလုံးကို ဖျက်ဆီးပစ်နိုင်သော ဘေးအန္တရာယ်တစ်မျိုးဖြစ်ရာ ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို အကျဉ်းဦးစီးဌာန မုံရွာအကျဉ်းထောင်တွင် ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် မုံရွာအကျဉ်းထောင်တာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းလွင်က ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မိမိတို့အနေဖြင့် မီးဘေးအန္တရာယ်ကို ကရုပြုကာကွယ်ကြရန်လိုကြောင်း၊ မိမိတို့အကျဉ်းထောင်တွင် ဝန်ထမ်းများ၊ မိသားစုဝင်များအပြင် အကျဉ်းသား၊ အကျဉ်းသူများပါ ရှိနေသည့်အတွက် မီးဘေးအန္တရာယ်ကို သာမန်ထက် ပိုမိုပြီးဂရုပြုကြရမည်ဖြစ်ကြောင်း၊ အကယ်၍ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက အချိန်တိုအတွင်း ဆုံးဖြတ်ချက်မှန်ကန်စွာဖြင့် ကာကွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒါကြောင့် ယခုလိုမီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းပြီး အသိပညာပေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးကျော်ကိုကိုသက်ကလည်း မိမိတို့ ပတ်ဝန်းကျင်တွင် မီးကို အသုံးပြုနေရသည့်အတွက် ဂရုပြုကြရန်လိုကြောင်း၊ မီးကို အကျိုးရှိစွာ သုံးစွဲပါက လူသားတွေအတွက် အကျိုးပြုသလို ပေါ့ဆစွာသုံးစွဲပါက အန္တရာယ်အလွန်ကြီးကြောင်း၊ အကယ်၍ မီးလောင်မှုဖြစ်ပွားလာပါက စနစ်တကျ မီးငြိမ်းသတ်နိုင်ရန်လိုကြောင်း၊ မီးလောင်မှုမဖြစ်ပွားစေရန် မိဘပြည်သူအားလုံး ဂရုစိုက်ရန်လိုကြောင်း ပြောကြားခဲ့သည်။

ဟောပြောပွဲအခမ်းအနားအပြီးတွင် မုံရွာအကျဉ်းထောင်၌ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်း၊ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ မြန်ဆန်စွာ ငြိမ်းသတ်နိုင်ရေးအတွက် မုံရွာအကျဉ်းထောင်တာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## အုတ်တွင်းဒေသထွက်ပဲတင်ခြင်းများ အခြားဒေသများတွင် ရောင်းအားကောင်းနေ

**အုတ်တွင်း ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်မှ မိသားစုတစ်ပိုင်တနိုင် ရက်လုပ်ရောင်းချလျက်ရှိသော ကြက်ခြင်း (ဒေသအခေါ်) ပဲတင်ခြင်းများသည် ယခုအခါ ကျေးလက်နေ တောင်သူဦးကြီးများ၏ ပဲပေါ်ရာသီဖြစ်သည့်အလျောက် လုပ်ငန်းသုံးအဖြစ် ကျောက်တံခါး၊ ကျောက်ကြီး၊ ဖြူးမြို့နယ်တို့တွင် ရောင်းအားကောင်းလျက်ရှိရာ မိသားစုဝင်ငွေဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ဘက်မှာက ရောင်းအားနည်းတယ်။ ဒီဘက်မြို့နယ်တွေမှာက ရောင်းမလောက်ပါဘဲ။ တောင်သူပေါတော့ သူ့တို့လုပ်ငန်းအတွက် အသုံးဝင်တာပေါ့။ ပဲတင်တဲ့နေရာမှာ လွယ်ကူသက်သာ အလေအလွင့်နည်းလို့ အော်ဒါတောင်မှာကြတယ်။ အခုကတော့ တစ်ခြင်းကို ကျပ် ၁၂၀၀ နဲ့ ရောင်းပါတယ်။ များများယူရင်တော့ ကျပ် ၁၀၀၀ နဲ့ရောင်းချပေးရပါတယ်။ တစ်နေ့ကို ခြင်း ၄၀ လောက်တော့ ရောင်းချရပါတယ်။ ကျွန်တော်တို့က ကိုယ်တိုင်ဝါးတက်ခုတ်ပြီး ကိုယ်တိုင်ရက် ကိုယ်တိုင်ရောင်းချရတော့ မိသားစုလည်းအလုပ်ရဝင်ငွေလည်း စုမိတာပေါ့။ ဒီရာသီလေးပဲ အားထားရောင်းချနေရတာပါ” ဟု အုတ်တွင်းမြို့နယ်မှ ခြင်းများလာရောက် ရောင်းချသူကိုထွန်းနိုင်က ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



## စဥ့်ကိုင်မြို့နယ်တွင် ကျေးရွာချင်းဆက်လမ်း ၁၀ လမ်းနှင့် တံတားတစ်စင်းပြုပြင်တည်ဆောက်

**စဥ့်ကိုင် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သိန်း ၄၀၀ ဖြင့်ကျေးလက်လမ်း ၁၀ လမ်းအားမြေသားလမ်းမှဂဝံမြေခင်းခြင်းနှင့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတား တစ်စင်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

စဥ့်ကိုင်မြို့နယ်အနေဖြင့် ကျေးရွာချင်းဆက်လမ်းများကို မြေသားလမ်းမှ ဂဝံမြေ ခင်းခြင်းဆောင်ရွက်ရာတွင် အိုးထိန်းတောင်-သနပ်ပင်-အိုးရွာ-မင်းကိုင်း-ဗျည်းလောလမ်းအား အရှည်မိုင် ၄ ဖာလုံ၊ ဆင်ဖြူကုန်း-ကြက်စိမ့်-လက်ဝဲ-ကုန်းနီကျေးရွာချင်းဆက်လမ်းကို အရှည်မိုင် ၄ ဖာလုံ၊ ကံဆွယ်-မြောင်းဆုံကြီး-သစ်ခေါက်လမ်းကို အရှည်မိုင် ၄ ဖာလုံ၊ ဘယ်လင်း-တောင်ဦးကျေးရွာချင်းဆက်လမ်းကို အရှည်မိုင် ၄ ဖာလုံ၊ ပတ္တာကျေးရွာအဝင်လမ်းအား အရှည်မိုင် ၄ ဖာလုံ၊ ကျောက်တန်း-ကျွန်းဦးကျေးရွာချင်းဆက်လမ်းကို အရှည်မိုင် ၄ ဖာလုံ၊ မြောင်းဆုံငယ်-သစ်ခေါက်-သည်တည်းကျေးရွာချင်းဆက်လမ်းကို အရှည်မိုင် ၃ ဒသမ ၅ ဖာလုံ၊ ကြည်ရွာကျေးရွာအဝင်လမ်းကို အရှည်မိုင် ၂ ဖာလုံ၊ သပြေရိုး-ဆောက်အင်းကျေးရွာချင်းဆက်လမ်းကို အရှည်မိုင် ၄ ဖာလုံနှင့် အရေးမဆို-ထန်းတောကျေးရွာချင်းဆက်လမ်းကို အရှည်မိုင် ၄ ဖာလုံကို မြေသားလမ်းမှဂဝံမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အုံတုံ-ရသာကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားအား ကွန်ကရစ်တံတားအဖြစ်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းများကို မြေသားလမ်းမှဂဝံမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် မြို့ပေါ်သို့အချိန်တိုတွင်း သွားလာလွယ်ကူမြန်ဆန်ပြီး ကျောင်းသား၊ ကျောင်းသူများသွားလာရေးအဆင်ပြေခြင်း၊ ယာဉ်အန္တရယ်ကင်းရှင်းစွာ သွားလာနိုင်သောကြောင့် ကျေးလက်နေသူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဒေသခံများကပြောသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

ဆောင်းပါး

# တပို့တွဲလ၏ထူးခြားသည့် လက္ခဏာဩဝါဒပါတိမောက်အခါတော်



**à ဝိသဇ္ဇက(ပဲခူး)**

တပို့တွဲလသည် ဆောင်းရာသီ၏စတုတ္ထမြောက် အန္တိမရာသီဖြစ်၏။ ဆောင်းနှောင်းကာလမှ နွေဦးရာသီသို့ ကူးပြောင်းတော့မည့်အချိန်ဖြစ်၍ ဆောင်းလည်းမပီ၊ နွေလည်းမမည်သောကာလဖြစ်သည်။ တဖွဲဖွဲကျဆင်းနေသော ငွေနှင်းမှုန်လေးများက ပြယ်စပြုလာကာ ကောင်းကင်တစ်ခွင်ဝယ် ဝင်းပကြည်လင်လျက်ရှိချေ၏။

တပို့တွဲလတွင် ပေါက်ပန်းနှင့် လဲပန်းတို့ ပွင့်ကြ၏။ ပေါက်ပန်းကို ပေါက်ပင်ကပွင့်၏။ လဲပန်းကို လက်ပံပင်က ပွင့်သော်လည်း လက်ပံဟုမခေါ်၊ လဲပန်းဟုသာခေါ်ကြ၏။ အကြောင်းမှာ လက်ပံသီးမှ လဲကိုရသောကြောင့်ဖြစ်၏။

တပို့တွဲလ၏ ကုသိုလ်ပွဲဖြစ်သည့် မီးဖုန်းပွဲနှင့် ယာဂုပွဲကို လောကဗျူဟာကျမ်းနှင့် ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲတို့တွင် ထင်း၊ မီးမယ်ဖျူး(မီးအိုးကင်း)နှင့် ယာဂုပွဲအလှူ အစီအစဉ်ဆောင်ရွက်ပုံတို့ကို အကျယ်တဝင့် ဖော်ပြထားသည်

တပို့တွဲလတွင် ထမနဲကိုစားခြင်းဖြင့် မိုးအခါ ဝမ်းရောဂါကာကွယ်၏။ ထမနဲထိုးကြရာတွင် များသောအားဖြင့် တပို့တွဲလဆန်း (၁၄)ရက် ညဥ့်ဦးယံ၌ ထိုးလေ့ရှိကြ၏။ အချို့အရပ်ဒေသတွင် တစ်လလုံးထိုးကြ၏။ ထမနဲထိုးနည်းသည်လည်း အမျိုး မျိုးရှိရာတွင် ထိုအထဲတွင် ထမနဲထိုးနည်းနိဿရည်းဟုဆိုထိုက်သော . . .

“ထမနဲထိုးရန်ဖို့ စာချိုးလို့မှာခဲ့မယ်။
တစ်ဖိတ်ဆန်သည် ကောက်ညှင်းရယ်နှင့်
တစ်ပိဿာဆီမှန်သွင်းပါလို့ ချင်းက သုံးဆယ်မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့် အုန်းသီးဆန်အတူဖက်ပါလို့။
နှမ်းမပျက် ဤနည်းနှယ်၊ ရေစင်ကြယ်ပထည့်ရိုး။
လက်နှစ်သစ်သာပ၊ တွက်စစ်ကာ
ဆားချိန်တစ်ဆယ်သားရယ်နှင့်
ရောနှောကာ လူအများ
တို့ရယ် အားသစ် လို့ထိုး”
ဟု မန်လည်ဆရာတော်ကြီးက
ထမနဲထိုးနည်းကို ကဗျာပေါင်းချုပ် ကျမ်းစာမျက်နှာ (၂၉၆) တွင်



ကို လေ့လာတွေ့ရှိရ၏။

တပို့တွဲလ၏ ရာသီပွဲနောက်တစ်ပွဲမှာ ထမနဲပွဲ၊ ယာဂုပွဲဖြစ်သည်။ နှမ်းဆီနှင့် နှမ်းနိုင်နိုင်ထည့်ရသည်ကို အကြောင်းပြုပြီး “နှမ်းမနဲ” ဟုလည်း အမည်တွင်သေး၏။ အချို့ဒေသတွင် ယာဂုဟုခေါ်၏။

တပို့တွဲလသည် ရတုခြောက်ပါးတွင်လည်း သိသိရရ ရတုတွင်ပါဝင်၏။ ‘နွေရာသီဟု ဓာတ်ညီတက်ဟောင်း မိုးနှင့် ဆောင်းမူဓာတ်သက်ဟု၏”ဟု နရသုခိကျမ်းတွင် ဖော်ပြထား၏။

ရာသီဆယ့်နှစ်ပါးတွင် ပြာသိုလမှ ဝါဆိုလအထိ ‘တက်ဥတု” ဝါဆိုလမှ ပြာသိုလအထိ “သက်ဥတု”ရှိရာ တွင် တက်ဥတုခြောက်လ၌ လူတို့သည် တက်ရုပ်ဖြစ်ကာ တေဇောဓာတ်၊ ဝါယောဓာတ်လွန်ကဲ၏။ ပင်ပမ်းနွမ်းလျ အားအင်တို့ ကုန်ခမ်းကြ၏။ သက်ဥတုခြောက်လ၌ ပထဝီဓာတ်၊ အာပေါဓာတ်လွန်ကဲသည်။ အင်အားတို့ ပြည့်ဖြိုးကုန်ကြ၏။

တပို့တွဲလသည် တက်ဥတုတွင် ပါဝင်သည်။ အအေးဓာတ်လွန်ကဲသော တပို့တွဲလနှင့် ဥဏှပထဝီ အာကာ သဓာတ်စာဖြစ်စေသော ထမနဲထိုး၍ စားသုံးခြင်းသည် လိုက်လျောညီထွေရှိလှပါ၏။ဆေးလည်းအစာ၊ အစာလည်း ဆေးဆိုရိုးစကားမှန်ပေ၏ အေးမြသောဥတုဆေးဖက်ဝင်သော အစာဖြစ်သည်ဟု ရှေးမြန်မာဆေးပညာရှင်ကြီးများက အဆိုပြုခဲ့၏။ ပထဝီပျက်သူများ ထမနဲစားသင့်သည်ဆို၏။ မှတ်တမ်း တင်ရေးဖွဲ့ထားခဲ့ပါ၏။

ထို့အပြင် အမတာယာဂုထမနဲ ကျိုနည်းကို ၁၂၂၈ ခုနှစ် စားတော်ချက်ပေမူတွင် ဖော်ပြထားသည်မှာ ကောက်ညှင်းဆန်တစ်ပြည်ကို ညဥ့်ဦးကရေစိမ်၊ မိုးသောက်လျှင် ရေနှင့်ချက်၊ ဆားနှစ်ကျပ်တစ်မတ်၊ နှမ်းနှစ် စလယ်၊ ဆီနှစ်ဆယ်ကျပ်သားကို အလျှင်ကျက်အောင် ချက်ပြီးမှထည့်၊ ဆီမကျက်လျှင် စိမ်းစော်နံမည်” ဟူ၏။

တပို့တွဲလပြည့်နေ့သို့ ရောက်ပါပြီ။ မြတ်ဘုရားရှင်သည် သာသနာပြုစတင်ခဲ့သည်မှာ ကိုးလတိုင်တိုင်ရှိခဲ့ပြီး သာသနာပြုလုပ်ငန်းကို တိုးမြှင့်၍ ဆောင်ရွက်ရန်အတွက် ဗုဒ္ဓသာသနာ၏လမ်းပြမြေပုံဟု ယူဆရအံ့သော အထင်ကရလုပ်ငန်းကြီးတစ်ရပ်ကို ဆောင်ရွက်ရာတွင် “သန္နိပါတ” ခေါ်စုံညီ အစည်းအဝေးကြီးကျင်းပ၍ ပြုလုပ်ခြင်းဖြစ်၏။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့က ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ ကျင်းပနေခြင်းဖြစ်၏။ ထိုစဉ်က ကျောင်းဒါယကာကြီးဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် ဝမ်းသာပီတိကြည်နူးမဆုံးရှိနေချေတော့ ၏။

မြတ်ဘုရားရှင်သည် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့က ဘုရားအဖြစ်သို့ ရရှိ၏။ ဘုရားဖြစ်တော်မူပြီး နှစ်လအကြာ ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားဦးနှင့် အနတ္တလက္ခဏာသုတ္တန်တို့အား ဟောကြားခြင်းဖြင့် ဧဟိဘိက္ခုရဟန်းတော်များ ဖြစ်ခဲ့၏။ ယသနှင့် အပေါင်းဖော်ရဟန်း ၅၅ ပါးနှင့် ဘဒ္ဒဝဂ္ဂီ ရဟန်းအပါး ၃၀၊ စုစုပေါင်းရဟန်း ၉၀ တို့အား စုဆောင်း၍ သာသနာပြုစေလွှတ်ခဲ့၏။ မိမိကိုယ်တိုင်ပင် သာသနာပြု၍ ဥရုဝေဠကဿပအမှူးပြုသည့် ရသေ့တစ်ထောင်တို့ကို တရားထူးများ ရစေလျက် ဧဟိဘိက္ခု ရဟန်းတော်များအဖြစ် သွတ်သွင်းခဲ့စေ၏။

မြတ်ဘုရားရှင်သာသနာတော်တွင် ဧဟိဘိက္ခုရဟန်းဦးစွာဖြစ်ကြသည့် ပဉ္စဝဂ္ဂီ ငါးဦး၊ အရှင်ယသရဟန်း ၅၅ ပါး၊ အရှင်ဘဒ္ဒဝဂ္ဂီ ရဟန်းအပါး ၃၀၊ စုစုပေါင်း ရဟန်းအပါး ၉၀ တို့သည် ဤအစည်းအဝေးကြီး၌ ပါဝင်နိုင်ခြင်းမရှိကြပါ။ ဥရုဝေဠကဿပရှင်တစ်ထောင်နှင့် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလန်စသော ရဟန်း ၂၅၀ စုစုပေါင်း ရဟန်းတော် ၁၂၅၀ သာ တက်ရောက်သော သန္နိပါတ အစည်းအဝေးကြီးဖြစ်၏။

ယင်းအစည်းအဝေးကြီးတွင် မဖိတ်မကြား မစုစည်းဘဲနှင့် ဆဠာဘိညပဋိသမ္ဘိဒါရဟန္တာပုဂ္ဂိုလ်ထူး ၁၂၅၀ တို့ စုံညီနေခြင်းမှာ ထူးခြားမှုတစ်ရပ်ဖြစ်ပါ၏။ မြတ်ဘုရားရှင်၏ သာသနာတော်ရှေ့ရေးအတွက် ဤအစည်းအဝေးကြီး၌ လိုအပ်သည်တို့ကို တိုတိုတုတ်တုတ် လိုရင်းအချုပ်ကို ဟောကြားသည်ခါ ‘ဩဝါ’ ပါတိမောက်” တရားတော်ဖြစ်၏။

ပါတိမောက်ဟူသည်မှာ ပါတိစောင့်စည်းသူ+မောက္ခ = လွတ်မြောက်ခြင်းဖြစ်၏။ ထိန်းသိမ်းစောင့်ရှောက်လိုက်နာသူတို့ အပါယ်ဒုဂ္ဂတိဘေး စသည်မှ လွတ်မြောက်စေတတ်ခြင်းဖြစ်၏။ မြတ်ဘုရားရှင်၏ အကျဉ်းချုပ်ဩဝါဒဖြင့် ပညတ်တော်မူအပ်သော ကျင့်ဝတ်သိက္ခာပုဒ်များကို ပါတိမောက်ဟု ခေါ်ခြင်းဖြစ်၏။ ဩဝါဒပါတိမောက် အာဏာပါတိမောက်ဟု နှစ်မျိုးရှိရာ၌ စာရိတ္တနှင့်ဝါရိတ္တဟု ခေါ်ဆိုနိုင်ပါ၏။ အထူးအားဖြင့် အမှာတော်ကို ဩဝါဒဟူ၍လည်းကောင်း၊ အမိန့်ကို အာဏာဟူ၍လည်းကောင်း ယူဆရာ၏။ ဘုရင်၏ မေတ္တာရပ်ခံချက်ကို အမိန့်ဟုယူဆသကဲ့သို့ ဩဝါဒကိုလည်း အာဏာတော်ကဲ့သို့ ယူဆလေးစားရမည်ဖြစ်ပေ၏။

ဖော်ပြအံ့သော ‘ဩဝါ’ပါတိမောက်” ဂါထာသုံးပုဒ်ကို အလေးအနက်ထားလေ့လာစေလိုပါ၏။ ဓမ္မပဒ၊ ဗုဒ္ဓဝဂ်တို့မှ ဂါထာများဖြစ်သော ၁၈၃၊ ၁၈၄၊ ၁၈၅ တို့ ရည်ညွှန်းလိုက်ပါ၏။ မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားရင်ပြင်၌ ကျောက်စာများဖြင့်လည်းကောင်း၊ ဓမ္မဒါန စာအုပ်ငယ်များဖြင့်လည်းကောင်း၊ နိုင်ငံပိုင်သတင်းစာဖြစ်သော ကြေးမုံသတင်းစာတို့တွင်လည်းကောင်း၊ ရုံဖန်ရုံခါ ဗုဒ္ဓ၏ ဩဝါဒဆုံးမတော်များကို ဖော်ပြပေးနေသည်ကို လေ့လာကြရမည်။

**ဂါထာစဉ် ၁၈၃**

သဗ္ဗပါပဿ အကရဏံ၊ ကုသလ ဿုပသမ္ပဒါ

သစိတ္တ ပရိယောဒါပနံ၊ ဧတံဗုဒ္ဓါန သာသနံ၊

အကုသိုလ်မကောင်းမှုဟူသမျှ မပြုနှင့်၊ ကောင်းမှုကုသိုလ်မှန်သမျှ ပွားများပါ။ စိတ်ကိုဖြူစင်အောင်ထား ပါ။ ဤသို့ ဘုရားရှင်တို့၏ အဆုံးအမတော်ထားခဲ့၏။

သီလအလုပ်၊ သမာဓိအလုပ်နှင့် ဝိပဿနာအလုပ်ဟူသော သိက္ခာသုံးရပ်အကျုံးဝင်၏။ သီလဖြင့် အကုသိုလ်ကို ဖယ်ရှားခြင်း၊ ဘာဝနာဖြင့် ကုသိုလ်ကိုပွားစေခြင်း၊ အရဟတ္တဖိုလ်ဖြင့် မိမိ၏စိတ်ကို အပြီးတိုင် ဖြူစင်စေရခြင်းတို့ဖြစ်၏။

**ဂါထာစဉ် ၁၈၄**

ခန္တီပရမံ တပေါတိတိက္ခာ နိဗ္ဗာနံ ပရမံ ဝဒန္တိဗုဒ္ဓါ

နဟိ ပဗ္ဗဇိတော ပရူပဃာတီ နသမဏော ဟောတိ ပရံဝိဟေဌယန္တော။

သည်းခံခြင်းသည် အမြင့်ဆုံးအကျင့်ဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးတိုင်ဖြစ်၏။ သူတစ်ပါးကို သတ်ဖြတ် ညှဉ်းဆဲသူသည် ရဟန်းမဟုတ်၊ သူတစ်ပါးကို စွပ်စွဲခြင်း၊ ပြစ်မှားခြင်း၊ အပူအအေး စသည်ကို မျက်နှာမငြိမ်းခံနိုင်စွမ်းရှိသကဲ့သို့ ဝီရိယ ဦးစီးသောအကျင့်ဖြစ်သည့် အဓိဝါသနာခန္တီ စွဲစွဲမြဲမြဲရှိသောသည်းခံခြင်းဖြင့် ကျင့်ကြံနေထိုင်ကြခြင်းကို ညွှန်ကြားတော်မူ၏။ မြတ်ဘုရားရှင်သည် ခန္တီတရားကိုကျင့်စဉ်အဖြစ် သတ်မှတ်ပြည့်ွှန်ထား၏။

သံသရာမှ လွတ်မြောက်ရန် ကြိုးစားသူကို ပဗ္ဗဇိတခေါ်၍ ငြိမ်းချမ်းမှုကို ရှာကြံနေသူကို သမဏဟု ခေါ်၏။ ငြိမ်းချမ်းမှုကို တန်ဖိုးထားသော ရဟန်းမြတ်သည် သည်းခံရပေမည်။ ‘သည်းခံခြင်းသည် သီလ၊ သမာဓိ၊ ပညာလုပ်ငန်း ရပ်များကို ကြီးစွာအထောက်အကူပြုနိုင်၏။ ဤသို့ ခန္တီတရားကို ကျယ်ကျယ်ပြန့်ပြန့် ဟောကြားခဲ့ခြင်းဖြစ်ပါ၏။

**ဂါထာစဉ် ၁၈၅**

အနူပဝါဒေါ၊ အနူပဃာတော ပါတိမောက္ခေစ သံဝရော

မတ္တညုတာစ ဘတ္တသ္မိံ၊ မန္တဉ္စ သယနာသနံ

အဓိ စိတ္တေစ အာယောဂေါ ဧတံဗုဒ္ဓါန သာသနံ။

သူတစ်ပါးကို ကိုယ်တိုင်သော်လည်းကောင်း၊ စေခိုင်း၍သော်လည်းကောင်း၊ မကဲ့ရဲ့နှင့်၊ မညှဉ်းဆဲနှင့်၊ သံဝရသီလကို ထိန်းသိမ်းစောင့်ရှောက်ပါ။ စားဖွယ်၏အတိုင်းအရှည်ကို သိပါ။ ဆိတ်ငြိမ်သော ကျောင်းအိပ်နေရာ၌ နေပါ။ သမာပတ်ရအောင် အားထုတ်ပါ။ ဤကဲ့သို့ မြတ်ဘုရားရှင်၏ သာသနာတော်တွင် အဆုံးအမထားခဲ့ပေ၏။

**ဩဝါဒပါတိမောက်တရားတော်မှ**

(၁) နှုတ်စောင့်စည်းရန်
(၂) ကိုယ်စောင့်ထိန်းရန်
(၃) သီလထိန်းရန်
(၄) အစားအသောက်ဆင်ခြင်ရန်
(၅) ဆိတ်ငြိမ်ရာအရပ်တွင် နေရန်
(၆) တရားဘာဝနာပွားများနေရန်ဟူသော လက်တွေ့ လုပ်ငန်းခြောက်ရပ်တို့မှာ အဓိကဖြစ်ပေ၏။

ရဟန်းတော်၊ ပုဂ္ဂိုလ်ထူးကြီးများ၏ စုံညီအစည်းအဝေးမှ ရဟန်းတော်များအား မြတ်ဘုရားရှင်သည် အကျဉ်းချုပ်၍ ဩဝါဒဖြင့် ပညတ်တော်မူခဲ့ပါ၏။ ရဟန်းကျင့်ဝတ်သိက္ခာပုဒ်နှင့် ရဟန်းတော်မြတ်များ သာသနာပြုနည်းစနစ်တို့အား မြတ်ဘုရားရှင်၏အလိုကျ ဆုံးမလာခဲ့သည်မှာ တပို့တွဲလဖြစ်ပါသတည်း။

သည်းခံခြင်းသည် အမြတ်ဆုံးအကျင့်ဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးတိုင် . . .




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

(armf…)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## မဟာယာနဗုဒ္ဓဘာသာ (သမိုင်းဖြစ်စဉ်ဒဿနအမြင်နှင့် ဓမ္မကျင့်စဉ်များ)

လင်းထက်ဆွေစုစည်းလေ့လာတင်ပြသော မဟာယာနဗုဒ္ဓဘာသာ (သမိုင်းဖြစ်စဉ်ဒဿနအမြင်နှင့် ဓမ္မကျင့်စဉ်များ) စာအုပ်ထွက်ရှိလာပြီဖြစ်သည်။ ဤစာအုပ်တွင် ရှေးခေတ်အိန္ဒိယဗုဒ္ဓဘာသာဂိုဏ်းခွဲများကို အခြေခံ၍ မဟာယာနဗုဒ္ဓဘာသာဖြစ်ထွန်းတိုးတက်လာခဲ့ပုံကို ဖော်ပြထားသည်။ ထို့အပြင် မဟာယာနဗုဒ္ဓဒဿနဂိုဏ်းများဖြစ်သော မဓျမိကဂိုဏ်းယောဂါစာရဂိုဏ်းဟွာ ယင်းဂိုဏ်းတို့၏ အယူအဆများ ဗုဒ္ဓ၏ကာယသုံးပါး အယူအဆနှင့် တထာဂတဂဗ္ဘအယူအဆများအပြင် မဟာယာနဗုဒ္ဓဘာသာကျင့်စဉ်များဖြစ်သော သုဒ္ဓဘူမိလမ်းစဉ် ဇာန်(ချန်) ဗုဒ္ဓဘာသာ လမ်းစဉ်နှင့် ဝဇီရယာနဗုဒ္ဓဘာသာ၏ တန္တရကျင့်စဉ်များအကြောင်းကိုပါ ပြည့်စုံစွာသုတေသနပြုရေးသားထားသည်။

**စာအုပ်ကို သိမ့်ထိုက်စာပေ ဖုန်း ၀၉-၅၀၅၉၂၁၄ မှတန်ဖိုး ကျပ် ၁၀၀၀၀ဖြင့်ဖြန့်ချိထားသည်။**



## အယူတော်မင်္ဂလာ ပညာအညွန်း

အယူတော်မင်္ဂလာပညာ (နိမိတ်ပညာ)သည် ကျောက်ခေတ်ကပင် သန္ဓေတည်မွေးဖွားသန့်စင်ခဲ့သော အသိပညာ ဖြစ်သည့် အယူတော်မင်္ဂလာပညာ၌ အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါ၊ ကိတ်၊ တြင်း၊ တိတ္ထု၊ သိုက်၊ နိဒါန်းတို့သည် ပညာရပ်များ ပါဝင်သည်။

မြန်မာ့အယူတော်မင်္ဂလာပညာ၏ တချို့ကို ထိတွေ့မြည်းစမ်းနိုင်ရန်အတွက် တကောင်းခေတ်၊ သရေခေတ္တရာ ခေတ်၊ ပုဂံခေတ်၊ ပင်းယအင်းဝခေတ်၊ ဟံသာဝတီခေတ်၊ ညောင်ရမ်းအင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်ဆိုသည့် ရှည်လျားထွေပြားလှသော ခေတ်ကာလတစ်လျှောက်က ပညာရှိတို့၏ အယူတော်မင်္ဂလာပညာဖတ်ကြားပုံများကို စာရေးသူ မင်းရှိန်အောင်က စုစည်းဖော်ပြထားသည်။

တွေ့ကြုံလာသော အမြင်အာရုံ၊ အကြားအာရုံများကို အသိအမှတ်အဖြစ်ဆင်ခြင်နှလုံးသွင်းလျက် သိလိုသော ပြဿနာများအတွက် အကျိုးအကြောင်း အဆိုးအကောင်းတို့ အဖြေထုတ်ခြင်း၊ ဟောချက်ပေးခြင်း အတတ်ပညာသည် အယူတော်မင်္ဂလာ ပညာပင်ဖြစ်သည်။

**စာအုပ်ကို ရွှေပေဒင်စာပေ ဖုန်း ၀၉-၇၈၅၁၈၈၆၃၆ မှ ဖြန့်ချိသည်။**



## ပန်းအလှဆင် အနုပညာ

ပန်းအလှဆင်အနုပညာသည် နှစ်ဆယ့်တစ်ရာစု လူ့အဖွဲ့အစည်းတွင် ခေတ်စားလာသည် ခေတ်ပေါ်ယဉ်ကျေးမှုသစ်တစ်ရပ်ဖြစ်သည်။ မိမိတို့၏ နေအိမ်၊ ဧည့်ခန်း၊ အိပ်ခန်းများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ ဟိုတယ်များ၊ အဆောက်အအုံများ၏ ရုံးခန်းများ၊ ဧည့်ခန်းဆောင်များ၊ အခမ်းအနားများတွင် ပန်းအလှဆင်ခြင်း ယဉ်ကျေးမှုပိုမိုထွန်းကား နေရာယူလာခဲ့သည်။ မစန္ဒီ(Artist) ရေးသားသည့် “ပန်းအလှဆင်အနုပညာ” စာအုပ်တွင် ပန်းအလှပြုပြင်နည်းစနစ်များကို ဆေးရောင်စုံဓာတ်ပုံများဖြင့် ရှင်းလင်းရေးသားဖော်ပြထားသည်။ အိမ်ထောင်သည် အမျိုးသမီးများနှင့် ဆယ်ကျော်သက်အမျိုးသမီးငယ်များ ပန်းအလှပြုပြင်ခြင်းလုပ်ငန်းသည် မိမိတို့နေအိမ်၊ ဧည့်ခန်းများ၊ ဧည့်ခံပွဲအခမ်းအနားများအတွက် အလှခြယ်သ ဖန်တီးပေးနိုင်သကဲ့သို့ တစ်ဖက်တစ်လမ်းမှ စီးပွားဖြစ်အဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာရပ်တစ်ခုဖြစ်သည်။

**ဤစာအုပ်ကို စာပေနန်းတော် အမှတ်(၁၃၈/၁၄၀)ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉၇၃၁၂၅၀၆၇ မှ တန်ဖိုးကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။**



## သဒ္ဒါနည်းကျ အင်္ဂလိပ်စကားပြော အမှတ်(၃)

အောင်နိုင်သူအယ်ဒီတာအဖွဲ့မှ စီစဉ်သည့် သဒ္ဒါနည်းကျ အင်္ဂလိပ်စကားပြော အမှတ်(၃) စာအုပ်ထွက်ရှိလာသည်။

ကလေးများဖတ်ချင်စဖွယ် လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်းပုံစံဖြင့် တတ်မြောက်သွားစေရန် စီစဉ်ပေးထားသည်။ အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြော၊ နားထောင်မှုစွမ်းရည်တိုးတက်စေရန်အတွက် သဒ္ဒါနည်းကျ အင်္ဂလိပ်စကားပြော အမှတ်(၃) အနေဖြင့် စီစဉ်ပေးထားသည်။ အခြေခံမှစ၍ အဆင့်မြင့်အထိ အပိုင်းများခွဲ၍ ထုတ်ဝေပေးထားသည်။ အသံထွက် စီဒီခွေပါ အထူးထည့်သွင်းပေးထားသည်။ ကလေးရှိသောအိမ်တိုင်း ဆောင်ထားသင့်သော စာအုပ်ကောင်း၊ လက်ဆောင်ပေးသင့်သော စာအုပ်တစ်အုပ် ဖြစ်ပါသည်။

**ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးကျပ် ၁၀၀၀ ဖြင့်ဖြန့်ချိထားသည်။**




## ကိုယ်ကျင့်တရားနှင့် အပြုအမူများ

၁၉၆၄/၆၅ ပညာသင်နှစ်အထိ အင်္ဂလိပ်မစ်ရှစ်ကျောင်းများ၌ သင်ရိုးညွှန်းတမ်းဘာသာရပ်တစ်ရပ်အဖြစ် သင်ကြားဖြေဆိုခဲ့ရသော "MORLAS AND MANNERS" (ကိုယ်ကျင့်တရားနှင့် အပြုအမူများ) စာအုပ်သည် ပြည်သူ့နီတိ၊ စာရိတ္တမဏ္ဍိုင်စသော စာအုပ်များကဲ့သို့ လူငယ်ကျောင်းသားများအတွက် အကျိုးရှိလှသော စာအုပ်ဖြစ်သည်။ ငယ်စဉ်ကာလ ကျောင်းသားဘဝမှသည် လူ့လောကသို့ တိုးဝင်ရောက်ရှိလာသည်အထိ ကျင့်သုံး၊ လိုက်နာ၊ ပြောဆို၊ ဆက်ဆံမှုများကို လမ်းညွှန်ပေးထားသည်။ တူတာကိုယူ၊ ကောင်းတာကိုစံထား၊ လိုက်နာသင်ယူသင့်သည်များကို လိုက်နာသင်ယူနိုင်ရန် ယခင်စိန့်ပေါလ်ကျောင်းသားဟောင်းတစ်ဦးစီမှ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားပြန်ဆိုထားပေသည်။ မျိုးဆက်သစ်လူငယ်များတွင်သာမက ကျောင်းစာကြည့်တိုက်များတွင် မရှိမဖြစ်ထားရှိသင့်သော စာအုပ်ဖြစ်ပေသည်။

**U AUNG (PAULIAN) မှ ပြန်ဆိုရေးသား၍ NEW STEP MEDIA မှ ဖြန့်ချိသည်။ ရောင်းဈေး ၂၅၀၀ ဖြစ်ပြီး ကျောင်းစာကြည့်တိုက်များအတွက် အထူးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ဖုန်း ၀၉-၄၉၃၁၉၃၇၀ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်သည်။**




## ကဗျာ့မာလာ

ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းအေးက ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင် ကလောင်အမည်ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက သဇင်ညွန့်စာပေအမှတ် ၆၄ (မြေညီထပ်)၊ မင်းလမ်း စမ်းချောင်းမြို့နယ် ဖုန်း ၀၁-၅၁၈၄၄၇ မှ ကိုယ်တိုင်ထုတ်ဝေသော ကဗျာစာအုပ်ဖြစ်သည်။

ကဗျာ ၉၅ပုဒ်ပါဝင်ပြီး အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီးမင်းယုဝေက အမှာစာချီးမြှင့်ထားပါသည်။ ပုံနှိပ်ဖော်ပြပြီးသော ကဗျာများချည်းစုပေါင်း ထုတ်ဝေထားခြင်းဖြစ်ရာ ပြိုင်ပွဲဆုရကဗျာများအပါအဝင်ဖြစ်သည်။

**စာအုပ်တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်သည်။**



## ချစ်သောမေမေ့ ချစ်ရောင်ခြည်နှင့် မိခင်မေတ္တာဖွဲ့စာစု

ဝါဝါထင်လင်း၏ “ချစ်သောမေမေ့ ချစ်ရောင်ခြည်နှင့် မိခင်မေတ္တာဖွဲ့စာစု” တွင် ရသစာစု(၁၃) ပိုဒ်ပါဝင်သည်။ မိခင်ကြီး အသက်(၇၉)နှစ်ပြည့်မွေးနေ့ အမှတ်တရအဖြစ် ထုတ်ခြင်းဖြစ်သည်။

“ဂါထာတန်ခိုးနှင့် ကြိုတင်နိမိတ်”မှာ သမ္ဗုဒ္ဓေဂါထာတန်ခိုးကြောင့် အသက်ဘေးမှ အကြိမ်ကြိမ်လွတ်ခဲ့ကြောင်း၊ “သံသယအတွေးမျှော်ကိုးမှုများနှင့်အတူ”မှာ ဗေဒင်ယတြာများပြုလုပ်ပြီး ဖြစ်နိုး၊ မဖြစ်နိုးကို သံသအတွေးမျှော်ကိုးမှုများနှင့် ကျန်နေခဲ့သည်။ မိခင်ကြီးအပေါ်အဖြစ်ကို ခံစားရေးသားထားသည်။

သားသမီးများအပေါ်ထားခဲ့သည့် မေတ္တာချစ်ရောင်ခြည်နှင့် သားသမီးများက မိခင်ကြီးအပေါ်ပြန်လည် ပြုစုစောင့်ရှောက်ပုံများ။ သူများနိုင်ငံမှာ မိခင်ကြီးကျန်းမာရေးအတွက် ပူပင်သောကများနှင့် နှစ်ပေါက်အောင်နေခဲ့ရသည့် ဖြစ်စဉ်များနှင့်အတူ တစ်နေ့တာ၊ တစ်ညနေ စသည့်စာစုများထဲ ဖတ်ချင်စဖွယ်ဟာသလေးများ နှောလို့ရေးသားထားသည်။ ရှုချင်စဖွယ်ရောင်စုံဓာတ်ပုံများ၊ အမျိုးသားစာပေဆုရှင် ကဗျာဆရာကြီး သူရဇော်၏ အမှတ်တရစာနှင့် သားသမီးများ၏ ဆုတောင်းစာများ ပါဝင်သည်။ မိခင်အပေါ်နားလည်သိတတ်မှုရှိလာစေရန် သားသမီးတိုင်းဖတ်သင့်သော စာအုပ်ကောင်းတစ်အုပ်ဟု ဆိုချင်သည်။

**စာအုပ်ကို ရွှေသစ္စာစာပေ ဖုန်း ၀၉-၅၃၆၀၇၃၆၊ ၀၉-၅၀၀၁၀၈၆ ရန်ကုန်မြို့မှ တန်ဖိုးကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိသည်။**



## နေ့သားအလိုက် အခါကောင်းဇယားများနှင့် နေမင်းပရိတ်၊ လမင်းပရိတ်

ပညာဒီပကစီစဉ်သော နေ့သားအလိုက် အခါကောင်းဇယားများနှင့် နေမင်းပရိတ်၊ လမင်းပရိတ်နှင့်နေ၊ လနှစ်ပါးဆိုင်ရာဂါထာ၊ မန္တန်၊ မန္တရားများစာအုပ်ထွက်ရှိလာသည်။

ဘဝတစ်သက်တာအောင်မြင်ခြင်း၊ ချမ်းသာခြင်း၊ လာဘ်ပွင့်ခြင်းများကို အသုံးပြုနိုင်မည့် အချိန်ကောင်း၊ အခါကောင်းများကို တွက်ချက်၍ ဖော်ပြပေးထားသည်။ နေမင်းပရိတ်၊ လမင်းပရိတ်နှင့် ရှားပါးဂါထာ၊ မန္တန်များ၊ လာဘ်ဝင်ဂါထာတော်များ၊ နေစကြာမန္တန်တော်၊ သဗ္ဗဇယမင်္ဂလာဂါထာတော်၊ သီဟရာဇာပရိတ်တော်၊ ပီယမန္တန်အစရှိသော ကောင်းနိုးရာရာများကို ဖော်ပြပေးထားသည်။ ဤစာအုပ်သည် ဓမ္မဒါနပြုလိုသူများ၊ ကိုယ်တိုင်ရွတ်ဖတ်ပူဇော်သင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) ၃၉-လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးကျပ် ၅၀၀ ဖြင့်ဖြန့်ချိထားသည်။**

# မှိုဈေးကောင်းရရှိသဖြင့် ဝင်ငွေကောင်း၍ မိသားစုများအဆင်ပြေ



**မကွေး ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေတ္တာ (A,B,D) ရပ်ကွက်များနှင့် မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာတို့တွင် မှိုစိုက်ပျိုးရေးကို မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးကြရာ မှိုဈေးကောင်းရရှိသဖြင့် ဝင်ငွေကောင်းကာ မိသားစုများ ဝင်ငွေအဆင်ပြေကြောင်း သိရသည်။

ရာသီအလိုက်ပေါက်ရောက်သော မှိုများကို ဆောင်းရာသီနှင့်နွေရာသီများတွင် မှိုခြောက်၊ ပန်းခြောက်အဖြစ်သာ စားသုံးကြရသည်။ ဒေသထွက် မှိုအမျိုးမျိုးကို လူအများ ဟင်းလျာတစ်မျိုးတစ်ဖုံအဖြစ် အထူးတန်ဖိုးထား စားသုံးလေ့ရှိကြသော်လည်း ထုပ်ပိုးခြင်း ပုံစံအမျိုးမျိုးဖြင့် မှိုခြောက်ကိုသာ ဝယ်ယူချက်ပြုတ်စားသုံးကြရသည်။ ယခုအခါ နည်းပညာများ တိုးတက်လာခြင်းတို့ကြောင့် မှိုများကို ဒေသမရွေး ရာသီအချိန်မရွေး စိုက်ပျိုးထုတ်လုပ်ရောင်းချနေသဖြင့် မှိုစိုက်ပျိုးသူများ မိသားစုဝင်ငွေရ၍ အဆင်ပြေကြောင်း သိရသည်။

"ကျွန်မတို့ မှိုစိုက်ပျိုးမှုအတွက် အနံသုံးပေ၊ အလျားခုနှစ်ပေရှိတဲ့ မြေပေါင်အရင်စဖော်ရတယ်။ ရေဖျန်းပေးရတယ်။ ခြမတက်အောင် ခြမစားအောင် ခြနိုင်ဆေးသုံးပေးရတယ်။ စက္ကူကတ်ထူခင်းပြီး ပလတ်စတစ်စိုက်ထုပ်အတွင်းပါ (Tissue) အသားစမှ မျိုးပွားယူထားတဲ့မှိုများကို ငါးထုပ်ကနေ ခုနှစ်ထုပ်အထိ မျိုးစေ့ချကာ သဘာဝမြေဩဇာဖြစ်တဲ့ နွားချေးဖျန်း ရေလောင်းနှပ်ပေးထားရတယ်။ နောက်ပြီးနီးဖျာအုပ် ရေလောင်းရတယ်။ လေလုံအောင် ပလပ်စတစ်နဲ့ထပ်အုပ်ထားရတယ်။ နှစ်ပတ်ခန့်အကြာဖော်တယ်။ ခြောက်ပိဿာကနေ ဆယ့်နှစ်ပိဿာအထိရတယ်။ တစ်ပိဿာကျပ် သုံးထောင်နှစ်ရာကနေ သုံးထောင်ခြောက်ရာအထိ ဖောက်သည်ပေးရတယ်" ဟု အောင်မေတ္တာရပ်ကွက်မှ မှိုစိုက်သည့် မတင်တင်လင်းက ပြောသည်။

မှိုစိုက်ပျိုးရေးကို စိုက်ပျိုးရေးပညာရှင်များ စိုက်ပျိုးနည်းပညာများ ကြိုးစားရှာဖွေခြင်း၊ နည်းပညာများ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးခြင်းနှင့်နည်းပညာများ ပြန်လည်ဖြန့်ပေးခြင်းတို့ကြောင့် ကျေးရွာနေ တောင်သူများအပြင် မြို့နယ်ရပ်ကွက်များမှ မိသားစုများလည်း လက်ဆင့်ကမ်း၍ မှိုစိုက်ခြင်းနည်းပညာများ ရရှိလာကြသဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများလာသည်။

မကွေးမြို့နယ် ဒေသခံများအပြင် ကမ္ဘာပေါ်ရှိ လူသားတချို့ သက်သတ်လွတ်စားသုံးသူနယ်ပယ်တွင် အထူးတန်ဖိုးထားစားသုံးကြလေ့ရှိသည်။ ၎င်းမှိုများကို မကွေးမြို့မဈေး၊ ကန်သာဈေး၊ မင်္ဂလာဈေးနှင့်ရန်ပယ်တို့ရှိ ကုန်စိမ်းအရောင်းဆိုင်များတွင် ရောင်းချကြသည်။ ၎င်းစိုက်ပျိုးရေးမှိုများသည် ကျန်းမာရေးပညာရှင်များ သုတေသနပြု တွေ့ရှိချက်များအရ ကစီဓာတ်၊ အဆီဓာတ်၊ ကယ်လိုရီဓာတ် ပါဝင်မှုနည်းသဖြင့် ခန္ဓာကိုယ်လျှော့ချလိုသူများ ဆီးချို၊ သွေးတိုးရောဂါရှိသူများအတွက် အထူးသင့်လျော်ကြောင်း၊ ဆားဓာတ်ပါဝင်မှုနည်းပါး၍ နှလုံးရောဂါနှင့် သွေးတိုးရောဂါတို့ကို လျော့ကျစေကြောင်း လေ့လာသိရှိရသည်။

**ဖွဲ့ထက်ရှင်**

# ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးလာရောက်သူ ယခုရက်ပိုင်းတွင်နည်းပါးလာ

**ကျိုက်ထို ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ထီးရိုးစေတီမြတ်ကြီးသို့ ယခုရက်အတွင်း ဘုရားဖူးလာရောက်သူ ယခင်ကထက်နည်းပါးကြောင်း သိရသည်။

"ဒီရက်က အဝင်နည်းတာပေါ့။ ပြီးခဲ့တဲ့ရက်သတ္တပတ်ကဆိုတည်းခိုဆောင်တွေပါပြည့်တဲ့အပြင် အခန်းငှားမရလို့ ရင်ပြင်တော်ပေါ်မှာပါအိပ်ရတယ်။ ဒေသအသီးသီးက ဘုရားဖူးလာတဲ့ ဧည့်ပရိတ်သတ်တွေ ထောင်သောင်းချီခဲ့တယ်။ နှစ်သစ်ကူးနဲ့လည်း တိုက်ဆိုင်တာလည်းပါတာပေါ့။ ခုကတော့ကျောင်းသားတွေ စာမေးပွဲနီးလာလို့ ပါးနေတယ်ထင်တာပဲ" ဟု ဘုရားဈေးတန်းမှ ဈေးရောင်းသူတစ်ဦးက ပြောသည်။

"ခြေကျင်လမ်းက ဘုရားဖူးလာရောက်သူ ယခုရက်ပိုင်းမှာအရမ်းနည်းတယ်။ ဈေးရောင်းရတာအရမ်းပါးတယ်။ ဒီနေ့တစ်နေ့ကုန်မှ သုံးထောင်ဖိုးလောက်ပဲရောင်းရသေးတယ်" ဟုတောင်ဆိတ်ဆီနှင့် ပရဆေးရောင်းချနေသူ ဦးတင်မြိုင်က ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# စားသုံးသူအကာအကွယ်ပေးရေးပညာပေးဟောပြော

**ဖားဆောင်း ဖေဖော်ဝါရီ ၈**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် ဖားစည်သံလွင်ခန်းမ၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြုလုပ်သော စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်မှူးဦးမောင်မောင်အေးက အစားအစာနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။ ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းရာ ပြည်နယ်မှူးဦးမောင်မောင်အေးက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ခဲ့သည်။ **ကိုစိုင်း (လွိုင်ကော်)**

# စိုက်ပျိုးရေးအသိပညာပေးသင်တန်းဖွင့်လှစ်

**ထားဝယ် ဖေဖော်ဝါရီ ၈**

ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အထောက်အကူဖြစ်စေရေးနှင့် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစိုက်ပျိုးရေးအသိပညာပေးသင်တန်းကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကနိုင်းဒါကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ထားဝယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးငွေသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မာမာဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် သင်တန်းသား ၂၅ ဦးအား တာဝန်ရှိသူများက စိုက်ပျိုးနည်းစနစ်၊ မြေဆီလွှာထိန်းသိမ်းနည်းစနစ်၊ အပင်ကြီးထွားရှင်သန်ရေး၊ ပိုးသတ်ဆေး ကိုင်တွယ်အသုံးပြုခြင်း၊ ပိုးမွှားများ ကာကွယ်နှိမ်နှင်းခြင်းများကို ဖေဖော်ဝါရီ ၅ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

# လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာမြင့်မားရေးဆင့်ပွားသင်တန်းဖွင့်လှစ်

**တောင်ငူ ဖေဖော်ဝါရီ ၈**

ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားပြီး ရုံးလုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန်အတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ မြင့်မားရေးဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်အတွင်းမှ ဝန်ထမ်းများ တက်ရောက်လျက်ရှိပြီး ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲမှုဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေးဘာသာရပ်၊ ငွေစာရင်း ထိန်းသိမ်းနည်း ဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများဘာသာရပ်၊ နိုင်ငံ့သမိုင်းအဆင့်ဆင့် ပြောင်းလဲတိုးတက်မှုများ ဘာသာရပ်တို့ကို ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများက စာတွေ့လက်တွေ့ သင်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တောင်ငူခရိုင်( ပြန်/ဆက်)**

# အမရပူရမြို့နယ်တွင် စပါးအထွက်ကောင်းပြီး ဈေးကောင်း၍ တောင်သူများအဆင်ပြေ

**အမရပူရ ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် မိုးစပါး စိုက်ဧက ၁၁၈၈၇ ဧက အားလုံး ရိတ်သိမ်းပြီး စပါးအထွက်နှုန်းကောင်းမွန်ခဲ့ရာ စပါးဈေးကောင်း၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ဒေသမှာ မိုးစပါးအားလုံးရိတ်သိမ်းပြီးပါပြီ၊ အထွက်နှုန်းလည်းကောင်းတယ်။ ခုချိန်က စပါးခြောက်သွားပြီဆိုတော့ ဆန်ကြိတ်လို့ကောင်းသွားပြီ၊ စပါးအစိုကြိတ်ရင် ဆန်ဟောင်းချိန်စားမကောင်းဘူး ဖွာတယ်။ စပါးခြောက်မှ ကြိတ်တော့ ဆန်ကောင်းတယ်။ ဒီဒေသကတော့ မိုးစပါးဆို မဂျမ်းတော၊ သုခနဲ့ မာကျူရီတို့များတယ်။ ရွှေသွယ်ရင်က နွေစပါးပဲစိုက်တာများတယ်။ ခုရက်ပိုင်းရွာက ဆန်စက်မှာ ဆန်လာဝယ်သူတွေများတယ်။ ရွာမှာ ခုရက်ပိုင်း စပါးဈေးက မဂျမ်းတော တင်းတစ်ရာကို ကိုးသိန်း၊ သုခက ကိုးသိန်းခြောက်သောင်း ဈေးပေါက်နေတာ။ လာဝယ်သူတွေများတော့ တောင်သူတွေက ဈေးထပ်တက်မယ်ထင်ပြီး စောင့်ရောင်းနေကြတာ" ဟု အမရပူရမြို့နယ်ရှိ တောတွင်ကျေးရွာမှ စပါးစိုက် တောင်သူတစ်ဦးက ပြောသည်။

"ကျွန်မတို့ဆန်စက်မှာတော့ မန္တလေးမြို့ပေါ်က အိမ်စားဖို့လာဝယ်သူတွေ၊ ဆန်လှောင်ချင်သူတွေ၊ ပြန်ရောင်းသူတွေ၊ ပွဲစားတွေ လာဝယ်တာများတယ်။ ဆန်စက်ကတော့ ခုရက်ပိုင်း နေ့စဉ်ကြိတ်နေရတာ မနားရဘူး၊ မဂျမ်းတောက စပါးတင်းတစ်ရာကြိတ်ရင် တစ်တင်းခွဲအိတ် ၂၈ ပိုင်းပဲထွက်တာ၊ သုခနှင့် မာကျူရီက တင်းတစ်ရာကို ၃၂ ပိုင်းထွက်တာ။ ဒါကြောင့် မဂျမ်းတောက စပါးကျ ဈေးနည်းပြီး ဆန်ကျတော့ ဈေးမြင့်သွားတာ" ဟု အမရပူရမြို့နယ် တောတွင်ကျေးရွာ အောင်မင်္ဂလာဆန်စက် ပိုင်ရှင် ဒေါ်စန္ဒာဝင်းက ရှင်းပြသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်သည် ဆည်တော်ကြီး၊ ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့် သီးနှံများ စိုက်ပျိုးကြပြီး ဆန်စပါးကို အဓိက အားထားစိုက်ပျိုးရာ ဒေသဖြစ်သည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# စစ်ကိုင်းမြို့၌ (၆၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၈**



စစ်ကိုင်းမြို့၌ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲအား ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက စစ်ကိုင်းတက္ကသိုလ် သိပ္ပံဆောင်(၂)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆင့်မြင့်ပညာ စာစီစာကုံးယှဉ်ပြိုင်မှုအား 'ပြည်ထောင်စုစိတ်ဓာတ်နှင့် ယနေ့လူငယ်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာယှဉ်ပြိုင်မှုအား 'ပင်လုံသက်သေ ပြည်ထောင်စုမြေ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပန်းချီယှဉ်ပြိုင်မှုအား 'စည်းလုံးညီညာ ပြည်သာယာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပိုစတာယှဉ်ပြိုင်မှုအား 'စည်းလုံးမှုကိုအခြေပြု တို့ပြည်ထောင်စု' ခေါင်းစဉ်နှင့် မြို့နယ်အတွင်း တက္ကသိုလ်နှင့်ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူ ၁၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့်တို့အား ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း စံပယ်ဆောင်၌ စာစီစာကုံး ယှဉ်ပြိုင်မှုအား 'ပင်လုံစာချုပ်တို့အမွေ ပြည်ထောင်စုသားတွေ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာယှဉ်ပြိုင်မှုအား 'ငြိမ်းချမ်းပါစေ ပြည်ထောင်စုအမွေ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပန်းချီယှဉ်ပြိုင်မှုအား 'ပြည်ထောင်စုဖွား သားချင်းများ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပိုစတာ ယှဉ်ပြိုင်မှုအား 'တောင်ပေါ်မြေပြန့်မခွဲခြား တို့ပြည်ထောင်စုသား' ခေါင်းစဉ်ဖြင့်လည်းကောင်း ၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများအား (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား၌ ချီးမြှင့်သွားမည်ဖြစ်ကြောင်းကို သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးကပြောသည်။

**မျိုးဝင်း (စစ်ကိုင်း)**

**ပြည်တွင်းရေးရာ**

## နွားထိုးကြီးနှင့် ထနောင်းပင်လဲကျေးရွာ လမ်းပိုင်းတွင် လမ်းပျက်စီးမှုများနေ

**နွားထိုးကြီး ဖေဖော်ဝါရီ ၈**

နွားထိုးကြီးနှင့် မလှိုင်လမ်းမှာ ၂၆ မိုင်ဝေးသော ရာသီမရွေးသွားနိုင်သည့် ကျေးလက်ဖွံ့ဖြိုးရေးဌာန၏ ကျောက်ကတ္တရာလမ်းဖြစ်သော်လည်း နွားထိုးကြီးနှင့် ထနောင်းပင်လဲကျေးရွာ လမ်းပိုင်းတွင် လမ်းပျက်စီးမှုများနေ၍ အချိန်မီပြင်ဆင်ပေးရန် ဒေသခံတို့က လိုလားနေကြောင်း သိရသည်၊

၁၉၉၀ ခုနှစ်ခန့်က မြို့နယ်စည်ပင်က ကျောက်ကတ္တရာလမ်းခင်းခဲ့ပြီး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက ယခုအခါ လွှဲပြောင်းယူထားသော်လည်း ပြင်ဆင်ထိန်းသိမ်းပေးမှုမရှိ၍ လမ်းပျက်နေကြောင်း သိရသည်။

ယခု ဖရဲရာသီတွင် ၂၂ ဘီး၊ ၁၂ ဘီး ကားကြီးများက မလှိုင်နယ် ဖရဲသီးများနေ့စဉ် ကားငါးစီးအထက် သယ်ယူနေ၍ လမ်းမှာ ပိုမိုပျက်စီးနေကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတင် သဲကား၊ ကျောက်ကား၊ ဘိလပ်မြေကားများကလည်း နေ့ရောညပါ ပြေးဆွဲနေ၍ ပျက်စီးမှုမြန်နေကြောင်း၊ နွားထိုးကြီး-မလှိုင်လမ်းမှာ မလှိုင်နယ်၏ မန္တလေးထွက်ပေါက်ဖြစ်ပြီး နွားထိုးကြီး-မိတ္ထီလာ ဆက်သွယ်ရေးအတွက် ခရီးတို၊ လမ်းတိုဖြတ်လမ်းဖြစ်နေကြောင်း၊ ယင်းကြောင့် လမ်းပျက်စီးနေမှုများကို ပြင်ဆင်ပေးရန်လိုကြောင်း ဒေသခံများက ပြောသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

## တာချီလိတ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း သင်တန်းဖွင့်လှစ်

**တာချီလိတ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ စီမံခန့်ခွဲမှုနှင့် ငွေကြေးထိန်းသိမ်းကြီးကြပ်မှုစနစ်တကျရှိစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း သင်တန်း (၁/၂၀၁၆) သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက မယ်ခေါင်ရပ်ကွက်ရှိ ခရိုင်ရုံးသင်တန်းခန်းမဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ရုံးခွဲဦးစီးမှူး ဦးမျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ခရိုင်ဦးစီးမှူး ဦးအောင်ထွန်း၊ မြို့နယ်ဦးစီးမှူးဦးတင်ဝင်းမောင်နှင့် ဝန်ထမ်းများက သင်တန်းအား ဆက်လက်သင်ကြား ပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၂၀ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၁၄၇ ဦး တက်ရောက်ပြီး သင်တန်းအား ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်တွင် ဆိုင်ကယ်ပျောက်ဆုံးမှုများပြားနေ

**ကျွန်းလှ ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရပ်ကွက်အသီးသီးတွင် ဆိုင်ကယ်များ အကြိမ်ကြိမ်ပျောက်ဆုံးနေကြ၍ ဒေသခံပြည်သူများက မိမိတို့ဆိုင်ကယ်များ ပျောက်မည်ကို စိုးရိမ်နေကြကြောင်းသိရသည်။

"ဖေဖော်ဝါရီ ၃ ရက် ညက ကျွန်တော့ကလေး ကျန်းမာရေးမကောင်းလို့ ဆေးရုံတင်ရပါတယ်။ ဆိုင်ကယ်ကို ဆေးရုံဝင်းအတွင်းဇက်သော့ ခတ်ထားပါတယ်။ နံနက်ငါးနာရီလောက်မှာ အိမ်ပြန်ဖို့ ဆိုင်ကယ်ထားတဲ့နေရာကို ကြည့်လိုက်တော့ ဆိုင်ကယ်ပျောက်ဆုံးနေပါတယ်" ဟု ကျောင်းဆရာ ဦးတင်သောင်းက ပြောသည်။

ယခုအခါ ရပ်ကွက်အသီးသီးတွင်ဆိုင်ကယ်ခိုးယူခံရသူများ များပြားနေ၍ ဆိုင်ကယ်များမကြာခဏ ပျောင်ဆုံးနေကြကြောင်း၊ မြို့ပေါ်စာသင်ကျောင်းများ၌ပါ ဖောက်ထွင်းခံနေရကြောင်း၊ မိမိတို့လုပ်အားခလေးဖြင့် ဝယ်ယူထားသည့် ဆိုင်ကယ် ပျောက်ဆုံးသွားမည်ကို စိုးရိမ်နေရကြောင်း ဒေသခံပြည်သူတစ်ဦးကပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မန္တလေးမြို့တွင် ရွှေငါးချစ်သူများအတွက် တစ်ပတ်နှစ်ရက် ငါးရောင်းချပေးမှုကို စိတ်ဝင်စားသူများပြား



**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေးမြို့ ကျုံးအရှေ့ဘက်တွင် ရွှေငါးချစ်သူများအတွက် တစ်ပတ်လျှင် နှစ်ရက် ရွှေငါးမျိုးစုံကို ရောင်းချပေးလျက်ရှိရာ ရွှေငါးကလေးများကို ဝယ်ယူမွေးမြူသူ များပြားလျက်ရှိကြောင်း သိရသည်။

အိမ်တွင် ရွှေငါးကန်များဖြင့် အလှမွေးကြသကဲ့သို့ ငါးမွေးဖန်အိုးကလေးများဖြင့်လည်း တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ ငါးတစ်ကောင်လုံး၏ လှုပ်ရှားမှုအားလုံးကို အကုန်မြင်ရပြီး ငါးသဘာဝကို ပြည့်ဝစွာမြင်ရသည့်အတွက် ပျော်ရွှင်ကာ စိတ်ကြည်လင်စေသည်ဟု ငါးမွေးသူများက ပြောသည်။

အချို့ ရွှေငါးမွေးသူများမှာ လာဘ်ကောင်းသည်ဆိုသော အယူအဆဖြင့် မွေးမြူသည်လည်းရှိသည်။ ရွှေငါးအုပ်စုကလေးများ ဝေ့ကာဝိုက်ကာ ကူးခတ်သွားလာခြင်း ရွှေ့ငါးတစ်ကောင်၏ကွေ့ဝိုက်မှုအတိုင်း နောက်ငါး တစ်သိုက်ကွေ့ဝိုက်ကူးခတ်ခြင်းမှာ လှပပြီး စိတ်ကိုရွှင်ပျစေသည်။

လက်ရှိကာလ မန္တလေးမြို့တွင် ရွှေငါးချစ်သူများအတွက် အပတ်စဉ် ကျုံးအရှေ့ဘက်တွင် ရောင်းချပေးမှုကို စိတ်ဝင်တစား ဝယ်ယူမှုများပြားလျက်ရှိသည်။ ရွှေငါးချစ်သူ အပျော်မွေး ငါးသမားများမှာ အော်ရင်နာ၊ လိုင်းဟက်၊ ဗလက်မိုး၊ ကာလီကို၊ ရင်ကတ်၊ ဘာဘာအိုး ငါးမျိုးများကို အထူးအားထားဝယ်ယူကြသည်။ ငါးကလေးများမှာ အရောင်အသွေးလှပပြီး ငါးတစ်ကောင်လျှင် အနည်းဆုံး ငွေကျပ်နှစ်ရာမှစကာ ငွေကျပ်ငါးထောင်တန်အထိရှိသည်။ အများစုမှာ ပလတ်စတစ်အိတ်အတွင်းတွင် ငါးအစုံလိုက်ထည့်ကာ ရောင်းချကြသည်။ငါးတစ်ထုပ်လျှင်ငွေကျပ်နှစ်ထောင်၊ သုံးထောင်၊ ငါးထောင်ဖိုးမှ တစ်သောင်းငါးထောင်တန်အထိ စုပေါင်းထည့်ပေးထားသည်။

ရွှေငါးများနှင့်အတူ ငါးမွေးဖန်အိမ်ကလေးများ၊ ငါးကန်ကလေးများကိုပါ ပူးတွဲ ရောင်းချပေးသည်။ လက်ရှိကာလတွင်မန္တလေးမြို့ ကျုံးအရှေ့ဘက် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရောင်းချသည့် ရွှေငါးအရောင်းဆိုင်ကို စိတ်ဝင်တစားဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## အကျယ် ၁၂ ပေ၊ အရှည်သုံးမိုင်ရှိ ပုံပါကျင်-နမ့်ဟူးခွန်ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်လှစ်

**ပုံပါကျင် ဖေဖော်ဝါရီ ၈**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၁၇၀ ဒသမ ၉ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကျယ် ၁၂ ပေ၊ အရှည်သုံးမိုင်ရှိ ပုံပါကျင်-နမ့်ဟူးခွန်ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါလမ်းမှ်ဦး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက အဖွင့်အမှာ စကားပြောကြားပြီး မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဝန်းကျောက်က ပုံပါကျင်-နမ့်ဟူးခွန် ကျောက်ချောလမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ နမ့်ဟူးခွန်ကျေးရွာမှ ကျေးရွာသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်က လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးယောဝိနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေသို့ပေးအပ်ပြီး လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးယောဝိ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးနိုးဝေ၊ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းထွန်းကျော်တို့က လမ်းကို ဖွင့်လှစ်ပေးခဲ့သည်။

"ကျွန်တော်တို့ရွာတည်တာ ၅၂ နှစ်ရှိပါပြီ အရင်ကဆိုရင် မိုးရာသီမှာ သုံးမိုင်သာဝေးတဲ့ ပုံပါကျင်မြို့ကိုရောက်ဖို့ ကားနဲ့ တစ်နာရီလောက်သွားရပါတယ်။ ကျွန်တော်တို့ ကျေးရွာတွေက စီးပွားရေးအနေနဲ့ ကြက်သွန်ဖြူနဲ့ အစေ့ထုတ်ပြောင်းကို အဓိကထား စိုက်ပျိုးကြပါတယ်။ ကြက်သွန်ဖြူတစ်ကီလိုကို ကျွန်တော်တို့ရွာမှာ ရောင်းရင် ကျပ် ၈၅၀ ရပါတယ်။ မြို့ကိုသွားရောင်းရင်တော့ ကျပ် ၉၅၀ လောက်ရပါတယ်။ ဒါပေမယ့် လမ်းမကောင်းတော့ သွားမရောင်းနိုင်ခဲ့ပါဘူး။ ရွာမှာပဲရတဲ့ဈေးနဲ့ ရောင်းခဲ့ရပါတယ်။ အခု ကျောက်ချောလမ်း ခင်းပြီးသွားတဲ့အတွက် ဝမ်မိုင်၊ အောင်းလောင်း၊ နမ့်ဟူးခွန်နဲ့ ပါချီးကျေးရွာက ပြည်သူတွေ မိုးရာသီမှာ သွားလာရခက်ခဲတဲ့ ဒုက္ခမှကင်းဝေးပြီး မိသားစုရဲ့ လူမှုစီးပွားဘဝတွေ အရင်ကထက်တိုးတက်လာတော့မှာဖြစ်လို့ အတိုင်းမသိဝမ်းသာမိသလို တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု နမ်ဟူးခွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးယီလီယက ပြောသည်။

**သန်းဇော်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး အသိပညာပေးဟောပြော

**တမူး ဖေဖော်ဝါရီ ၈**

တမူးမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်၊ စည်းစိမ်များ ဆုံးရှုံးမှုအန္တရာယ်မှ ကာကွယ်ရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက်က တမူးမြို့နယ် မီးသတ်ဦးစီးဌာနတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် တမူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးသန်းက ၂၀၁၅-၂၀၁၆ နှစ်ဦးပိုင်းတွင် နိုင်ငံအနှံ့ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်များ၊ တမူးမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်များ၊ ရပ်ကွက်အတွင်း တရားမဝင်ရောင်းချနေသည့် စက်သုံးဆီဆိုင်များရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့ အစည်းများနှင့်ပူးပေါင်း၍ ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်သူရကျော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရန်၊ ရှောင်ရန်အချက်များကို အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ တမူးမြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



## မအူပင်မြို့သို့ နိုင်ငံခြားသားလေ့လာရေးအဖွဲ့ လာရောက်လေ့လာ

**မအူပင် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်သို့ မြန်မာနိုင်ငံတွင် အလည်အပတ် ရောက်ရှိသည့် ဩစတြေးလျနိုင်ငံမှ လေ့လာရေး၊ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များသည် ဖေဖော်ဝါရီ ၅ ရက် နေ့လယ်ပိုင်းက မအူပင်မြို့တွင်းရှိ ထင်ရှားသော နေရာများအား လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဧည့်သည်များသည် မအူပင်မြို့အတွင်းရှိ ထင်ရှားသော ဘုရားများ၊ ဈေးများအားလှည့်လည် လည်ပတ်ကြပြီး အမှတ်(၄) ရပ်ကွက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးသို့ ဝင်ရောက်ကာ စာကြည့်တိုက်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လေ့လာခဲ့ကြောင်း သိရသည်။

**မအူပင်ခရိုင် (ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဆိုလာစနစ်ဖြင့် မီးလင်းရေး လုပ်ငန်းများဆောင်ရွက်

**ညောင်ဦး ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ကျေးလက်နေပြည်သူများ ဆိုလာစနစ်ဖြင့် မီးလင်းခွင်အသုံးပြုနိုင်ရေးအတွက် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ADB ဘဏ်တို့ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် စန်းကန်ကျေးရွာသို့သွားရောက်ပြီး ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ ပြည့်ဖြိုးမြဲစွမ်းအင်ဆိုလာစနစ်ဖြင့် မီးလင်းရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ရာတွင် ကုန်ကျစရိတ်အတွက်ဒေသခံပြည်သူများက ၂၀ ရာခိုင်နှုန်းကျခံရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ADB ဘဏ်တို့က ဇပ္ပါရစ်ပုလဲကုမ္ပဏီနှင့် ပူးပေါင်း၍ လိုအပ်သည့်နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်းနှင့် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းကို ၂၀၁၆ ခုနှစ် မေလကုန်တွင် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများကဆွေးနွေးခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျေးရွာချင်းဆက်မြေသားလမ်း ကိုယ့်အားကိုယ်ကိုးဖောက်လုပ်

**ယင်းမာပင် ဖေဖော်ဝါရီ ၈**

ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ညောင်ကိုင်း-စိုင်လျားကျေးရွာချင်းဆက် မြေသားလမ်းကို ဇန်နဝါရီ ၂၈ ရက်မှစတင်ကာ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရတို့မှ ကူညီထောက်ပံ့မှုများဖြင့်လည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး မတည်လှူဒါန်းငွေများဖြင့်လည်းကောင်း၊ ဒေသခံလမ်းမြေအလှူရှင်များ၏ပူးပေါင်းပါဝင်မှုဖြင့်လည်းကောင်း သက်ဆိုင်ရာ လမ်းဖောက်လုပ်ရေးကော်မတီမှတာဝန်ယူ ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ ယင်းမာပင်မြို့နယ် ညောင်ကိုင်း-စိုင်လျားကျေးရွာချင်းဆက် မြေသားလမ်းကို စိုင်လျားကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးကောဝိဒ၏ မိန့်ကြားချက်ဖြင့် လမ်းဖောက်လုပ်ရေးကော်မတီများမှ ဦးဆောင်ကြီးကြပ်ကာ လမ်းအတွက် မတည်ထည့်ဝင်ငွေ ကျပ်သုံးသိန်း မတည်၍ တိုင်းသစ်ထုတ်လုပ်ရေးမှ ဘူဒိုဇာတစ်စီးအကူအညီရယူ၍ ဖောက်လုပ်နေသည်။

ယင်းလမ်းမှာ လမ်းအကျယ်ပေ ၃၀၊ လမ်းအရှည် ၅ မိုင် ၅ ဖာလုံသာရှိပြီး ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျန်ရှိသော ၉ မိုင် ၃ ဖာလုံလမ်းအပိုင်းများကိုလည်း မြေသားလမ်းအဖြစ် ဆက်လက်ဖောက်လုပ်နေကြောင်း ယင်းလမ်းဖောက်လုပ်ရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

"အဓိကတော့ ကျွန်တော်တို့ကျေးရွာနှစ်ရွာအပြင် ညောင်ကိုင်း၊ စိုင်းလျား၊ ကျွန်းတော၊ ကုန်းရွာ၊ စားတော်ပြင်မှတစ်ဆင့် ယင်းမာပင်ခရိုင်မြို့တော်ဖြစ်တဲ့ ယင်းမာပင်မြို့ကို မော်တော်ကား၊ ဆိုင်ကယ်တို့နဲ့ အချိန်တိုအတွင်းမှာ လွယ်လင့်တကူ သွားလာနိုင်မှာဖြစ်ပါတယ်။

"အခုဖောက်လုပ်နေတဲ့လမ်းက ရွာရဲ့အလယ်ကနေဖြတ်ဖောက်ထားတဲ့အတွက် လမ်းအရှည်မိုင် ညောင်ကိုင်း-စိုင်လျားယင်းမာပင်လမ်းဟာ ၁၅ မိုင်သာရှိပါတယ်။ ခရီးလမ်းတိုတဲ့အတွက် ဒေသထွက်ကုန်သီးနှံတွေကို လွယ်ကူစွာ ပို့ဆောင်သယ်ယူနိုင်မှာဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေးစသည့်လုပ်ငန်းများကို အရှိန်အဟုန်မြင့် လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

"အဆိုပါလမ်း၏ စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၃၀ ဖြစ်ပါတယ်။ အခုအခြေအနေထိ ကုန်ကျငွေမှာ ကျပ် ၁၅ သိန်းဖြစ်ပါတယ်။ ကျေးရွာဒေသခံများနှင့် ရပ်ဝေးရပ်နီးမှ လမ်းအတွက် ထည့်ဝင်လှူဒါန်းမည်ဆိုပါက လမ်းဖောက်လုပ်ရေးကော်မတီ ဦးသိန်းထွန်း ဖုန်း၀၉- ၉၆၀၄၃၇၃၁၇၊ ၀၉၂၅၆၃၈၈၁၇၃ သို့ဆက်သွယ်လှူဒါန်းနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# တိုင်ထောင်ခရမ်းချဉ်များအတွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသောကြောင့် အရှုံးပေါ်နေ

**မြင်းခြံ ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြောက်ဘက်ဒေသများတွင် တိုင်ထောင်ခရမ်းချဉ်များ အထွက်နှုန်းကောင်းသော်လည်းဈေးနှုန်းကျဆင်း၍တောင်သူများ အခက်အခဲဖြစ်နေကြောင်း သိရသည်။

"ကျွန်တော်က တိုင်ထောင်ခရမ်းချဉ် တစ်ဧကခွဲလောက် စိုက်ထားတာပါ။ စစိုက်ချိန်တုန်းက ခရမ်းချဉ်တစ်ပိဿာ တစ်ထောင်ကျော် ဈေးပေါက်နေတာ။ စိုက်ပြီးရက်ပေါင်း ၁၀၀ ကျော်မှာ စတင်ခူးရတာဆိုတော့၊ အသီးခူးချိန်ရောက်တော့ ဈေးက မကောင်းတော့ဘူး၊ ဦးဦးဖျားဖျား ပေါ်တဲ့လူလောက်ပဲ ဈေးကောင်းမိလိုက်တာ၊ နောက်လူတွေကတော့ အကုန်ရှုံးပဲ၊ တစ်ခါခူးရင် ၁၅ တောင်းလောက်ရတယ်။

"ပိဿာချိန် ၅၀၀ ကျော်ထွက်တာ၊ သီတင်းကျွတ်လတို့၊ တန်ဆောင်မုန်းလတို့တုန်းက တစ်ပိဿာကျပ် တစ်ထောင်ကျော် ဈေးပေါက်ခဲ့ပြီး အခု ရွာမှာ တစ်ပိဿာ ကျပ် ၁၀၀၊ ကျပ် ၅၀ လောက် ဈေးရှိတာဆိုတော့ လုံးဝမကိုက်တော့ဘူး၊ စိုက်ပျိုးစရိတ်၊ အလုပ်သမားစရိတ်နဲ့ အရင်းမရတဲ့အပြင် အရှုံးနဲ့ ရင်ဆိုင်နေရတယ်။ မြို့ပေါ်သွားရောင်းရင်လည်း ကားခက တစ်ပိဿာ ၂၀ ရာခိုင်နှုန်းပေးရတာ၊ မြင်းခြံမြို့ပေါ်ဈေးက တစ်ပိဿာ ကျပ် ၁၃၀၊ ၈၀ ဈေးပဲရတာ။ သယ်ယူစရိတ်နဲ့ဆိုတော့ ဘယ်လိုမှမကိုက်ဘူး။ ဈေးကပြန်ကောင်းလာမလားလို့ စောင့်နေတာနှစ်လကျော်သွားပြီ၊ ခုနောက်ပိုင်းတော့ အပင်ပြုစုတာတို့၊ ဆေးဖျန်းတာတို့ မလုပ်တော့ဘူး၊ လုပ်ရင်လည်းအရင်းထပ်ဝင်တော့ ထပ်ရှုံးမှာပဲ" ဟု ဖက်ရင်းကျေးရွာမှ တိုင်ထောင်ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ယင်းတို့၏ အခက်အခဲကို ပြောသည်။

မြင်းခြံမြောက်ဘက်ဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိကာ စိုက်ပျိုးရေးကို အဓိကအားထားစိုက်ပျိုးပြီး ပဲ၊ ပြောင်း၊နှမ်း၊ ဝါ၊ ပဲစင်းငုံ၊ မြေပဲ၊ ခရမ်းချဉ်၊ဖရဲ၊ ကြက်သွန် အစရှိသော သီးနှံများ အဓိကစိုက်ပျိုးရာပဲစင်းငုံ၊ ပြောင်း၊ မြေပဲ၊ ဝါ၊ နှမ်း စိုက်တောင်သူများ ဈေးကောင်းရကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



Imagine Myanmar ၏ အဆင့်မြင့်ခရီးစဉ် (Feb-11) 95000 Ks
Travels & Tours နေစားငြိမ်း၊ မည်သည့်အဖိုးအခမျှ ထပ်မံပေးရန်မလို။
ပုဂံဘုရားစုံ၊ စွယ်တော်လေးဆူ၊ မခုတ္တုညီဟိုင်ဥ်ရှင်၊ ပုပ္ပါး၊ ၃ ည ၄ ရက်
ပုဂံမြို့ Floral Breeze Hotel တည်း၊ အဆင့်မြင့် Restaurants ကျွေး
Imagine Myanmar Travel: Ph: 095407753, 09420175500, 09420038879

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

ဇမ္ဗူကျော် Feb-11 ထွက်မည်
☆ ရွှေစက်တော်(ဖွင့်ပွဲ) မကွေး ပြည်
☆ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ မခုတ္တု၊
☆ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်
095194608, 09252899887, 0973177727

TRAVEL VILLAGE အဆင့်မြင့် ခရီးသွားလုပ်ငန်း
No.345, 3rd Floor, Kyike Kasan Road, Tamwe Tsp., Ygn.
ရွှေစက်တော်ဘုရားပူးခရီးစဉ် (၃ ည ၄ ရက်) Feb 11(80,000)
ပုဂံ(စွယ်တော်လေးဆူ)—ပုပ္ပါး (၃ ည ၄ ရက်) Feb 11(110,000)/Feb19 (99,000)
ဘားအံ—ကျိုက်ထီးရိုး ရေတံခွန် အပတ်စဉ်နေ့နေ့ (35,000)
ကုမ္ပဏီများ၊ အသင်းအဖွဲ့များအတွက် သီးသန့်ခရီးစဉ်များကို စိတ်တိုင်းကျစီစဉ်ပေးပါသည်။
Hot Line : 09 977906654, 09 450286728, 09 428180119

CitiAvenue Travels & Tours ၏ သင်္ကြန်ပိတ်ရက် နှစ်သစ်ကူးခရီးစဉ်များ
CitiAvenue Travels & Tours
စင်ကာပူ - ဘင်တန် (6D/5N) April 12 ~ 17 (USD 1280)
ဟောင်ကောင် - ဘာလီ (8D/7N) April 9 ~ 16 (USD 1850)
ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 12 ~ 19 (USD 1880)
ဟောင်ကောင် - မကာအို - ကွမ်ကျိုး - ရှန်းကျန့် (8D/7N) April 11 ~ 18 (USD 1610)
ဒူဘိုင်း - အဘူဒါဘီ - အယ်(လ်)အိန်း (8D/7N) April 11 ~ 18 (USD 2200)
ကိုရီးယား - ဟိုချီမင်း (9D/8N) April 10 ~ 18 (USD 2150)
ဂျပန် (9D/8N) April 10 ~ 18 (USD 3150)
သြစတြေးလျ (10D/9N) April 10 ~ 19 (USD 4550)
ဥရောပ (15D/14N) April 09 ~ 23 (USD 4870)
CitiAvenue ၏ Quality ကိုယုံကြည်သော ဧည့်သည်တော်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ခရီးစဉ်များအားလုံး အချိန်တိုအတွင်းလူပြည့်တတ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များကိုယခုပဲဆက်သွယ်ပြီး စာရင်းပေးလိုက်ကြရအောင်နော်။
www.facebook.com/citiavenue
အမှတ် ၁၃၉ (က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ 09-732356 12 / 21 09-25090 1188 / 1199 09-7800770 10/20/30/40 01-211609

လုံခြုံစိတ်ချမှု အပြည့်အဝရှိပြီး အရည်အသွေးမြင့်သော လျှပ်စစ်ပစ္စည်းများ
Panasonic
➤ မီးခလုတ်
➤ ဘရေကာ
➤ အလှဆင်မီး
➤ လေစုပ်ပန်ကာ
➤ လျှပ်စစ်မီးကြိုး
➤ မီးအားမြှင့်စက်
➤ Stainless Steel Conduit Pipe (EMT)
➤ ISOLATOR
YANDAYAR TRADING CO.,LTD
အမှတ်– ၃၀ (ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ဗဟန်း၊
☎ ၀၁–၅၀၂၃၃၃၊ ၅၀၁၃၂၉၊ ၅၁၂၉၁၁

ကျန်းမာရေးဆောင်းပါး

# သတိပြုဆင်ခြင်ရမည့် ကလေးကင်ဆာအန္တရာယ်



**à ပေါက်ပေါက်**

**မြန်မာပြည်နဲ့ ကလေးကင်ဆာ**

ကမ္ဘာပေါ်ရှိ ကင်ဆာဖြစ်ပွားမှု အမြင့်မားဆုံး နိုင်ငံ ၂၂ နိုင်ငံထဲတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ကာ၊ ကလေးနဲ့ လူကြီးကင်ဆာဖြစ်ပွားနှုန်းမှာ ၂၀၀၀ မှ ၄၀၀၀ ကြားရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားပါတယ်။

ယနေ့ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီးသို့ ရောက်လာကြသော ကလေးကင်ဆာရောဂါသည်ဟာ ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းကာလအထိ အယောက် ၅၀၀ လောက်ရှိနေကြပြီး၊ ၎င်းတို့အနက် ရန်ကုန်နဲ့ ဧရာဝတီတိုင်းမှ အများဆုံးဖြစ်ကြောင်း၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ မကွေး၊ မင်းဘူး၊ ချင်းပြည်နယ်၊ ရခိုင်၊ မင်းပြား၊ ကော့သောင်းတို့မှလည်း ရောက်လာကြကြောင်း၊ ကလေးကင်ဆာဟာ လူကြီးကင်ဆာထက် ကုသရတာလွယ်ကူပြီး ဓာတ်ကင်ကုထုံးများဖြင့် ကုသနိုင်ကြောင်း၊ သို့သော် စဉ်ဆက်မပြတ် စောင့်ကြပ်ကုသမှု မပြုလုပ်နိုင်ပါက အသက်ဆုံးရှုံးမှုနှုန်းမြင့်မားကြောင်း လေ့လာသိရှိရပါတယ်။

**သတိပြုဆင်ခြင်ဖွယ် ကလေးကင်ဆာအန္တရာယ်**

လူကြီးတစ်ယောက်မှာ ထူးခြားတဲ့ရောဂါလက္ခဏာတစ်ခုခုဖြစ်လာတဲ့အခါ၊ ကင်ဆာများဖြစ်နေမလားဟု စိုးထိတ်ကာ ဆေးရုံဆေးခန်းသို့လာရောက်ပြသကြပါတယ်။ သို့သော် မိမိ၏ကလေး ကျန်းမာတဲ့အခါ ကင်ဆာဖြစ်နေမလားဟုတွေးမိ၍ ဆေးရုံဆေးခန်းသို့လာသူ အင်မတန်မှ ရှားပါးလှပါတယ်။ ကလေးမှာ ဘာရောဂါဖြစ်နေမှန်းမသိဘဲ၊ ဆေးရုံဆေးခန်းသို့ ရောက်လာပြီး လိုအပ်တဲ့ စစ်ဆေးစမ်းသပ်မှုတွေ ပြုလုပ်ပြီးနောက် ဆရာဝန်က ' ကင်ဆာဖြစ်နေတယ်' လို့ ပြောမှသာ အထိတ်တလန့် သိရှိသွားတဲ့ ဖြစ်စဉ်မျိုးပါ။

ကလေးသူငယ်များတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါအမျိုးအစားများမှာ များသောအားဖြင့် ဆဲလ်များတွင် ဒီအင်န်အေ ပြောင်းလဲဖြစ်ပွားမှုကြောင့် ရရှိလာခြင်းဖြစ်ပြီး လူကြီးများကဲ့သို့ ဘဝနေထိုင်မှုပုံစံ၊ ပတ်ဝန်းကျင်တို့နှင့် တိုက်ရိုက်ပတ်သက်ဆက်နွှယ်မှုနည်းပါးခြင်းကြောင့်လည်း ကလေးများတွင် ကင်ဆာဖြစ်ပွားနေသည်ကို သိရှိမှုနည်းပါး နေပါတယ်။

ဒါ့ကြောင့်လဲဆိုရင် ကလေးများဟာ မိမိခံစားနေရတဲ့ ဝေဒနာကို ဂဃနဏ မပြောပြတတ်တာရယ် ကလေးကင်ဆာရောဂါ၏ ရှေ့ဦးလက္ခဏာများက အခြားရောဂါလက္ခဏာများနှင့် ထူးထူးခြားခြားကွာခြားမှု မရှိတာရယ်၊ မိဘများအနေဖြင့်လည်း ကလေးဘဝအရွယ်မှာ ကင်ဆာမဖြစ်လောက်နိုင်ဘူးလို့ ကျန်းမာရေး အသိခေါင်းပါးကြတာရယ် စသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် အသိနောက်ကျကြရပါတယ်။

ဥပမာ သွေးကင်ဆာဟာ လသားအရွယ်ရင်ခွင်ပိုက်ကလေးများအတွက် ကုသရန်ခက်ခဲသော်လည်း တစ်နှစ်သား အရွယ်ကလေးငယ်တွေကို ကုသရန်လွယ်ကူပါတယ်။ သို့သော် ၎င်းကင်ဆာဟာ အသက် ၁၀ နှစ်အထက်ဆိုရင် ကုသရန်ခက်ခဲသွား၍ ရန်ကုန်ကလေးဆေးရုံ သွေးရောဂါနှင့် ကင်ဆာဌာနအနေဖြင့် အသက် ၁၂ နှစ်အရွယ်အထိ လက်ခံကုသပေးလျက်ရှိကြောင်း သိရပါတယ်။ ဒါကြောင့် ကလေးများမှာ သွေးကင်ဆာဖြစ်ပွားလျှင် ပျောက်ကင်းနိုင်ခြေရှိခြင်းကြောင့် စောစောသိပါက စောလျင်စွာကုသမှုခံယူသင့်ပါတယ်။

**ကလေးကင်ဆာ လက္ခဏာများ**

တကယ်တော့ကလေး ကင်ဆာရောဂါများကို အချိန်မီထိရောက်စွာ ကုသပေးနိုင်ရင် လူကြီးအရွယ်တွင်ဖြစ်တတ်တဲ့ ကင်ဆာများထက် သက်သာပျောက်ကင်းနိုင်မည့် အခွင့်အလမ်း သိသိသာသာပိုများတာကြောင့် အောက်ပါ ကလေးကင်ဆာ လက္ခဏာများကို လေ့လာမှတ်သားရင်း မိမိရင်သွေးကို ကာကွယ်စောင့်ရှောက် သင့်ပါကြောင်း အကြံပြုလိုက်ရပါတယ်။

**လူကီးမီးယား(ခေါ်) သွေးဖြူဥကင်ဆာ**

မြန်မာနိုင်ငံရှိ အသက် သုံးနှစ်၊ လေးနှစ်အရွယ်ကလေးများတွင် အများဆုံးတွေ့ရတဲ့ ကင်ဆာရောဂါဖြစ်ပါတယ်။ လူကီးမီးယား အမျိုးအစားများစွာထဲမှ Acute Lymphoblastic Leukemia(ALL)ကတော့ အဖြစ်များဆုံးပါတဲ။ အဓိကလက္ခဏာများမှာ သွေးအားနည်းခြင်း၊ အရေပြားမှာ သွေးခြည်ဥခြင်း၊ သွားဖုံးများမှ သွေးယိုစီးခြင်း၊ လည်ပင်း၊ ချိုင်း(ဂျိုင်း)၊ ပေါင်ခြံတွေမှာ အကျိတ်များကြီးလာခြင်း၊ မကြာခဏဖျားခြင်း၊ အရိုးများနာခြင်းတို့ဖြစ်ပါတယ်။ ထိုရောဂါအတွက် သွေး နှင့် ရိုးတွင်းခြင်ဆီတို့ကိုဖောက်၍ စစ်ဆေးခြင်းဖြင့် လူကီးမီးယားဖြစ်နေကြောင်းကို အတည်ပြုနိုင်ပါတယ်။

**ဦးနှောက် ကင်ဆာ**

ကလေးများတွင် ဒုတိယအများဆုံးတွေ့ရတဲ့ ကင်ဆာရောဂါဖြစ်ပါတယ်။ အသက် ငါးနှစ်မှ ၁၀ နှစ်အရွယ်ကလေးများတွင် အများဆုံးတွေ့ ရတတ်ပါတယ်။ ဒါပြင် လသားအရွယ်ရင်သွေးငယ်များသာမက၊ အပျိုဖော်၊ လူပျိုဖော်ဝင်စ အရွယ်တွေမှာလည်း တွေ့ရ နိုင်ပါတယ်။

အထူးသဖြင့် ငယ်ထိပ်မပိတ်သေးသည့် လသားအရွယ်မှာ ဦးခေါင်းအရွယ်အစားက ပုံမှန်ထက်ကြီးနေပါက ဦးနှောက် ကင်ဆာဖြစ်ဖို့ သေချာသလောက် ရှိနေပါပြီ။ အဓိကလက္ခဏာများကတော့ အော့အန်ခြင်း၊ အိပ်ရာနိုးထချိန် (သို့မဟုတ်)ခေါင်းငုံ့ချိန်၊ ခေါင်းမော့ချိန်တွေမှာ ခေါင်းကို ရုတ်တရက်အနေအထားပြောင်းလိုက်တဲ့ အခါမျိုးတွေမှာ ခေါင်းကိုက်ခြင်းဖြစ်လာပါတယ်။ ကလေးများ ကာလအတန်ကြာခေါင်းကိုက်ဝေဒနာ ခံစားနေရပါက မပေါ့ဆသင့်ပါဘူး။

**အာရုံကြောကင်ဆာ**

ကလေးများတွင် ဒုတိယအများဆုံး တွေ့ရလေ့ရှိတဲ့ ကင်ဆာရောဂါတစ်မျိုးပါပဲ။ ဆေးသိပ္ပံနည်းအရ Neuroblastoma လို့ ခေါ်ပါတယ်။ ကျောက်ကပ်အပေါ်ဖက်နားရှိ အက်ဒရီနယ်ဂလင်း၏ အတွင်းသား (Adrenal Medulla) နှင့် Sympathetic Nervous System တစ်သျှူးများရှိရာ ဝမ်းခေါင်းပိုင်း၊ ရင်ဘတ်၊ လည်ပင်း၊ ဦးခေါင်း စတဲ့နေရာတွေများ ဖြစ်ခြင်းပါ။

ထိုကင်ဆာဖြစ်ပွားနှုန်းမှာ ပျမ်းမျှအားဖြင့် အသက် တစ်နှစ်အရွယ်မှာ ရောဂါဖြစ်နိုင်ခြေ ၂၅ ရာခိုင်နှုန်း၊ အသက် နှစ်နှစ်အရွယ်မှာ ၄၀ ရာခိုင်နှုန်း၊ အသက် ၁၀ နှစ်မပြည့်ခင် အရွယ်မှာ ရောဂါဖြစ်နိုင်ခြေ ၉၀ ရာခိုင်နှုန်းရှိပါတယ်။ အဓိကလက္ခဏာများမှာ ဝမ်းဗိုက်ဖောင်းခြင်း၊ ဝမ်းဗိုက်အတွင်း အဖုအလုံး စမ်းသပ်တွေ့ ရှိခြင်း၊ အကျိတ်အဖုတွင်း သွေးယိုစီးခြင်းတို့ဖြစ်ကြပါတယ်။

**သားနုရည်တစ်ရှူး ကင်ဆာ**

ကလေးများတွင် တတိယအများဆုံးတွေ့ ရတဲ့ ကင်ဆာရောဂါဖြစ်ပါတယ်။ အသက်ငါးနှစ်အောက်မှာ တွေ့ ရခဲသော်လည်း၊ ငါးနှစ်ကျော်အရွယ်တွေမှာ သိသိသာသာအဖြစ်များလာတတ်ပါတယ်။ ပျမ်းမျှ ဆယ်ကျော်သက်အရွယ်တွေမှာ အဖြစ်များဆုံးကင်ဆာ ဖြစ်၍၊ ယောကျာ်းလေးများက မိန်းကလေးများထက် ရောဂါဖြစ်နှုန်း နှစ်ဆ ခန့်ပိုပါတယ်။ ရောဂါလက္ခဏာများမှာ လည်ပင်းနှင့် ဦးခေါင်းပိုင်းတွေမှာ lymph gland(ခေါ်)သားနုရည်ကျိတ်များ နာကျင်မှုမခံစားရဘဲ ရောင်ရမ်းကြီးမားနေခြင်း၊ သားနုရည်တစ်သျှူးများ ရှိသည့် အရေပြားနှင့် အရိုးနေရာတွေ နာကျင်ရောင်ရမ်းခြင်း၊ အရေပြားပေါ် သွေးခြေဥခြင်း၊ ဖျားနာခြင်း၊ သွေးအားနည်းခြင်းတို့ဖြစ်ပါတယ်။

**ကျောက်ကပ် ကင်ဆာ**

Wilm'stumour (ခေါ်)ကျောက်ကပ်ကင်ဆာတစ်မျိုးကတော့ ကလေးငယ်များတွင်သာ ဖြစ်တတ်တဲ့ရောဂါပါ။ အသက် သုံးနှစ်ခန့်အရွယ်မှာ အများဆုံးဖြစ်တတ်ပြီး၊ ထိုရောဂါဝေဒနာရှင်၏ ၈၀ ရာခိုင်နှုန်းမှာ အသက်ငါးနှစ်အောက် ကလေးများဖြစ်ကြပါတယ်။ ရောဂါဝေဒနာရှင် ကလေးများ၏ ၅၀ ရာခိုင်နှုန်းမှာ ဝမ်းဗိုက်ဖောင်းနေ၍ အဖုကြီးများကိုမတော်တဆစမ်းသပ်မိခြင်းဖြစ်ပြီး နာကျင်ကိုက်ခဲမှုဝေဒနာ တစ်စုံတစ်ရာမခံစားရပေ။ ကျန်ဝေဒနာရှင်များ၏ ၅၀ ရာခိုင်နှုန်းမှာ ဗိုက်နာခြင်း၊ အန်ခြင်း၊ ဖျားခြင်း လက္ခဏာများပြတတ်ပါတယ်။ ရောဂါက အဆုတ်နှင့် အသည်းတို့ ထိပါ ပျံ့နှံ့သွားတတ်ပြီး၊ အသည်းထိအောင်ပြန့်သွားပါက အသည်းကြီးနေတတ်ပါတယ်။

**အရိုးကင်ဆာ**

ကလေးများတွင် Osteosarcoma(ခေါ်) အရိုးကင်ဆာ နှင့် Ewing sarcoma(ခေါ်) အရိုးကင်ဆာတို့က အဖြစ်များဆုံးရောဂါများဖြစ်ကြ၍၊ လက်မောင်းရိုး၊ ပေါင်ရိုး စတဲ့ အရိုးရှည်တွေမှာဖြစ်ပေါ်တတ်ပါတယ်။ အသက် ၁၀ နှစ် နှင့် ၂၀ ကြားမှာ ဖြစ်လေ့ရှိပါတယ်။ Osteosarcoma (ခေါ်) အရိုးကင်ဆာ ရောဂါလက္ခဏာမှာ ၎င်းအရိုးရှည်များ အကြောင်းမဲ့နာကျင်ကိုက်ခဲနေတတ်ခြင်းပါ။ Ewing Sarcoma(ခေါ်) အရိုးကင်ဆာ၏ ရောဂါလက္ခဏာကတော့ အရိုးများနာကျင်ခြင်းနှင့် ထိုအရိုးနေရာမှ အဖုအလုံးများ ဖြစ်တည်လာခြင်းပါ။

**မျက်စိ ကင်ဆာ**

မျိုးရိုးလိုက်တတ်သည့် ကင်ဆာတစ်မျိုးပါ။ မျိုးရိုးလိုက်၍ ဖြစ်သူများတွင် မျက်စိ နှစ်ဖက်စလုံးဖြစ်တတ်ပြီး၊ ပျမ်းမျှအသက် ရှစ်နှစ်အရွယ်မှာ ဖြစ်တတ်ပါတယ်။ မျိုးရိုးမရှိသော ကလေးများမှာ မျက်စိ တစ်ဖက်သာဖြစ်လေ့ရှိပြီး၊ ပျမ်းမျှ အသက် နှစ်နှစ်ဝန်းကျင်မှာ ဖြစ်တတ်ပါတယ်။ ကလေး၏ မျက်လုံးသူငယ်အိမ်ဟာ ကြောင်မျက်လုံးကဲ့သို့ တောက်ပြောင်နေခြင်းက မျက်စိကင်ဆာလက္ခဏာဖြစ်ပါတယ်။

**အသည်းကင်ဆာ**

မျိုးရိုးလိုက်ခြင်းနှင့် မိခင်ဝမ်းတွင်း သန္ဓေသားဘဝတွင် ဓာတ်မှန်နှင့် အခြားဓာတ်ရောင်ခြည်များ ထိတွေ့ခံရခြင်းကြောင့် ရင်သွေးငယ်မှာ မွေးရာပါ အသည်းကင်ဆာဖြစ်လာရပါတယ်။ မျက်စိတွင် မျက်ကပ်အဆံမပါသော ကလေးများနှင့် ကိုယ်တစ်ခြမ်းကြီးသော ကလေးများမှာ အသည်းကင်ဆာဖြစ်နိုင်ခြေ ပိုများပါတယ်။

**မျိုးဆက်ပွားအင်္ဂါကင်ဆာ**

သမီးငယ်များတွင်သာ တွေ့ရတဲ့ ကင်ဆာရောဂါတစ်မျိုးပါ။ သန္ဓေသားဘဝတွင် ဓာတုပစ္စည်းနှင့် Dethylstilbesterol(ခေါ်) ဟော်မုန်းဆေးဝါးများကို မိခင်မှ သုံးစွဲခဲ့ခြင်းကြောင့် မွေးလာတဲ့ သမီးမိန်းကလေးမှာ မွေးလမ်းကြောင်းကင်ဆာဖြစ်လာရပါ တော့တယ်။






ရရှိသည့် အပိုဆုငွေပမာဏကို (၁၅)ရက်အတွင်း အသုံးပြုရပါမည်

| ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ | ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ | ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ |
|---|---|---|---|---|---|---|---|---|
| ၁၀၀၀ | ၂၀% | ၂၀၀ | ၅၀၀၀ | ၄၀% | ၂၀၀၀ | ၂၀၀၀၀ | ၁၀၀% | ၂၀၀၀၀ |
| ၃၀၀၀ | ၃၀% | ၉၀၀ | ၁၀၀၀၀ | ၁၀၀% | ၁၀၀၀၀ | ၃၀၀၀၀ | ၁၀၀% | ၃၀၀၀၀ |

- GSM/ WCDMA နှင့် CDMA (Prepaid နှင့် Postpaid) သုံးစွဲသူများအားလုံးအတွက် အကျုံးဝင်ပါသည်။
- ရရှိသည့် အပိုဆောင်းဆုငွေအား ပြည်တွင်းဖုန်းခေါ်ဆိုခြင်း၊ မက်ဆေ့ပို့ခြင်းနှင့် အင်တာနက်အသုံးပြုခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
- GSM/ WCDMA အသုံးပြုသူများအတွက် ဖုန်းခြစ်ကတ်၊ E-top up စနစ်၊ Myanmar Mobile Money စနစ် နှင့် ဘဏ်မှတဆင့် ငွေဖြည့်ခြင်း စသည့်နည်းအားလုံးဖြင့် ငွေဖြည့်နိုင်ပါသည်။
- CDMA အသုံးပြုသူများအတွက် ဖုန်းခြစ်ကတ်ဖြင့် ငွေဖြည့်သွင်းနိုင်ပါသည်။
- ရရှိသည့် အပိုဆုငွေ ပမာဏကို (၁၅) ရက်အတွင်း အသုံးပြုရပါမည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm  www.facebook.com/mptofficialpage  MPTOFFICIAL

CALL CENTER 106 | call free 24 hours everyday

ကြော်ငြာ

ဒေါက်တာဦးကျော်ကျော်စိုး + ဆရာမကြီးဒေါ်ယဉ်ဇီဇီ တို့မှ ၁၉၉၆ ခုနှစ်တွင် တည်ထောင်ပါသည်။

(၅)ဘာသာဂုဏ်ထူးရှင် — မရွှင်ကောင်းပြည့်လျှံ (ဆမ၃-၁၅၇၄) မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ

(၅)ဘာသာဂုဏ်ထူးရှင် — မချစ်နှင်းဖြူ (ဆလမ-၁၅၄) မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ

(၅)ဘာသာဂုဏ်ထူးရှင် — မပိုင်ထရီကာခင် (ဆကရ-၆၁၆) အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ

(၆)ဘာသာဂုဏ်ထူးရှင် — မထက်ရည်အောင် (ဆစဝ-၂၃၀) မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ

(၄)ဘာသာ၊(၃)ဘာသာ၊(၂)ဘာသာ၊(၁)ဘာသာ ဂုဏ်ထူးရှင်များစွာ ပေါ်ထွန်းခဲ့ပါသည်။

ZWARE FAMILY EDUCATION CENTRE
ပညာ့ဗိမာန် Since 1996
ဦးဝေမြင့် M.Sc(Chem:)
ဇွဲ ပညာ့ဗိမာန်
ဂရေ၊ ၁၀ တန်း
ခိုင်း | Camp | ဘော်ဒါ
Ph: 09-514 3973, 09-507 7757, 09-79966 7960
၄၉၀၊ ဓမ္မာရုံလမ်းမကြီး၊ ၆ မိုင်ခွဲ၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

တွဲ့စ်ကျင်သော ဆရာကြီး၊ ဆရာမကြီးများ၏ သင်ကြားမှုနှင့် ကျောင်းစည်းကမ်းကောင်းမွန်ခြင်းကြောင့် ၂၀၁၄/၁၅ ပညာသင်နှစ်တွင် အောင်ချက် (၁၀၀%) ထွက်ရှိပြီး ရမှတ်မြင့်မားသော ၆ဘာသာ၊ ၅ဘာသာ ဂုဏ်ထူးရှင် တပည့်များကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့ပါပြီ။

၂၀၁၆-၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

၂၀၁၅ တက္ကသိုလ်ဝင်တန်း Top Ten ဂုဏ်ထူးရှင်၊ ALL D နှင့် ထူးချွန်ဂုဏ်ထူးရှင်များ

TOP TEN (မြန်မာတစ်ပြည်လုံး အဋ္ဌမဆင့်)

"စည်းကမ်း၊ စနစ်၊ စေတနာ၊ ပညာ ကို မဏ္ဍိုင်ပြု၍ အောင်မြင်ထက်မြက်မှုကို တည်ဆောက်မည်"

ALL D ဘာသာစုံ ဂုဏ်ထူးရှင်များ

၅ ဘာသာ ဂုဏ်ထူးရှင်များ

၄ ဘာသာ ဂုဏ်ထူးရှင်များ

၃ ဘာသာ ဂုဏ်ထူးရှင် ၁၁ ဦး၊ ၂ ဘာသာ ဂုဏ်ထူးရှင် ၁၈ ဦး၊ ၁ ဘာသာ ဂုဏ်ထူးရှင် ၃၆ ဦး၊ ဂုဏ်ထူးရှင်ပေါင်း များစွာဖြင့်...

ပြည့်သန်းနိုင် တည်ထောင်သည့်

ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့် ဘော်ဒါ
FORWARD အဆင့်မြင့်စာသင်ဝိုင်း

ကျောင်း — မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀ ၂၀

ဘော်ဒါ — အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁ ၃၉ ၇၉ ၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

ဝိုင်း — အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၉၅ ၀၉၇၊

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397 939

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ ]

◆ ကိုယ်ပိုင်အထက်တန်းကျောင်း
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။
ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ Grade 11 (ဧပြီ ၂၇) Grade 10 (မေ ၄)
Grade 9,8,7,6 (မေ ၄) စ,မည် ]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။

◆ အဆင့်မြင့်ဘော်ဒါ
ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]

◆ အဆင့်မြင့် စာသင်ဝိုင်း
Grade 10,11 (တက္ကသိုလ်ဝင်တန်း) [ဘာသာစုံ]
Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
(ဧပြီ ၂၉) စ,မည်။ ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။

ကိုယ်ပိုင်အထက်တန်းကျောင်း (သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း
◆ အဆင်ပြေ ကြိုက်နှစ်သက်ရာ အစီအစဉ်ကို စုံစမ်း၊ ရွေးချယ်၊ အပ်နှံတက်ရောက်နိုင်ပါသည်။




စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း (ရုံးချုပ်)
အမှတ် (၁၄၄)၊ R/A3၊ မြို့ပတ်လမ်း၊ အ.ထ.က (၄)အနီး၊ ပြင်ဦးလွင်မြို့
E-mail :office@sarpaneain.com
website.www.sarpaneain.com

မတ်လတန်းခွဲများကို မတ်လ (၁၄)ရက် တနင်္လာနေ့၊ မေလတန်းခွဲများကို မေလ (၉)ရက် တနင်္လာနေ့များတွင် စတင် လေ့ကျင့်သင်ကြားမည်ဖြစ်ပါသည်။
၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်း(၁၀)တန်းအထိ လက်ခံပါမည်။
ဖုန်း - ၀၈၅ - ၂၂၃၉၀၊ ၂၃၃၂၈၊ ၂၁၁၅၁၊ ၂၂၆၃၂

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၈၄၊ ၈၅)နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်(ငြိမ်း) အသက်(၈၀)သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၄း၅၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဇနီး ဒေါ်စင်နွန်းခွန်ဆမ် မိသားစု**
**ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်(ငြိမ်း) အသက်(၈၀)သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၄း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း**
**ဒုတိယဝန်ကြီး**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်(ငြိမ်း) အသက်(၈၀)သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၄း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ခင်မောင်ဝင်း(ငြိမ်း)နှင့်ဇနီး**
**ဒေါ်မြင့်မြင့်ဝင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) အသက် (၈၀)သည် ၆-၂-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် ဇနီး ဒေါ်နန်းယဉ်မေဝင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) အသက်(၈၀) သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၄း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခိုင်အောင်ဝင်း မိသားစု တည်ဆောက်ရေး အင်/ယာ အဖွဲ့.**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)**

**အသက်(၈၀)**

**စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) သည် ထိုင်းနိုင်ငံ Bangkok Hospital ၌ ၆-၂-၂၀၁၆(စနေနေ့) ထိုင်းစံတော်ချိန် ညနေ ၄း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)နှင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်(ငြိမ်း) အသက်(၈၀)နှစ် သည် ၆-၂-၂၀၁၆ (စနေနေ့) ညနေ ၄း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ် တင်ထွတ်(ငြိမ်း)-ဒေါ်တင်တင်ညွန့် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊ကျောင်း၊ မုခ်ဦး၊ ရေကန် ဒါယကာကြီး**

**ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)**

**အသက်(၈၀)**

**ကြည်း-၈၈၀၉၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

ရန်ကုန်မြို့နေ ဒေါ်ခင်ချိုဦး၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)သည် ၆-၂-၂၀၁၆ ရက်တွင် ကွယ်လွန် သွားကြောင်းသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်စောလွင်(ငြိမ်း)နှင့်ဇနီး ဒေါ်မိုးမိုးမြင့်**

## မဇင်မာလင်း(အထက-၂၊ လသာ)

**အသက်(၄၄)နှစ်**

**T.S.I Myanmar Co., Ltd**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၈)လမ်း၊ အမှတ်(၄၃)၊ ခြောက်လွှာ(B)နေ ဦးဇော်လင်း-ဒေါ်မြင့်မြင့်တို့၏သမီးကြီး၊ ဒေါက်တာဇခြည်လင်း(ပင်လုံဆေးရုံ)၏အစ်မ၊ ဒေါ်အေးသန်း(လယ်အုပ်-ငြိမ်း)၊ ဒေါ်ယဉ်တင့်၊ ဒေါ်ကြူကြူ၊ ဦးသိန်းနိုင်အေး၊ ဒေါ်ယဉ်ထွေးတို့၏တူမ၊ ရဲမာန်ဟိန်း၊ ပြည့်မြတ်ခင် (စင်ကာပူ)တို့၏အစ်မ မဇင်မာလင်းသည် ၇-၂-၂၀၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဆရာတော်ဘဒ္ဒန္တဝိမလ (ဇေယျာသိဒ္ဓိကျောင်းတိုက်)**

**သိက္ခာတော်(၆၅)ဝါ၊ သက်တော်(၈၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဇေယျာသိဒ္ဓိကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တဝိမလသည် (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ရက်) ၇-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၃း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) ၁၃-၂-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနာ ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဆွေတော်မျိုးတော်အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [၁၃-၂-၂၀၁၆(စနေနေ့)တွင် ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းစသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ် လှူဒါန်းပါမည်။)

ဈာပနာကျင်းပရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သန်းကြည် (၁၀၁)နှစ်**

**လွတ်လပ်ရေးကြိုးပမ်းဆု**

တောင်သာမြို့နေ (ဦးနံ့သာ-ဒေါ်မြခင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံလမ်းမကြီး(အရှေ့)၊ အမှတ် (၆၃)နေ (သခင်မောင်မောင်သင်)၏ဇနီး၊ (ဦးကျော်ဆွေ)-ဒေါ်မျိုးချစ်၊ ဦးဖုံးမို(မိုးဖြူ)-ဒေါ်ခင်မြဆွေ(ဦးတင်မြင့်)-ဒေါ်ကြည်ဝင်း(USA)၊ ဒေါက်တာဦးတင်ဟိန်း-ဒေါ်တင်တင်သန်း၊ ဦး Nelson Tun -ဒေါ်သန်းနု(USA)၊ ဒေါက်တာကိုကိုလွင်-ဒေါ်လေးလေး(USA)၊ ဦးနေဝင်း-ဒေါ်နော်အေးရင်(ဖယ်ခုံမြို့)၊ ဦးစံတင်အောင်-ဒေါ်ခင်ပြုံးရီ၊ ဦးသန့်ဇင်၊ Mr.c.cYap-ဒေါ်ဖြူဖြူသင်(USA)တို့၏မွေးသမိခင်၊ မြေး ၃၈ယောက်၊ မြစ် ၄၃ယောက်၊ တီခုနစ်ယောက်တို့၏အဘွား ဒေါ်သန်းကြည် သည်၆-၂-၂၀၁၆(စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်လေး(ထားဝယ်) အသက်(၈၀)**

**အထက်တန်းပြ(ငြိမ်း)၊ အထက (၁၊ ၂၊ ၃) ထားဝယ်**

**အထက(၁၊ ၂) ရန်ကင်း၊ အထက(၁) ပုဇွန်တောင်၊ အထက(၃) တ/ဥက္ကလာ**

ထားဝယ်မြို့နေ (ဦးဘအုန်း-ဒေါ်မဲ)တို့၏သမီး၊ [ဦးရှုမောင်(မြိတ်)] ဒေါ်လှခင်(ထားဝယ်)တို့၏သမီးချွေးမ၊ အမှတ်(၆၇၈)၊ ရတနာလမ်းသွယ်၊ သီရိရတနာရိပ်သာ၊ သင်္ဃန်းကျွန်းနေ ဦးစံကြည်(ထားဝယ်၊မြိတ်)၏ချစ်လှစွာသောဇနီး၊ ဦးအောင်သူ (E/E P.I.L)-ဒေါ်အေးသီတာထွေး၊ ဦးမြတ်သူ(BOSUN,B.S.M)-ဒေါ်နွဲ့နွဲ့၊ ဦးစည်သူ (C/E Hyundai Heavy Industries)-ဒေါ်မြမိုးဦးတို့၏ မိခင်၊ မောင်ကောင်းမြတ်သူ-မပန်းအိဖြူ၊ မောင်ပြေတူးချစ်၊ (E/CA-DET, P.I.L)၊ မောင်မင်းမင်းသီဟ(ခေတ္တ-U.S.A ) မောင်ရှိုင်းမြတ်သူ(မိဘရိပ်ကျူရှင်)၊ မသက်ထားစံ(TTC၊ ကမာရွတ်)၊ မခိုင်ဆုလာဒ်မြတ်သူ(TTC၊ ရန်ကင်း)၊ မောင်အောင်ကောင်းစံ(TTC၊ လှိုင်)တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၆-၂-၂၀၁၆ ရက် ညနေ ၆း၁၅နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၇-၂-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ကျောင်းဒါယကာကြီး

**ဒေါက်တာဦးအေးလွင်(ညောင်တုန်းမြို့) (၇၅)နှစ်**

ရန်ကုန်မြို့နေ (ဦးရှမ်းဘုံ-ဒေါ်နန်းလှိုင်)တို့၏သား၊ ဥက္ကံမြို့နေ (ဦးစစ်လွင်)-ဒေါ်ထွေးရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၆)၊ (၁၁)လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ခင်ဦးလွင်၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးကြည်ဝင်း-ဒေါ်ရီရီလွင်၊ ဦးမြင့်ဌေး-ဒေါ်စန်းစန်းလွင်၊ (ဒေါက်တာတင်ရွှေ)-ဒေါ်နီနီလွင်၊ ဒေါက်တာသိန်းလွင်-ဒေါ်ဖြူဖြူလွင်၊ ဦးမောင်မောင်သန်း-ဒေါ်မေသက်လွင်၊ ဦးသိန်းလွင်-ဒေါ်အေးမီတို့၏ ချစ်လှစွာသောအစ်ကိုကြီး ဒေါက်တာ ဦးအေးလွင်သည် ၇-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈း၃၅ နာရီတွင် အာရှ တော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၆(အင်္ဂါနေ့) ညနေ ၃နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယကာကြီး

**ဦးစိန်ဝင်း(ဒေးဒရဲ) (၆၇)နှစ်**

ဒေးဒရဲမြို့နေ (ဦးပြုံးဝါး-ဒေါ်ကျင်ဆိုက်)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ လမ်းမတော်လမ်း၊ အမှတ် (၁၃၇/၁၃၉)နေ (ဦးညွန့်ရင်-ဒေါ်မြသီ)တို့၏ သားသမက်၊ (ဦးမောင်မင်း)-ဒေါ်ကျင်ရီ၊ ဦးတူး(ခ)ဦးမောင်မောင်ကြည်-ဒေါ်ကြူကြူခိုင်၊ ဦးဇော်ထွန်း-ဒေါ်သက်အိတို့၏ ညီ၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်အေးအေးဝင်း တို့၏ အစ်ကို၊ [ဦးထွန်းထွန်းဦး(ခ)ဦးအန်ကောက်]-ဒေါ်မြမြညွန့်တို့၏ မောင်၊ (ဦးသိန်းထွဋ်)-ဒေါ်တင်တင်ဝင်း၊ ဦးတင်စိုး-ဒေါ်ပြုံးပြုံးရင်(ခေတ္တ-USA)၊ ဦးခင်ကျော်-(ဒေါ်ဘေဘီ)၊ (ဦးနိုင်ဝင်း)တို့၏အစ်ကို၊ လမ်းမတော်လမ်း၊ အမှတ် (၁၃၇)၊ လေးလွှာနေ ကိုမျိုးမင်း၊ (ကိုဇေယျာဝင်း)၊ Dr.ထူးအောင်ဝင်းတို့၏ဖခင်၊ ဒေါ်အေးအေးချစ်၏ ချစ်လှစွာသော ခင်ပွန်းသည် ၆-၂-၂၀၁၆ (စနေနေ့) ည ၁၀း၂၇နာရီတွင် ခုတင် ၅၀၀ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

**ဒေါ်သောင်းရီ (၇၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၂၂) လမ်း၊ အမှတ် (၃၂)၊ သုံးလွှာနေ (ဦးပိန်-ဒေါ်ခင်တင့်)တို့၏ သမီးကြီး၊ ဦးတင်ညွန့်-(ဒေါ်တင်မော်)၊ ဒေါ်မြခင်မော်(အလပြ-ငြိမ်း)၊ ဦးအောင်ထွန်းလင်း-ဒေါ်ဝင်းဝင်းမြင့်တို့၏အစ်မကြီး၊ (ဦးထွန်းမြင့်)-ဒေါ်အေးအေးမော်၊ ဦးအောင်ကျော်မိုး-ဒေါ်နီနီမော်၊ဒေါ်ဝါဝါမော်၊ ဦးအောင်နိုင်ဦး-ဒေါ်စန္ဒာအေး၊ဦးစိုးမိုး-ဒေါ်သစ်သစ်မော်၊ မောင်ဘုန်းသက်ပိုင်၊ မောင်ရဲလင်းပိုင်တို့၏ ကျေးဇူးရှင်ကြီးကြီးမေ ဒေါ်သောင်းရီသည် ၇-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁း၁၅ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံ(S.S.C)၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဆရာမကြီး

**ဒေါ်သိန်းသိန်းနွယ်(ငြိမ်း)(၇၈)နှစ်**

**(မန္တလေး စိန့်ပီတာကျောင်း)**

မန္တလေးမြို့နေ (ဒေါ်လှရင်)၏သမီး၊ ဗိုလ်မှူးဘကြည်(ငြိမ်း)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးဇော်မင်းဦး-ဒေါ်သဉ္ဇာ Panasonic Asia Pacific Pte, Ltd (Myanmar Branch)၏ မိခင်၊ မောင်သုတ၏အဘွားသည် ၇-၂-၂၀၁၆ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(လှိုင်မြို့နယ်နေအိမ်မှကားများ နံနက်၁၀နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊နတ်လမ်း၊ ရေတွင်း၊ရေကန် ဒါယိကာမကြီး

**ဒေါ်ခင်အေး(ခ)မအာဟိန်း**

**အသက်(၇၉)နှစ်**

**(နေလင်းထွန်း-ပရိဘောဂတိုက်)**

**(ရေကြည်မြို့)**

ရန်ကုန်မြို့၊ တာမွေကြီး၊ (ခ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၁၁၄)၊ (၁၆၄)လမ်း၊ အမှတ် (၇၅)နေ (ဦးတတ်-ဒေါ်ကြူ)တို့၏သမီး၊ (ဦးတင်ဝင်း)၏ ဇနီး၊ ဒေါ်ခင်မေဝင်း-ဦးဝင်းနိုင်၊ ဦးမျိုးဝင်း-ဒေါ်အေးအေးဟန်၊ ဒေါ်မိုးမိုးအေး တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး၄ယောက်တို့၏ အဘွားသည် ၇-၂-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၂း၄၅ နာရီတွင် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးတရုတ်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## Fong Ngoon Kyin (ခ)

**ဦးလှဆွေ (၇၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်လမ်း၊ ခြံအမှတ်(၁၁)၊ ပတ်ဆွေ ဘုရားကျောင်းဝင်းနေ (ဦးဖောင်စုစင်-ဒေါ်ဝေါင်ငုတ်ဆောင်)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ (၁၆)လမ်းနေ (ဦးဝေါင်ငွန်ကောင်း-ဒေါ်လီဖိန်ဝှမ်း)တို့၏ သားသမက်၊ ဝေါင်ကျင်အွယ်(ခ)ဒေါ်လှသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဗိုလ်ဗိုလ်ဦး-ဒေါ်အိအိဇော်၊ ဦးမျိုးမျိုးအောင်၊ ဦးသန်းထွေး၊ Rachel Fong (ခ)ဒေါ်ညိုဇင်လှ (U.S.A)၊ Dawson Fong (ခ) ဦးထူးထူးအောင်-ဒေါ်စန်းသီတာလှိုင် (U.S.A) တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မအိသဉ္ဇာဗိုလ်၊ မောင်ဉာဏ်လင်းဗိုလ်၊ Brady Fong(ခ) မောင်စိတ္တရတို့၏ ချစ်လှစွာသောအဘိုးသည် ၅-၂-၂၀၁၆ ရက် နံနက် ၀၀း၄၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၆ ရက် နံနက် ၁၁ နာရီတွင် ရေဝေး ကောင်းတုံတရုတ်သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သီသီ (၄၈)နှစ်

**(သုဝဏ္ဏ)**

